တိုက်စိုး
မင်းယုဝေ

ပြန်ဆိုသည်။

# စန္ဒကိန္နရီ

နှင့်

၅၅၀ ဇာတ်ဝတ္ထု ၂၅ ပုဒ်



**စိတ်ကူးချိုချိုအနုပညာ**

(၈၅) ၁၆၄–လမ်း၊

တာမွေ၊ ရန်ကုန်။

ဖုန်း – ၇၂၆၆၂၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးချိုချို

# စန္ဒကိန္နရီ နှင့်

# ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု ၂၅ ပုဒ်

## တိုက်စိုး ၊ မင်းယုဝေ

ပြန်ဆိုသည်

၂၀၀၃ ခုနှစ် စက်တင်ဘာလ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၂၆၇ /၂၀၀၃ (၄) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၈၃/၂၀၀၃ (၇) |

| | |
|---|---|
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ပြည်လမ်း၊ ကမာရွတ်<br>ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | စက်တင်ဘာလ၊ ၂၀၀၃ |
| တန်ဖိုး | ၄၀၀ ကျပ် |

# မာတိကာ


– အမှာစာ
၁။ စန္ဒကိန္နရီ (၄၈၅)
၂။ ရစာသစ်ပင် (၁၂၁)
၃။ တင်ကျိုးငှက် (၂၀၄)
၄။ တောမီး (၃၆)
၅။ ခြင်္သေ့မနှင့် မြေခွေး (၁၅၂)
၆။ သတိပြုလော့ အို မြေခွေး (၁၅၇)
၇။ ခွေးခြင်္သေ့ (၁၈၈)
၈။ ခြင်္သေ့နှင့် တောဝက် (၁၅၃)
၉။ မြေပြိုခြင်း (၃၂၂)
၁၀။ အို ရွှေခြေပိုင်ရှင် (၃၅၉)
၁၁။ ဆတ်လိမ္မာ (၂၁)
၁၂။ ဆတ်၊ လိပ်နှင့် ခေါက်ရှာငှက် (၁၃)
၁၃။ ရောဟဏရွှေသမင် (၁၄)
၁၄။ နိဂြောဓရွှေသမင် (၁၅)
၁၅။ သမင်နှင့် ဘုရင် (၁၆)
၁၆။ မိကျောင်းနှင့် မျောက် (၁၇)
၁၇။ မျောက်နှင့် ရေဘီလူး (၁၈)
၁၈။ မဟာနန္ဒိယမျောက်မင်း (၁၉)
၁၉။ မဟာကပိ (၄၀၇)
၂၀။ သက် ၆၀ ရွယ်ဆင် (၃၅၇)
၂၁။ ဆင်ဖြူ (၇၂)
၂၂။ ခွေးဝင်စား (၂၂)
၂၃။ ပုဏ္ဏားလုလင် (၃၈၉)
၂၄။ ဆဒ္ဒန်ဆင်မင်း (၅၁၄)
၂၅။ မင်္ဂလာဆင်ဖြူတော် (၁၂၂)


( ) လက်သည်းကွင်းအတွင်းမှ ဂဏန်းမှာ ဇာတ်တော်အမှတ် ဖြစ်ပါသည်။

# အမှာစာ

ဤစာအုပ်တွင် ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ၂၅ ပုဒ်ကို အကျဉ်းချုပ် တင်ပြထားပါသည်။ အိသယ်ဗဲဆွစ်၏ 'ဇာတကဝတ္ထုများ' စာအုပ်မှ တိုက်စိုးနှင့် မင်းယုဝေတို့ နှစ်ဦးပေါင်း ပြန်ဆိုချက် ဖြစ်ပါသည်။ ဤသို့ ပြန်ဆိုရာ၌ ညောင်ကန်ဆရာတော် ဦးကဝိန္ဒ၊ ဦးဖိုးကျား၊ ဦးကြီးဖေတို့၏ မြန်မာဘာသာပြန်မှုများ၊ ကောင်ဝယ်၊ ရိဒေဗစ်တို့၏ အင်္ဂလိပ်ပြန်မှုများကိုလည်း ကျမ်းပြုသူများက လေ့လာခဲ့ပါကြောင်း တင်ပြလိုပါသည်။

# စန္ဒကိန္နရီ

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ခမည်း တော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသည်။ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် ဗုဒ္ဓက မိမိသည် ရာဟုလာ၏ မယ်တော် ယသော်ရောထံ ကြွချီလိုသည်ဟု မိန့်တော်မူ၏။

ထိုအကြောင်းကို ယသော်ရော ကြားသိရသောအခါ ဗုဒ္ဓကိုကြိုဆိုရန် ပြင်ဆင်သည်။ ဗုဒ္ဓ ကြွတော်မူလာသောအခါ ယသော်ရောသည် ရိုသေလေးမြတ်စွာ ခရီးဦးကြိုပြုသည်။

သုဒ္ဓေါဒနမင်းကြီးက ဗုဒ္ဓသည် စည်းစိမ်ဥစ္စာကို စွန့်လျက် သလုံးမြင်းခေါင်းဖြင့် ရင်း၍ရအပ်သော ဆွမ်းဖြင့်သာ အသက် မွေးသော ရဟန်းအသွင်ယူကာ သစ္စာတရားကို ရှာဖွေစဉ် ချွေးမတော် ယသော်ရော သည်လည်း ဗုဒ္ဓနည်းတူပင် လက်ဝတ် တန်ဆာ ရတနာအားလုံးကို စွန့်ခဲ့သည်။ နံ့သာတို့ကို စွန့်ခဲ့သည်။ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ခဲ့သည်။ "ယသော်ရောသည် အရှင်ဘုရားအပေါ် အလွန်သစ္စာရှိခဲ့ပေ သည်တကား" ဟူ၍ ဗုဒ္ဓအား လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓက ယသော်ဓရာသည် ယခုဘဝတွင်သာ မိမိအပေါ် ချစ်မြတ်နိုး၍ သစ္စာရှိခဲ့သည်မဟုတ်၊ ရှေးအတိတ်ဘဝကလည်း ချစ်မြတ်နိုး၍ သစ္စာရှိခဲ့သည်ဟူ၍ မိန့်တော်မူလေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ကိန္နရာမျိုး၌ဖြစ်၍ စန္ဒ အမည်တွင်၏။ ထို စန္ဒကိန္နရာသည် ခင်ပွန်းဖြစ်သူ စန္ဒကိန္နရီနှင့်အတူ ဟိမဝန္တာအရပ်ရှိ စန္ဒပဗ္ဗတ (လမင်းတောင်) မည်သော ငွေတောင်၌နေ၏။

သူတို့ မောင်နှံသည် မိုးရာသီအချိန်တွင် တောင်ပေါ်၌နေကြ၏။ မိုးရာသီကုန်ဆုံး၍ နွေရာသီသို့ ရောက်လာသောအခါတွင်ကား တောင်ခြေသို့ ဆင်းကြသည်။ ယင်းသို့ ဆင်းသက်သည်မှာ ထိုတောင်ခြေရှိ သစ်ပင်များ၊ မြက်ပင်များအကြားဝယ် ကစားနိုင်သောကြောင့် ဖြစ်သည်။ ထိုတောင်ခြေရှိ စမ်းချောင်းများ၌ ရေချိုးနိုင်သောကြောင့် ဖြစ်သည်။

ပူအိုက်သောနွေရာသီ၏ နေ့တစ်နေ့တွင် စန္ဒကိန္နရာသည် နံ့သာကို လိမ်းကျံ၏။ ပန်းဝတ်မှုန်တို့ကို စား၏။ ပန်းပုဆိုးကို ဝတ်ဆင်၏။ ပြီးသော် ပျော်ရွှင်စွာသီချင်းဆိုကာ စမ်းချောင်းအနီးတွင် ပေါက်လျက်ရှိသော နွယ်ပုခက်ကိုစီး၍ ကစား၏။

ထို့နောက် စန္ဒကိန္နရာသည် စန္ဒကိန္နရီနှင့်အတူ စမ်းချောင်းတွင်းသို့ ဆင်း၍ ရေချိုး၏။ သူတို့သည် ရေထဲတွင် အချင်းချင်း ကျီစယ်လျက် ရေ၌ ပန်းတို့ကိုကြဲလျက် ရေကစားကြ၏။

သူတို့သည် အားရအောင် ရေကစားကြပြီးသော် ရေမှ တက်ကြ၏။ သူတို့၏ ပန်းဝတ်တန်ဆာတို့ကို တစ်ဖန် ဆင်မြန်းကြ၏။ ထို့နောက် ငွေပြားအဆင်းရှိသော သဲသောင်ပြင်၌ ပန်းမွေ့ရာခင်းကာ ပျော်ရွှင်ချမ်းမြေ့

စွာ လျှောင်းစက်၏။

ခဏကြာသော် စန္ဒကိန္နရာသည် ဝါးလုံးကိုတီး၏။ စန္ဒကိန္နရီက က၏။ ဆိုင်းချက်နှင့်အညီ စန္ဒကိန္နရီသည် ညင်သာစွာ ကခုန်လေသည်။ ဤသာယာချမ်းမြေ့သော နေရာဌာနသို့ လူသားတစ်ယောက် ရောက်လာခဲ့တော့သည်။

မကြာမြင့်မီကပင် ဗာရာဏသီမင်းသည် ထီးနန်းကို ခေတ္တ စွန့်ခွာလျက် ဟိမဝန္တာသို့ သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အတိုင်း သူသည်လာခဲ့ရာ ကိန္နရာ ကိန္နရီမောင်နှံတို့ ကစားမြူးထူးရာ သည်နေရာ သည်စမ်းချောင်းသို့ ရောက်လာခြင်းဖြစ်သည်။ ဗာရာဏသီမင်းသည် ဝါးလုံးတီးခတ်သံကို ကြားသဖြင့် ခြေသံမကြားစေဘဲ အနီးသို့ ချဉ်းကပ်သွား၏။

မင်းသည် စန္ဒကိန္နရီကို မြင်လျှင်မြင်ချင်း ချစ်ခင်တက်မက်သောစိတ် ဖြစ်ပေါ်လာ၏၊ သို့ဖြင့် သူသည် စန္ဒကိန္နရီကို ရယူသိမ်းပိုက်ရန် လေးကိုတင်၍ လင်ဖြစ်သူကိန္နရာဖိုကို မြားဖြင့် ပစ်လေသည်။

စန္ဒကိန္နရာသည် မြားဒဏ်ကြောင့် အော်ညည်းကာ စန္ဒကိန္နရီကို ကျောခိုင်းလျက် မြေသို့ လဲကျသွားရှာသည်။ စန္ဒကိန္နရီသည် ချစ်လင်၏ အော်သံကြားသဖြင့် အနီးသို့ လျင်မြန်စွာ ပြေးသွား၏။ အဘယ်သို့ ဖြစ်လေသနည်းဟု စုံစမ်း၏။ ထိုအခါ ချစ်လင်ကိုယ်၌ မြားဒဏ်ရာကို တွေ့ရှိသည်။ ရှေ့နောက်ဝဲယာကို ကြည့်ရှုရှာဖွေသည်တွင် ဗာရာဏသီမင်းကို မြင်လေသည်။

ဤတွင် စန္ဒကိန္နရီသည် ဗာရာဏသီမင်း၏ အနီးမှပြေးကာ တောင်ထိပ်ပေါ်ကနေပြီးလျှင် မင်းကို ကျိန်ဆဲလေတော့သည်။

ဟယ်–သူယုတ်မာမျိုး၊ ရာဇာဆိုးငဲ့

**စိတ်ကူးချိုချို**

မြတ်နိုး ချစ်ကြင်၊ ငါ့ ချစ်လင်သည်
အသင် ရက်စက်၊ မြားဒဏ်ချက်ဖြင့်
ခက်လက် ဝေဆာ၊ သစ်ရိပ်မှာဝယ်
ကြည်သာရွှင်စွာ၊ မြူးပျော်ရာမှ
ခုခါ လဲကျ၊ မြေဝယ်ခ၍
သောက ငါ၌ ရောက်ရပြီ။

အသင် မင်းတရား၊ သင် ရမ်းကား၍
သနားဖွယ်ရာ၊ ငါ့သက်လျာမှာ
သေရွာသို့ဆီ၊ မြန်းရပြီမို့
ငါသည် ပူဗျာ၊ သောကဖြာသို့
သင့်မှာ ချစ်ခင်၊ သင့် မိခင်လည်း
ပူပင်သောက ရောက်စေသော်။

အသင်မင်းတရား၊ သင် ရမ်းကား၍
သနားဖွယ်ရာ၊ ငါ့ သက်လျာမှာ
သေရွာသို့ဆီ၊ မြန်းရပြီမို့
ငါသည် ပူဗျာ၊ သောကဖြာသို့
သင့်မှာ သက်ထား၊ သင့် မယားလည်း
ကြီးမားသောက ကြုံစေသော်။

တဏှာရာဂ၊ သင် ထကြွ၍
ငါ့ကို လိုချင်၊ ပြစ်မဲ့စင်သည့်
ငါ့လင်ကိုသာ၊ သင်သတ်ပါ၍
သင့်မှာ ချစ်ခင်၊ သင့် မိခင်လျှင်

**စိတ်ကူးချိုချို**

သူ့လင် သူ့သား၊ သူ့သက်ထားတွက်
ကြီးမားသောက ကြုံစေသော်။

တဏှာရာဂ၊ သင် ထကြွ၍
ငါ့ကိုလိုချင်၊ ပြစ်မဲ့စင်သည့်
ငါ့လင်ကိုသာ၊ သင် သတ်ပါ၍
သင့်မှာ သက်ထား၊ သင့် မယားလျှင်
သူ့သား သူ့လင်၊ သူ့ ချစ်ကြင်တွက်
ပူပင်သောက ကြုံစေသော်။

စန္ဒကိန္နရီ၏ အကျိန်ဆဲရပ်သော တစ်ခဏတွင် ဗာရာဏသီမင်းသည် ဤသို့ ဆိုလေသည်။

အိုဘဲ့ အလှ၊ ချစ်နှမငဲ့
သောက ထွေကာ၊ မငိုပါနှင့်
မယ့်မှာ ဝိုးဝါး၊ အမြင်မှားထင့်
မယား ကိန္နရာ၊ ဘဝမှာလျှင်
ဘယ်မှာ ကြီးကျယ်၊ ဂုဏ်တင့်တယ်လိမ့်
မယ်တို့ နေရာ၊ သည်တောမှာလည်း
သာဖွယ် ကင်းစွ၊ သွေ့ခြောက်လှ၏
အလှဝေဖြာ၊ ရွှေနန်းမှာဝယ်
တောင်ညာဒေဝီ၊ မဟေသီလျှင်
ငါသည် မယ့်အား၊ နှင်းအပ်ထားမည်
ပျော်ပါးပါတော့ ကြည်ရွှင်လော့။

**စိတ်ကူးချိုချို**

စော်ကားမော်ကား သည့်စကားကို ကြားရသောအခါ စန္ဒကိန္နရီ သည် ပို၍အမျက်ဒေါသ ထွက်လာသည်။ ထို့ကြောင့် ခြသေ့်ဟောက်သံကဲ့သို့ ကျယ်လောင်စွာ ဟစ်အော် ပြောဆိုလေသည်။

ဟယ်–ယုတ်မာ စော်ကား၊ သည့်စကားကို
ပြောကြား ရိုင်းပျ၊ သင် မိုက်လှ၏
ငါ့ကိုသာလျှင်၊ သင်လိုချင်၍
ငါ့လင်ကိုသာ၊ သင် သတ်ပါလည်း
သည်ငါ သက်ဆင်း၊ သင့်လက်တွင်းသို့
အလျှင်း ရောက်မည်၊ မဟုတ်ပြီတည့်
ငါသည် ဝံ့စွာ၊ ငါ့ကိုယ်သာလျှင်
သတ်ကာ သေအံ့ နောက်မတွန့်။

ဗာရာဏသီမင်းသည် စန္ဒကိန္နရီကို သိမ်းပိုက်မရနိုင်ဟု သိမြင်လာ၏။ ထိုအခါ စန္ဒကိန္နရီအပေါ် သူ၏ တပ်မက်သော စိတ်တို့သည် ရတ်ခြည်းပေါ်လာသကဲ့သို့ပင် ရတ်ခြည်း ချုပ်ငြိမ်းသွားလေသည်။ သို့ဖြင့် သူက “သစ်ပင်ချုံနွယ်တို့ကို စားသော တိရိစ္ဆာန်တို့သည် တောအရပ်ကိုသာ နှစ်သက်ကြသည်။ အခြားအရပ်တွင် မပျော်မွေ့နိုင်ပါတကား” ဟု ဆိုကာ ထွက်ခွာသွားလေသည်။

ဗာရာဏသီမင်း ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် စန္ဒကိန္နရီသည် ချစ်လင်ရှိရာသို့ လျင်မြန်စွာ ပျံဆင်းလာ၏။ ထို့နောက် ချစ်လင်၏ ဦးခေါင်းကို ပေါင်ပေါ်တင်လျက် ကျယ်လောင်စွာ ငိုကြွေးမြည်တမ်း ရှာလေသည်။

လျှိုမြောင် တောင်တော၊ ဂူလိုဏ်ပေါ်သည့်

သာမောဖွယ်ရာ၊ သည်နေရာဝယ်
သည်းလျာချစ်ကြင်၊ ခင်ပွန်းလင်ကို
မမြင်ရပါ၊ ပူမီးဖြာပြီ
မယ့်မှာ အသို့ နေရအံ့။

သားရဲ ကျက်စား၊ လှည့်လည်သွား၍
ထူးခြား သာယာ၊ အလှဖြာခဲ့
ဝေဆာ သစ်ရွက်၊ ဖြန့်ကြဲလျက်တည့်
ညှံ့သက် အခင်း၊ မြေတလင်းဝယ်
ချစ်ခြင်း တူမျှ၊ ချစ်မဝသည့်
ချစ်စွာ ချစ်ကြင်၊ ခင်ပွန်းလင်ကို
မမြင်ရပါ၊ ပူမီးဖြာပြီ
မယ့်မှာ အသို့ နေရအံ့။

ဖွဲ့နွဲ့ငိုကြွေးရာမှ စန္ဒကိန္နရီသည် စန္ဒကိန္နရာဖို၏ ရင်ကို လက်တင်ထားရာ ပူနွေးလျက်ပင် ရှိနေသေးသည်ကို ခံစားရသည်။ ဤတွင် သူ၏ချစ်လင် မသေသေးကြောင်း သိရှိရသဖြင့် သူ့အားနတ်များ မစောင်မသည်ကိုပြစ်တင်မြည်တမ်းလေသည်။

စန္ဒကိန္နရီ၏ မေတ္တာအဟုန်ကြောင့် သိကြားမင်း၏နေရာ ဗိမာန်သည် ပူလာသည်။ သိကြားမင်းသည် ပုဏ္ဏားယောင် ဖန်ဆင်းပြီးလျှင်လူ့ပြည်သို့ ဆင်းသက်လေသည်။ စန္ဒကိန္နရီကို ကူညီစောင်မလေသည်။ သူသည် ကိန္နရာဖို၏ မြားဒဏ်ရာကို ရေစင်ဖြင့် ပက်ဖြန်းလိုက်လေရာ စန္ဒကိန္နရာသည် အနာချက်ချင်းပျောက်ကာ နေရာမှထတော့သည်။ မူလကအတိုင်းပင် ကျန်းမာပကတိရှိတော့သည်။

ကိန္နရာကိန္နရီ မောင်နှံတို့သည် ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းအား ဝမ်းမြောက်ဝမ်းသာပင် ကျေးဇူးစကား ဆိုကြသည်။ သိကြားမင်းက ကိန္နရာ ကိန္နရီ မောင်နှံတို့အား "ဤနေ့မှစ၍ လူတို့ ခရီးသွားရာ အရပ်ဖြစ်သည့် တောင်ခြေသို့ မဆင်းကျလင့်၊ တောင်ပေါ်၌သာ နေကျကုန်" ဟူ၍ ပြောဆိုဆုံးမကာ မိမိစံမြန်းရာနေရာသို့ ပြန်သွားလေသည်။

ကိန္နရာကိန္နရီ မောင်နှံသည်လည်း လွတ်လပ်ပျော်ရွှင်စွာဖြင့် တောင် ပေါ်သို့ ပျံသန်းသွားကြသည်။ ယင်းသို့ပျံသန်းသွားစဉ် စန္ဒကိန္နရီက ဤ သို့ တေးဆိုကျူးရင့်လေသည်။

လူသူကင်းရာ ငွေတောင်သို့
မောင်မယ်နှစ်ဦး သွားကြစို့
မြစ်တို့စီးဖြာ တောင်ပေါ်မှာ
ပန်းပွင့် ပန်းဖူး ဝေဝေဆာ
ညင်းညင်းသာသာ လေချိုသွေး
ဆိုကာဖွဲ့ကာ အချစ်တေး
မောင်မယ်အစဉ် ကြည်ချိုအေး။

ဗုဒ္ဓသည် ဤဇာတ်ကိုဟောပြီးသောအခါ "ယသော်ဓရာသည် ယခုမှသာ ငါ့အပေါ် မေတ္တာထား၍ သစ္စာစောင့်စည်းခဲ့သည်မဟုတ်၊ ရှေးယခင်ကလည်း မေတ္တာထား၍ သစ္စာစောင့်စည်းခဲ့ပေသည်" ဟူ၍ မိန့်တော်မူလေသည်။

ထို့နောက် ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ရာဟုလာ၏ မိခင်သည် စန္ဒကိန္နရီဖြစ်ခဲ့သည်။ ငါသည် စန္ဒကိန္နရာ ဖြစ်ခဲ့သည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ရှုစားသစ်ပင်

တစ်ရံရောအခါ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် သူဌေး တစ်ဦးသည် သူဆင်းရဲတစ်ဦးနှင့် အဆွေခင်ပွန်းပြု၏။ သူဌေး၏မိတ်ဆွေများက သူဆင်းရဲသည် နိမ့်ကျသူဖြစ်သဖြင့် အဆွေခင်ပွန်းမပြုရန် တားမြစ်ကြ၏။ သို့ရာတွင် သူဌေးသည် လက်မခံပေ။ အဆွေခင်ပွန်းဖြစ်မှုသည် အဆင့်အတန်း ညီမှု မညီမှုပေါ်တွင် မတည်ပါဟု ပြန်လည်ပြောဆို၏။ သူသည် ခရီးသွားသောအခါ သူ၏ပစ္စည်းဥစ္စာတို့ကို သူဆင်းရဲ အဆွေခင်ပွန်း၏လက်တွင် ယုံကြည်စိတ်ချစွာ အပ်နှံထားခဲ့၏။ သူယုံကြည်သည့်အတိုင်းပင် ထိုပစ္စည်းဥစ္စာတို့သည် မလျော့ပါးသည်သာမက သူဆင်းရဲလက်တွင် တိုးပွား၍ပင် လာခဲ့၏။

ထိုအကြောင်းကို သူဌေးသည် ဗုဒ္ဓ အား လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက "အဆွေခင်ပွန်းကောင်းမည်သည် နိမ့်ကျသည်ဟူ၍ မရှိ။ အဆွေခင်ပွန်းဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်နိုင်မှုသည်သာ ပဓာနဖြစ်သည်" ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

**စိတ်ကူးချိုချို**

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဘုရင့်ဥယျာဉ်တွင်းရှိ သမန်းမြက်ချုံကို စောင့်ရသော သမန်းမြက်ချုံစောင့်နတ် ဖြစ်ခဲ့၏။ ထို သမန်းမြက်ချုံအနီးတွင် 'ရုစာ' အမည်ရှိသော သစ်ပင်တစ်ပင်လည်းရှိ၏။ ထိုသစ်ပင်သည် ပင်စည်ဖြောင့်၏။ မြင့်၏။ အခက်အလက် ဝေဆာ၏။ ဘုရင်သည် ထိုသစ်ပင်ကို အလွန်နှစ်သက်မြတ်နိုးသဖြင့် မိမိထိုင်ရာ ကျောက်ဖျာကို ထိုအပင်အနီးမှာပင် ထား၏။ ထိုရုစာသစ်ပင်စောင့်နတ်နှင့် သမန်းမြက်ချုံစောင့်နတ်တို့သည် လွန်စွာချစ်ကျွမ်းဝင်သော အဆွေခင်ပွန်း များ ဖြစ်ကြ၏။

တစ်နေ့သ၌ ဘုရင့်နန်းပြာသာဒ်တိုင်သည် နဲ့လာသဖြင့် အခြားတိုင် တစ်လုံးဖြင့် အစားထိုးရန် အရေးပေါ်လာ၏။ ဤတွင် လက်သမားတို့သည် ဖြောင့်တန်း၍ ရှည်လျားတုတ်ခိုင်သော ပင်စည်နှင့် သစ်ပင်ကို လိုက်လံရှာ ဖွေကြ၏။ နောက်ဆုံး၌ သူတို့သည် ရုစာသစ်ပင်ကို တွေ့ရှိကြသည်။ ယင်းသည် သူတို့အလိုရှိသော သစ်ပင်အမျိုးအစားပင်ဖြစ်သည်။ သို့ရာတွင် ထိုသစ်ပင်ကို ဘုရင်မြတ်နိုးကြောင်း သူတို့သိရှိရသဖြင့် ဘုရင်ကို လျှောက် ထားခြင်းမပြုဘဲ ခုတ်လှဲခြင်း မပြုဝံ့ကြပေ။ ဘုရင်သည် ထိုသစ်ပင်ကို နှစ်သက်မြတ်နိုးသော်လည်း ခုတ်လှဲရန် အမိန့်ပေးလိုက်လေသည်။

လက်သမားတို့သည် ရှေးဦးစွာ ရုစာသစ်ပင်ကို ပူဇော်ပသကြ၏။ ထို့နောက် နောက်တစ်နေ့တွင် ခုတ်လှဲရတော့မည်ဖြစ်ကြောင်း အသိပေး တိုင်ကြား၏။

ထိုအကြောင်းကို ရုစာသစ်ပင်စောင့်နတ် ကြားသိရသောအခါ ပြင်းစွာငိုကြွေး၏။ အခြားသစ်ပင်စောင့်နတ်များသည်လည်း သူ့ထံလာ၍ သတင်းမေးကြ၏။ သို့ရာတွင် တစ်စုံတစ်ရာကား ကူညီခြင်းမပြုနိုင်ကြပေ။

ထိုညတွင် သမန်းမြက်ချုံစောင့်နတ်သည် ရုစာသစ်ပင်စောင့်နတ်

ထံသွားရာ အကြောင်းစုံကို သိရှိရ၏။ ဤတွင် သူသည် သူ၏အဆွေခင်ပွန်းကို ကယ်တင်ရန် ဆုံးဖြတ်လိုက်လေသည်။

လက်သမားတို့ရောက်လာသောအခါ သမန်းမြက်ချုံစောင့်နတ်သည် ပုတ်သင်အသွင် ဖန်ဆင်းလိုက်၏။ ပြီးသော် ရစာသစ်ပင်၏ အမြစ်ကြားသို့ သွားရောက်ဝင်နေ၏။ ထို့နောက် ရစာသစ်ပင်၏ပင်စည်တွင် အခေါင်းများရှိဟန်ပြုကာ အမြစ်ကြားမှသည် ပင်စည်ထိပ်ဖျားရှိ အခက်အလက်များဆီသို့ တက်သွား၏။ ထိပ်သို့ရောက်သောအခါ သူသည် အကိုင်းတစ်ခုပေါ်တွင် ဝပ်လျက် ဦးခေါင်းညိတ်ကာ နေ၏။

အကြီးအမှူး လက်သမားဆရာသည် ပုတ်သင်ကိုမြင်သဖြင့် သစ်ပင်ကို လက်ဖြင့်ပုတ်၍ "သည်သစ်ပင်မှာ အခေါင်းရှိသည်။ အနှစ်မရှိ။ မနေ့က မစဉ်းစားမိဘဲ ပူဇော်ပသခဲ့မိသည်" ဆိုလေ၏။

ထို့နောက် သူသည် အခြားသင့်လျော်ရာ အပင်ကို ရှာဖွေရန် ထွက်ခွာသွားလေသည်။

ထိုအခါ သစ်ပင်စောင့်နတ်အားလုံးက သူတို့သည် သမန်းမြက်ချုံစောင့်နတ်ထက် ကြီးမြင့်ကြွခိုင်ကြသော်လည်း ရစာသစ်ပင်စောင့်နတ်ကို မကယ်နိုင်ကြ။ သမန်းမြက်ချုံစောင့်နတ်သည် နိမ့်ကျသော်လည်း တော်ပါပေသည်တကားဟူ၍ ဝိုင်းဝန်း ချီးကျူးကြသည်။ ဤတွင် ရစာသစ်ပင်စောင့်နတ်က ဤသို့ ကျူးရင့် မြည်တမ်းလေသည်။

မြင့်သူ နိမ့်သူ တူညီသူ
အားလုံး အတူတူ၊
ဘေးရန်ဟူသမျှ ကြုံတွေ့က
စွမ်းအင် ရှိသမျှ ကူညီကြ

**စိတ်ကူးချိုချို**

ငါ့မှာဒုက္ခ ကြုံတွေ့ရာ
သမန်းနတ်ဆွေ ကယ်တင်ရာ
ဘေးဘယာကင်းလို့ ရှင်ချိုပြုံး
တုယူကြပါ ငါတို့ထုံး။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် အာနန္ဒာသည် ရစာသစ်ပင်စောင့်နတ် ဖြစ်သည်။ ငါကား သမန်းမြက်ချုံစောင့်နတ် ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# တင်ကြီးငှက်

တစ်နေ့သ၌ ရဟန်းများသည် ဒေဝဒတ်ထံ သွားရောက်ကြ လေသည်။ ရဟန်းများပြန်လာသောအခါ ဗုဒ္ဓက ဒေဝဒတ်သည် ရဟန်းတို့ကို မည်သို့ ပြောဆိုဆက်ဆံပါ သနည်းဟု ရှင်သာရိပုတ္တရာအား မေးမြန်းတော်မူ၏။

ရှင်သာရိပုတ္တရာက ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်၏ အတုကိုယူ၍ ဆက်ဆံပြောဆို ပြုမူပေသည်ဟု လျှောက် ထား၏။

ထိုအခါ ဗုဒ္ဓက ဒေဝဒတ်သည် ယခုမှသာ ငါဘုရား ၏အတုကို ပြုခဲ့သည်မဟုတ်။ ရှေးအခါကလည်း ငါဘုရား ၏ အတုကိုယူ၍ ပြုခဲ့သဖြင့် ပျက်စီးခဲ့ဖူးပေသည် ဟူ၍ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဟောတော်မူလေသည်။

*

**စိတ်ကူးချိုချို**

တစ်ရံရောအခါ ဘုရားလောင်းသည် တင်ကျီးငှက်အမျိုး၌ ဖြစ်၏။ အမည်အားဖြင့် ဝိရက တွင်၏။ အစာရှိရာ ရေအိုင်တစ်ခုအနီးတွင်နေ၏။

ထိုအချိန်တွင် ကာသိတိုင်း (ဗာရာဏသီပြည်)၌ ငတ်မွတ်ခေါင်းပါးသောဘေး ဆိုက်ရောက်၏။ ထိုအခါ လူတို့တွင် ကျီးငှက်တို့ကို ကျွေးရန် အစာကြွင်း အစာကျန်တို့ မရှိကြပေ။ ကျီးငှက်တို့သည် ငတ်မွတ်ခြင်းဘေးမှ ကင်းလွတ်ရန် မင်းနေပြည်ကိုစွန့်ခွာ၍ တောသို့ ဝင်ကြသည်။

ယင်းတို့တွင် သဝိဋ္ဌကမည်သော ကျီးတစ်ကောင်လည်း ပါဝင်၏။ ထိုကျီးသည် ကျီးမနှင့်အတူ ဝိရက တင်ကျီးနေရာအရပ်သို့ လာရောက်ကာ ရေအိုင်အနီးတွင် အသိုက်လုပ်လျက် နေထိုင်လေသည်။

ဝိရက တင်ကျီးသည် ရေအိုင်တွင်းသို့ သက်၍ ငါးကို စားပြီးလျှင် ရေအိုင်သို့တက်၍ ကိုယ်ကို နေလှန်းသည်။ ထိုအခြင်းအရာကို သဝိဋ္ဌက ကျီးသည် မြင်တွေ့၏။ ငါးရရန်အတွက် ငါသည် ရှေ့ဦးစွာ တင်ကျီးအပါး၌ ခစား၍ အကျွမ်းဝင်စေမည်ဟု ကြံစည်၏။

သို့ဖြင့် သဝိဋ္ဌကကျီးသည် ဝိရက တင်ကျီးနောက်သို့ ကပ်၍ လိုက်လေသည်။ ထိုအခါ ဝိရက တင်ကျီးက "သင် ဘာကို အလိုရှိပါသနည်း" ဟု မေး၏။ သဝိဋ္ဌက က "အကျွန်ုပ်သည် အရှင့်ကို အခစားပြုလိုပါသည်" ဟု ဆို၏။ ဝိရက တင်ကျီးက လိုက်လျောခဲ့လေသည်။

ထိုအခါမှစ၍ ဝိရက တင်ကျီးသည် ရေအိုင်သို့သက်ကာ ငါးတို့ကို ဖမ်း၍စားပြီးလျှင် ကြွင်းကျန်သည်တို့ကို သဝိဋ္ဌက ကျီးအား ပေး၏။ သဝိဋ္ဌကလည်း ဝလင်စွာစား၍ ကြွင်းကျန်သည်တို့ကို ကျီးမအား ပေး၏။

ယင်းသို့ နေလာရာမှ ကာလအတန်ကြာသော် သဝိဋ္ဌက ကျီးသည် မာနတက်လာလေသည်။ ငါသည် တင်ကျီးနှင့် အဆင်းအရောင် ပုံသဏ္ဌာန်

တူမျှသည်။ အဘယ်ကြောင့် ငါသည် ငါးကိုမဖမ်းနိုင်ဘဲ ရှိအံ့နည်းဟူ၍ အကြံအစည် ဖြစ်လာ၏။ သို့ဖြင့် တင်ကျီးငှက်ထံ ချဉ်းကပ်ပြီးလျှင် သူကိုယ်တိုင် ငါးဖမ်းစားတော့မည်ဖြစ်ကြောင်း ပြောဆို၏။

ထိုအခါ ဝိရက တင်ကျီးက ကျီးငှက်မျိုးသည် တင်ကျီးငှက်မျိုးကဲ့သို့ ရေ၌ ကျက်စားသော အမျိုးမဟုတ်၍ ရေသို့ သက်နိုင်မည်မဟုတ်ကြောင်း ပြောဆိုတားမြစ်၏။

သဝိဋ္ဌကမှာ မာနတက်နေသဖြင့် ဝိရက၏စကားကို နားမဝင်။ သူသည် တင်ကျီးငှက်၏ အတုကိုယူကာ ရေအိုင်သို့ သက်၏။ ရေတွင်ငုပ်၏။ ထိုအခါ မှော်အောက်သို့ ရောက်သွား၏။ သူသည် မှော်ကိုဖောက်၍ မထွက်နိုင်။ မှော်တွင်ငြိနေသဖြင့် နှုတ်သီးများသာပေါ်၍ အသက်မရှူနိုင်တော့ဘဲ ရေနစ်သေရှာလေသည်။

သဝိဋ္ဌက ပြန်ရောက်မလာသဖြင့် ကျီးမက ဝိရကအား မေးမြန်းလေသည်။

ဥဒေါင်းပမာ
ရောင်ဝါ တောက်ပ၊ လည်တိုင်လှ၍
ချိုမြ သံသာ၊ ကျူးရင့်ပါသော
သက်လျာ ချစ်ကြင်၊ ကျွန်မ လင်ကို
အရှင်ဝိရက မြင်ပါစ။

ထိုအခါ ဝိရက က ပြန်လည် ပြောပြသည်မှာ –

သင့် ချစ်လင်မှာ
ရေတွင်ပိုင်စိုး၊ ရေငုပ်လျှိုးသည့်
ငှက်မျိုး ဘယ်မှာ၊ မဟုတ်ပါလည်း

ရေမှာ စွန့်စား၊ ငုပ်လျှိုးသွား၍
မော်ကြား ကျရောက်၊ ရေပြင်အောက်ဝယ်
သက်ပျောက်ခဲ့ရ ရှာပြီတကား။

အကြောင်းစုံကို ကျိုးမ ကြားသိရသောအခါ ငိုကြွေးရှာသည်။ ထို့နောက် မူလနေရာ ကာသိတိုင်းသို့ ပြန်သွားလေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် သဝိဋ္ဌကကျိုး ဖြစ်သည်၊ ငါသည် ဝိရကတင်ကျိုး ဖြစ်သည်ဟူ၍ ဇာတ်ပေါင်းတော် မူလေသည်။

*

# တောမီး

ဗုဒ္ဓသည် နောက်ပါ ရဟန်းများနှင့်အတူ တောအုပ် တစ်ခုအနီး ဝယ် ခရီးဒေသစာရီ ကြွချီတော်မူစဉ် ဤဇာတ်ကို ဟောတော်မူခြင်း ဖြစ်သည်။

ဗုဒ္ဓသည် ခရီးဒေသစာရီ ကြွချီတော်မူစဉ် ရတ်တရက် တောမီးလောင်သည်ကို ကြုံတွေ့ရသည်။ ဗုဒ္ဓကား မမှု။ ရှေ့သို့ ဆက်လက်ကြွချီမြဲ ကြွချီသည်။ ထိုအခါ နောက်ပါ ရဟန်းအချို့သည် ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် တောမီး မကူးစက်နိုင်အောင် မလောင်သေးသောနေရာ၌ လောင်စာတို့ကို အဘယ်ကြောင့် တင်ကြို၍ မီးရှို့ထားခြင်း မပြုပါသနည်း ဟူ၍ အချင်းချင်းဆိုကြ၏။ ရဟန်းအချို့ကလည်း ဗုဒ္ဓခြေတော်ရင်း၌ ချဉ်းကပ်နေရလျှင် ဘေးရန်ကင်းဝေးလိမ့်မည်ဟူ၍ ဆိုကြသည်။

ဤတွင် ဗုဒ္ဓသည် တစ်နေရာ၌ ရပ်တန့်တော်မူလိုက်သည်။ နောက်ပါ ရဟန်းတို့သည်လည်း ဗုဒ္ဓထံချဉ်းကပ်

စုရုံးလာ ကြ၏။ ထိုအချိန်ဝယ် တောမီးသည် လောင်ကျွမ်းနေရာမှ ဗုဒ္ဓရှိရာအရပ်သို့ ရောက်သောအခါ ရပ်တန့်ငြိမ်းအေးသွား၏။

ရဟန်းတို့လည်း ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်ကို ထုတ်ဖော်ချီးကျူးကြ၏။ ထိုအခါ ဗုဒ္ဓက သည်အရပ်ကို တောမီးမလောင်နိုင်သည်မှာ ယခု ငါဘုရား၏ အစွမ်းတော်ကြောင့်မဟုတ်။ ရှေးနှစဉ်အခါက ပြုခဲ့ဖူးသော (သစ္စာ) အစွမ်းတော်ကြောင့် ဖြစ်ပေသည်ဟူ၍ ဆိုကာ အောက်ပါဇာတ်ကို ဟောတော် မူလေသည်။

*

တစ်ရံရောအခါ ဘုရားလောင်းသည် ငုံးငှက်မျိုး၌ ဖြစ်၏။ သူသည် အမိအဖတို့နှင့်အတူ တောအုပ်တစ်အုပ်ရှိ အသိုက်တစ်ခုတွင်နေ၏။

ငှက်တို့ ဘာသာဘာဝအတိုင်းပင် ဘုရားလောင်း ငုံးငှက်ငယ်၏ အမိအဖတို့သည် အဝေးသို့ ပျံသန်း၍ အစာရှာလေ့ရှိ၏။ ထို့နောက် သားငယ်အတွက် အစာကို ဆောင်ယူလာကာ ကျွေးမွေး၏။ ငုံးငှက်ငယ်မှာ အစာကို စားရသော်လည်း ငယ်သေးသဖြင့် အတောင်ဖြန့်၍ ပျံသန်းနိုင်စွမ်း မရှိပေ။

တစ်ညသ၌ တောတစ်ခုလုံး သဲသဲရုတ်ရုတ်ဖြစ်၏။ ကြီးစွာသော တောမီးသည် ပြင်းစွာကူးစက်လောင်ကျွမ်းလာ၏။ သားရဲ တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများသည် ထိုအဖြစ်ကို သိရှိကြ၏။ ဤတွင် ငုံးငှက်ငယ်၏ မိဘများပါမကျန် ထွက်ပြေးနိုင်စွမ်းရှိသော တိရစ္ဆာန်အားလုံး လွတ်ရာသို့ ထွက်ပြေးကြ၏။ ငုံးငှက်ငယ်မူကား ထွက်ပြေးနိုင်စွမ်းမရှိသဖြင့် အသိုက်တွင်းမှာပင် ဝပ်လျက် နေရရှာလေသည်။

အစတွင် ငုံးငှက်ငယ်သည် ကြောက်ရွံ့သဖြင့် မလှုပ်မရှားနေ၏။ သို့ရာတွင် တောမီးသည် မြည်ဟည်းကာ နီးသည်ထက်နီး၍ မီးတောက်များ လင်းသည်ထက် လင်းလာသောအခါတွင် သူသည် အနည်းငယ် အကြောက် ပြေလာသည်။ ထို့နောက် မီးသည် အလွန်နီးကပ်လာသော အခါတွင်ကား သူသည် လုံးဝမကြောက်တော့။ သတ္တိကို မွေးလိုက်သည်။ ငါသည် အတောင်ဖြင့်လည်း မပျံနိုင်၊ ခြေဖြင့်လည်း မသွားနိုင်၊ ငါ့အား ကာကွယ် စောင့်ရှောက်ကြမည့် ငါ့မိငါ့ဖတို့လည်း မရှိကြတော့။ အသို့လျှင် ငါသည် ပြုရအံ့နည်းဟူ၍ စဉ်းစား၏။ သို့စဉ်းစားရာမှ တစ်စုံတစ်ရာကို ဆင်ခြင်မိ၏။ ငါ့၌ ကံတရားမှတစ်ပါး အခြား ကိုးကွယ်ရာမရှိ။ ငါသည် မှန်သောစကားကို ဆိုလျက် သစ္စာပြုခြင်းဖြင့် တောမီးကို ဖယ်စေအံ့၊ ငါနှင့်တကွ ကြွင်းကျန်ရစ် သော ငှက်အပေါင်းတို့ ချမ်းသာရာရစေအံ့ ဟူ၍ အကြံဖြစ်ပေါ်လာသည်။ သို့ဖြင့် သူသည် တောမီးကို ဤသို့ဆိုလေသည်။

အို–ဇာတဒေဝ၊ ပူလောင်လှသည့်
ပြင်းစွာ့လောင်ငြီး၊ တောနတ်မီး
ကိုယ်တည်း ငါ့မှာ၊ ဖမိကွာခဲ့
ပျံရာတောင်ပံ၊ ရှိလေပြန်လည်း
မပျံနိုင်ပါ၊ မစွမ်းသာ၍
သွားရာခြေများ၊ ရှိလေငြားလည်း
မသွားနိုင်ပါ၊ မစွမ်းသာပြီ
ဖဲခွာပါလော့ ရှောင်ပါလော့။

သစ္စာစကားကို ကြားရသောအခါ တောမီးသည် ရပ်တန့်၍ ရုတ် တရက် ငြိမ်းအေးသွား၏။ အခိုးအလျှံတို့ ကင်းစင်သွား၏။ ဤတွင်

သားရဲတိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများသည် ထွက်ပြေးရာမှ တစ်ဖန်ပြန်လာကြ၏။ လဝန်းသည်လည်း ညဥ့်ကောင်းကင်ပြင်၌ အေးဆေးစွာ ထွက်ပြူလာ၏။ လောကဓာတ် တစ်ခွင်လုံးဝယ် ငြိမ်းချမ်းသာယာခြင်း ပြန်လည်လွှမ်းခြုံခဲ့လေပြီ။

ထိုအခါ ငုံးငှက်ငယ်က ဤသို့ ကျူးရင့်လေသည်။

သစ္စာပြုခဲ့၊ ငါ ဆိုခဲ့၍
တစ်ဆယ့်ခြောက်ပယ်၊ မြေအကျယ်လျှင်
ရောင်ဖယ်ကင်းကွာ၊ မီးလွတ်ပါ၍
မီးမှာ တခြား၊ ရွှေ့မသွားဘဲ
ထင်ရှားတစေ၊ မီးငြိမ်းသေသည်
ရေစင်ပက်ဖျန်း သွန်းသည်သို့။

ဤအဖြစ်သည် ကမ္ဘာ့အံ့ဖွယ်လေးပါးတွင် တစ်ပါး အပါအဝင် ဖြစ်သည်။ ငုံးငှက်၏ သစ္စာပြုမှုကြောင့် တောမီးသည် ထိုတောအရပ်တွင် မည်သည့်အခါမျှ မလောင်ကျွမ်းတော့ပေ။

*

ဗုဒ္ဓက အတိတ်ကို ဆောင်ပြီးနောက် ယခု ငါ၏ခမည်းတော် မယ်တော်တို့သည် ငုံးငှက်အဖ၊ ငုံးငှက်အမိတို့ ဖြစ်ခဲ့သည်။ ငုံးငှက်ငယ်ကား ငါဘုရားပင် ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ခြသေ့်မနင့် မြေခွေး

ဗုဒ္ဓသည် သက်တော်ထင်ရှားရှိစဉ် ဆတ္တာသည်၏ သားလုလင် တစ်ယောက်နှင့် စပ်လျဉ်း၍ ဤဇာတ်ကို ဟော တော်မူသည်။

ဆတ္တာသည် သည်သဒ္ဓါယုံကြည်မှုနှင့်ပြည့်စုံ၏။ ရတနာ သုံးပါးကို ကြည်ညိုဆည်းကပ်၏။ ပဥ္စသီလကို ဆောက်တည် ၏။ သူသည် နန်းတော်သို့သွား၍ ပြုဖွယ်အမှုတို့ကို ဆောင်ရွက် ရသည်။

တစ်နေ့သ၌ ထိုဆတ္တာသည်သည် သားလုလင်ကို ခေါ်၍ နန်းတော်သို့ သွားလေသည်။ နန်းတော်၌ သားလုလင် သည် လှပသော အဝတ်တန်ဆာတို့ကို ဆင်မြန်းထားသော အမျိုးမြတ်သည့် မိန်းမငယ်ကိုမြင်ရ၍ ချစ်ခင်စွဲလမ်းမိ လေသည်။ အိမ်သို့ပြန်ရောက်သောအခါ သူသည် အိပ်ရာ၌ လဲလျောင်းလျက် ပူဆွေးသောက ရောက်တော့၏။ အကယ်၍ မိန်းမငယ်ကိုမရပါမူ မိမိ သေရလိမ့်မည်ဟူ၍လည်းဆို၏။ ထိုအခါ အဖက "မိန်းမငယ် ကို ချစ်သားရယူရန်မှာ မဖြစ်

နိုင်။ ချစ်သားသည် အမျိုးဇာတ်နိမ့်သည်။ မိန်းမငယ်ကား အမျိုးမြတ်ပေသည်" ဟူ၍ ဆုံးမပြောဆို၏။ ယင်းသို့ဆိုသော်လည်း မရ။ သားလုလင်သည် မတောင့်တရာသည်ကိုပင် တောင့်တ စွဲလမ်းနေ၏။

နောက်ဆုံး၌ သား လုလင်သည် လွမ်းဖျားလွမ်းနာကျကာသေဆုံးသွားလေသည်။ အဖသည် သားသေသဖြင့် ပူဆွေးသောကရောက်ရာမှ သက်သာရာရသောအခါ ဗုဒ္ဓထံသွား၏။ ပန်း၊ အမွှေးအကြိုင်၊ နံ့သာတို့ကို ဆောင်ယူလျက် သွားရောက်ပူဇော်၏။

ဗုဒ္ဓက မိမိထံမှောက်သို့ ဆတ္တာသည် ရောက်မလာသည်မှာ ကာလအတန်ကြာပြီ၊ အဘယ့်ကြောင့်ပါနည်းဟု မေးမြန်းတော်မူ၏။ ထိုအခါ ဆတ္တာသည်က သားလုလင်အကြောင်းကို လျှောက်ထား၏။ ဤတွင် ဗုဒ္ဓက သင်၏ သားလုလင်သည် ယခု၌သာ မရနိုင်သည်ကိုတက်မက်၍ ပျက်စီးခဲ့သည်မဟုတ်၊ ရှေးကလည်း ပျက်စီးခဲ့ဖူးလေပြီဟူ၍ဆိုကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ခြသေ့်မျိုး၌ ဖြစ်၏။ ထိုခြသေ့်သည် ဟိမဝန္တာရှိ ရွှေဂူတစ်ခုတွင် မိဘနှစ်ပါး၊ ညီငယ်ခြသေ့်ခြောက်ကောင်၊ နှမငယ် ခြသေ့်မတစ်ကောင်တို့နှင့်အတူ နေ၏။ နေ့စဉ်ပင် ခြသေ့်ညီအစ်ကို ခုနစ်ကောင်တို့သည် အစာရှာထွက်သည်။ အစာရသော် အချို့ကို စား၏။ အချို့ကို မိဘနှစ်ပါးနှင့် နှမငယ်ထံ ယူဆောင်လာလေ့ရှိပေသည်။

ခြသေ့်တို့နေရာ ရွှေဂူ၏ တောင်ထိပ်တွင် ဖန်ဂူတစ်ခုသည်ရှိ၏။ ထိုဖန်ဂူဝယ် မြွေခွေးတစ်ကောင်နေ၏။ မြွေခွေးသည် ဖန်ဂူမှနေ၍ ခြသေ့်တို့ကို မြင်တွေ့ရသည်။ မကြာမီ သူသည် ခြသေ့်မငယ်ကို ချစ်ခင်နှစ်သက်သွားလေသည်။ သို့ရာတွင် မိဘတို့ရှိနေစဉ် ခြသေ့်မငယ်အနီးသို့ မြွေခွေးမချဉ်းကပ်ဝံ့ပေ။

ခြသေ့် အမိ အဖတို့ သေဆုံးပြီးသည့်နောက် ခြသေ့်ညီအစ်ကိုတို့ အစာရှာ ထွက်သောအခါ၌ကား မြွေခွေးသည် ခြသေ့်မငယ်ထံသွား၍ သူ၏ ချစ်မေတ္တာကို ဖွင့်ဟပြောဆိုလေသည်။

မြွေခွေး၏ မလေးမစားစကားကို ကြားရလျှင် ခြသေ့်မငယ်သည် တုန်လှုပ် ချောက်ချားမိလေသည်။ အဘယ်ကြောင့်ဆိုသော် သားရဲတိရစ္ဆာန်တို့တွင် ခြသေ့်မျိုးသည် ဘုရင်မျိုးဖြစ်၍ မြွေခွေးမျိုးတို့ကား ယုတ်ညံ့သော အမျိုးဖြစ်သောကြောင့်ပင်။ သူသည် စကားပင်တုံ့ပြန်မပြောနိုင်။ မြွေခွေးလည်း နှလုံးမသာဖြစ်လျက်ပြန်လေသည်။ မိမိနေထိုင်ရာ ဖန်ဂူ၌ မသက်မသာ လဲလျောင်းနေလေသည်။

ခြသေ့်မငယ်သည် အစော်ကားခံလိုက်ရသဖြင့် အစာရေစာမစားဘဲ အသေခံတော့မည်ဟူ၍ ကြံစည်၏။ သို့ရာတွင် အကြောင်းစုံကို အစ်ကိုများအား ဦးစွာပြောပြသင့်သည် ဟူ၍ စဉ်းစားမိ၏။

မကြာမီ အစ်ကိုငယ်တစ်ကောင်သည် အစာကိုယူဆောင်လျက် နှမငယ်ထံ ပြန်ရောက်လာသည်။ ဤတွင် နှမငယ်က အစ်ကိုငယ်အား အဖြစ်အပျက်ကို ပြောပြသည်။ အစ်ကိုငယ်သည် ဖန်ဂူဘက်သို့ လှမ်းကြည့်ရာ မြွေခွေးကိုမြင်ရသဖြင့် ဒေါသ အမျက်ခြောင်းခြောင်း ထလာသည်။ ဖန်ဂူအတွင်း၌ မြွေခွေးအိပ်နေသည်ကို ဟင်းလင်းပြင်၌ အိပ်နေသည် ထင်မှတ်သဖြင့် မြွေခွေးကို ကိုက်သတ်ရန် တစ်ဟုန်ထိုး ပြေးသွားသည်။

ထိုအခါ ဖန်ဂူနံရံနှင့် တိုက်မိကာ ရင်ကွဲပြီးလျှင် တောင်ခြေရင်း၌ ကျ၍ သေလေသည်။

အခြား အစ်ကိုငယ် ငါးကောင်တို့သည်လည်း နှမငယ်၏ စကားကိုကြားလျှင် ထိုနည်းအတိုင်းပြု၍ ထိုနည်းအတိုင်းပင် သေဆုံးကြကုန်သည်။

နောက်ဆုံးတွင် အစ်ကိုကြီးရောက်လာ၏။ သူသည် နှမငယ် စကားကို ကြားရပြီးနောက် တောင်ထိပ်သို့ လှမ်းကြည့်သည်။ မြေခွေးကို မြင်ရသည်။ သို့ရာတွင် ခြေခွေးမည်သည် ဟင်းလင်းပြင်၌ မအိပ်ကောင်း။ ထိုမြေခွေးသည်လည်း ဖန်ဂူ၌ အိပ်နေခြင်းသာ ဖြစ်မည်ဟူ၍ ဆင်ခြင်မိလေသည်။ သူသည် မြေခွေးကို မည်သို့ တိုက်ခိုက်ရမည်နည်းဟူ၍ စဉ်းစားကြည့်၏။ ဖန်ဂူရှိရာ တောင်ထိပ်မှ တောင်ခြေသို့ မြေခွေးဆင်းရာလမ်း မုချရှိရမည်ဟူ၍ ဆင်ခြင်ကာ ထိုလမ်းကို ရှာဖွေ၏။ ဤတွင် တောင်ခြေရင်း၌ လဲကျသေဆုံးနေသော သူ့ညီငယ်တို့၏ အလောင်းများကို တွေ့ရ၍ ဤသို့ တစ်ကိုယ်တည်း ဆိုလေသည်။

ပူလောင်အစာ၊ စားမျိုပါက
လျှာခံတွင်းမှာ၊ ပူလောင်ပါသို့
ပြုရာပြုဖွယ်၊ အသွယ်သွယ်ကို
စိတ်ဝယ်မထင်၊ မဆင်ခြင်ဘဲ
လျင်စွာပြုက၊ မှားတတ်ကြ၍
ဒုက္ခကြုံတွေ့ ကြပြီတကား။

ထို့နောက် သူသည် တောင်ထိပ်သို့ ပြန်တက်ကာ သုံးကြိမ်တိုင် ကျယ်လောင်စွာ ဟောက်လေသည်။ မြေခွေးသည် ခြင်္သေ့ကို တွေ့မြင်နေရာမှ ဟောက်သံကြားရသောအခါ ကြောက်လှသဖြင့် နှလုံးကွဲ၍ သေလေသည်။

ထိုအခါ ခြင်္သေ့သည် ညီငယ်ခြင်္သေ့ ခြောက်ကောင်တို့၏ အလောင်းကို မြေတွင် ဖုံးလွှမ်းခဲ့ပြီးလျှင် နှမငယ်ထံ ပြန်လာခဲ့လေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဆတ္တာသည်၏ သားသည် မြေခွေးဖြစ်သည်။ အမျိုးမြတ်သော မိန်းမငယ်ကား ခြင်္သေ့မဖြစ်သည်။ အစ်ကိုခြင်္သေ့ငယ်ခြောက်ကောင်ကား ယခု ဗုဒ္ဓထံပါး၌ မထေရ်ခြောက်ပါး ဖြစ်သည်။ ခြင်္သေ့အစ်ကိုကြီးကား ငါဘုရား ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# သတိပြုလော့ အို မြေခွေး

တစ်ခါသော် ရဟန်းအချို့သည် ဒေဝဒတ်ထံ ရောက်ရှိကြ၏။ ရဟန်းတို့ ပြန်လာသောအခါ ဗုဒ္ဓက ရဟန်းတို့အား ဒေဝဒတ်သည် မည်သို့ ဆက်ဆံပြုမူပါသနည်းဟူ၍ မေးတော်မူ၏။

ရှင်သာရိပုတ္တရာကလည်း ဒေဝဒတ်သည် ဗုဒ္ဓအတုကို ယူကာ ပြုမူသဖြင့် ဆင်းရဲဒုက္ခ ရောက်နေပေသည်ဟူ၍ လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓက ဒေဝဒတ်သည် ယခုအခါ၌သာ ဗုဒ္ဓကို တု၍ ဆင်းရဲဒုက္ခ ရောက်ရသည်မဟုတ်၊ ရှေးအခါက လည်း ထို့အတူပြုသဖြင့် ဒုက္ခရောက်ခဲ့ပေသည်ဟူ၍ ဆိုကာ အောက်ပါ ဇာတ်ကို ဟောတော်မူလေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ ဟိမဝန္တာရှိ လိုဏ်ဂူတစ်ခုတွင် နေလေသည်။

တစ်နေ့သ၌ ခြင်္သေ့သည် ကျွဲတစ်ကောင်ကို သတ်၍ စား၏။ ထို့နောက် ရေသောက်၍ မိမိဂူသို့ပြန်လာ၏။ လမ်း၌ ခြင်္သေ့ကို မြေခွေး

တစ်ကောင်မြင်လျှင် ကြောက်လည်းကြောက် ပြေးစရာလည်း မရှိသဖြင့် မြေပေါ်တွင် ဝပ်၍ နေလေသည်။

ထိုအခါ ခြသေ့်က မြေခွေးအား အဘယ်ကြောင့် ဝပ်၍နေသနည်းဟု မေး၏။ မြေခွေးက ခြသေ့်မင်းကို ခစားလို၍ ဝပ်ပါသည်ဟု ဆို၏။ ခြသေ့်လည်း နှစ်သက်သဘောကျသဖြင့် မြေခွေးကို ဂူသို့ ခေါ်ဆောင်သွားသည်။ ထို့နောက် မိမိရှာဖွေရရှိသော အမဲသားတို့အနက် ကြွင်းကျန်သည်တို့ကို မြေခွေးအား ကျွေးမွေးလေသည်။

အမဲသားတို့ကို ကောင်းစွာစားရသဖြင့် မြေခွေးသည် တနေ့တခြား ဝဖြိုးလာ၏။ ထို့နောက် မာန်မာန တက်ကြွလာလေသည်။

တစ်နေ့သ၌ မြေခွေးက ခြသေ့်အား မိမိသည် ခြသေ့်၏ အလုပ်အကျွေးကို အစဉ်ခံနေရသဖြင့် ခြသေ့်ကို ဒုက္ခပေးနေသလိုရှိသည်၊ ယနေ့အဖို့ မိမိသည် အပြင်သို့ထွက်ကာ ဆင်ကို သတ်မည်၊ ထို့နောက် ဆင်သားကိုစားပြီးလျှင် ခြသေ့်ဖို့လည်း ဆောင်ယူခဲ့မည်ဟုဆို၏။ ဤတွင် ခြသေ့်က မြေခွေးတို့မည်သည် ဆင်ကို သတ်၍စားနိုင်သော တိရစ္ဆာန်မျိုး မဟုတ်။ မိမိသာလျှင် အပြင်ထွက်ကာ ဆင်ကိုသတ်၍ အသားကို မြေခွေးထံ ယူဆောင်လာမည်ဟူ၍ ပြော၏။ ထို့ပြင် ကိုယ် မစွမ်းဆောင်နိုင်သော အမှုကို မပြုရန်လည်း မြေခွေးအား ဤသို့ ဖြောင်းဖျပြောဆိုလေသည်။

ဆင်မှာ ရှည်လျား၊ အစွယ်များနှင့်
ကြီးမား ကိုယ်ထည်၊ ကြံ့ခိုင်တည်တည့်
သည်လိုအင်အား၊ မျိုးနွယ်အားဖြင့်
ကွာခြားသေးငယ်၊ မြေခွေးငယ်သည်

ဘယ်လို ရင်ဆိုင်၊ တုပြိုင်နိုင်အံ့
မပိုင်အမှု၊ အန်မတုနှင့်
သတိပြုလော့ အို မြေခွေး။

မြေခွေးသည် ခြင်္သေ့စကားကို မနာယူ။ လိုဏ်ဂူမှထွက်၍ မြေခွေးသံဖြင့် သုံးကြိမ်အော်လေသည်။

ထိုအခိုက် မြေခွေးသည် တောင်ခြေရင်းတွင် ဆင်သေတစ်ကောင်ကို မြင်လေသည်။ ဤတွင် သူသည် ဆင်ဦးကင်းပေါ်သို့ ကျစေမည်ဟူ၍ ရည်မှန်းကာ တောင်ထိပ်ပေါ်မှ ခုန်ချလိုက်၏။ သို့ရာတွင် ဆင်ဦးကင်းပေါ်သို့မကျဘဲ လေထဲ၌ လိမ့်ပြီးလျှင် ဆင်ခြေရင်း၌ကျလေ၏။ သူသည် ဆင်အနင်းခံရကာ ညည်းညူအော်ဟစ်ရင်း အသက်ပျောက်သွားလေသည်။

ခြင်္သေ့သည် တောင်ထိပ်မှ ကြည့်လတ်သော် မြေ၌ ပုံလျက်ကျနေသော မြေခွေးကို မြင်လေသည်။ ဤတွင် ခြင်္သေ့က အောက်ပါအတိုင်း မြည်တမ်းလေသည်။

မြေခွေးငယ်လျှင်
ခြင်္သေ့ဟန်ဆောင်၊ သူမာန်ထောင်လျက်
ဆင်ကောင်ကြီးအား၊ ပြိုင်ဘက်ထား၍
လွဲမှားသူမိုက်၊ အန်တုထိုက်သော်
မြေ၌မှောက်ခွေ၊ ကျရောက်ချေ၍
ဆင်ခြေအောက်မှာ၊ အော်မြည်ကာဖြင့်
ကြီးစွာနောင်တ၊ သူလျှင်ရ၍
ဘဝပျက်သုဉ်း ရှာလေပြီ။

ဂုဏ်ရည်ပဝင်း၊ တုလွတ်ကင်းတည့်
ဂုဏ်ချင်းဆိုင်ဆိုင်၊ မယှဉ်နိုင်သည့်
ကြံ့ခိုင်ကိုယ်ထည်၊ စွမ်းအားတည်သော
သည်လိုအနှစ်၊ ခြင်္သေ့အဖြစ်ကို
ဆန်းစစ်မြော်ရွေး၊ သူ မတွေး၍
သက်ဘေးကြုံရ၊ ပျက်သုဉ်းရသို့
လောကဇမ္ဗူ၊ အကြင်သူလည်း
ထို့တူပြုက၊ ဘေးဒုက္ခကို
မုချထိုသူ ကြုံရအံ့။

သို့သော်တစ်မူ၊ အကြင်သူသည်
မူလရှိထား၊ ကိုယ်စွမ်းအားကို
ထင်ရှားသိမြင်၊ သူ ဆင်ခြင်၍
ပညာသတိ၊ စကားရှိ၍
သူ၏ တာဝန်၊ သူ ကျေပွန်သော်
ရန်သူကိုသာ၊ လွယ်ကူစွာပင်
အောင်မှာ ထိုသူ မလွဲတည်း။

*

ဤသို့အားဖြင့် ဗုဒ္ဓက မိမိ ဉာဏ်အား ကိုယ်အားဖြင့် လျော်ကန်သော အမှုတာဝန်ကို လောကတွင် ထမ်းဆောင်ရန် ဆုံးမတော်မူသည်။

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် မြေခွေးဖြစ်သည်၊ ငါကား ခြင်္သေ့ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ခွေးခြင်္သေ့

## (သီဟကောဋ္ဌ)

တစ်ခါသော် ကောကာလိကအမည်ရှိသော ရဟန်း တစ်ပါးသည် အကြားအမြင်များသော ရဟန်းအချို့ တရားဟောသည်ကို ကြားရသောအခါ မိမိလည်း ထိုနည်းတူပြုရန် ဆန္ဒဖြစ်လာ၏။ ဆန္ဒအတိုင်းဟောကြည့်၏။ မအောင်မြင်။ မိမိ၏ညံ့ဖျင်းမှုကိုသာ လှစ်ပြသကဲ့သို့ ရှိလေတော့သည်။

ထိုအကြောင်းကို ဗုဒ္ဓ ကြားတော်မူ၏။ ထိုအခါ ဗုဒ္ဓက ယခုမှသာ ကောကာလိက၏အသံသည် အချည်းနှီး အဖြစ်ကို ပေါ်စေခဲ့သည်မဟုတ်၊ ယခင်ကလည်း ထို့အတူ ဖြစ်ခဲ့လေပြီဟူ၍ဆိုကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

✳

လွန်လေပြီးသောအခါ ခြင်္သေ့တစ်ကောင်သည် မြေခွေးတစ်ကောင်နှင့်ပေါင်းဖော်ရာ သားတစ်ကောင်ရလေသည်။ ထိုသားငယ်၏ လက်ချောင်း၊ ခြေချောင်း၊ မှင်ဆံမွေး၊ အဆင်းသဏ္ဌာန်တို့သည် ခြင်္သေ့ နှင့် အလုံးစုံတူ၏။

သို့ရာတွင် အသံကား မြေခွေးနှင့် တူလေသည်။

တစ်နေ့သ၌ မိုးရွာ၍ စဲသည်ရှိသော် ခြင်္သေ့ငယ် အားလုံးတို့သည် ဟိန်းဟောက်လျက် မြူးထူးပျော်ပါး ကစားကြကုန်၏။ ခြင်္သေ့နှင့် မြေခွေးမ သားငယ်ဖြစ်သူ ခွေးခြင်္သေ့ငယ်သည်လည်း ဟိန်းဟောက်၏။ ဤတွင် သူ၏အသံသည် ခြင်္သေ့သံမဟုတ်၊ မြေခွေးအသံသာ ဖြစ်နေလေသည်။ အဖော်ခြင်္သေ့ငယ်တို့သည် မဟောက်ကြဘဲ ဆိတ်ဆိတ်နေကြလေတော့သည်။

ထိုအခါ ခြင်္သေ့၏ အခြားသားငယ်တစ်ကောင်သည် ဖခင်ထံ ချဉ်းကပ်လျက် အဘယ့်ကြောင့် ထိုခြင်္သေ့ငယ်သည် ခြင်္သေ့နှင့်တူပါလျက် မြေခွေးသံဖြင့် အော်မြည်ရပါသနည်းဟူ၍ မေးမြန်းလေသည်။

သည်သားကောင်ငယ် ခြင်္သေ့နှယ်
ခြေသည်း လက်သည်း ရှိပါတယ်။

မြေဝယ်ရပ်လည်း မူမပျက်
ခြင်္သေ့ခြေနဲ့ ရပ်တည်လျက်။

သို့လျက်တစေ သူဟောက်ရာ၊
ခြင်္သေ့အသံ ပေါ်မလာ။

သံစာစာသာ နားမှာကြား
မြေခွေးမြည်သံ ပါတကား။

ဤတွင် ခြင်္သေ့သည် ထိုသားငယ်အား အဖြစ်မှန်ကို ရှင်းလင်းပြောပြ၏။ ထို့နောက် ခွေးခြင်္သေ့ငယ်ကိုခေါ်ကာ နောင်အခါ ဟိန်းဟောက်ခြင်း

မပြုရန် ဆုံးမ ပြောဆိုလေသည်။

သင် အော်မြည်လျှင် အားလုံးကွယ်
သင့်မျိုးနွယ်ကို သိလိမ့်မယ်။

ဆိတ်ဆိတ်နေကွယ် ငါ့ ချစ်သား
သင့် အော်သံမှာ တစ်မူခြား
ခြင်္သေ့အော်သံ မဟုတ်တကား။

*

ဗုဒ္ဓက အတိတ်ကို ဆောင်ပြီးနောက် ကောကာလိကသည် ခွေးခြင်္သေ့ငယ် ဖြစ်သည်၊ ခြင်္သေ့သားငယ်သည် ရာဟုလာဖြစ်သည်၊ ခြင်္သေ့မင်းကား ငါဘုရား ဖြစ်ပေသည် ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ခြသေ့်နှင့် တောဝက်

တစ်ညသ၌ ဗုဒ္ဓသည် ရဟန်းနှင့် လူပရိသတ်တို့ကို တရားဟောပြီးနောက် ဂန္ဓကုဋိသို့ ဝင်တော်မူ၏။ ထိုအခါ ရဟန်းတစ်ပါးသည် ရှင်သာရိပုတ္တရာအား ပြဿနာတို့ကို မေးလျှောက်၏။ ရှင်သာရိပုတ္တရာကလည်း မေးတိုင်း မေးတိုင်းသော ပြဿနာတို့ကို ပေါ်လွင်ထင်ရှားစွာ ဖြေတော်မူ၏။ ထိုအမေးအဖြေ တရားတော်ကို နာကြားရသော ပရိသတ်တို့သည်လည်း ပီတိဖြစ်ကြ၏။

ထိုအခါ ပရိသတ်ထဲမှ ရဟန်းအိုတစ်ပါးက မိမိသည် ပရိသတ်အလယ် ရှင်သာရိပုတ္တရာအား ဖြေဆိုခြင်းမပြုနိုင်သော ပြဿနာကိုမေးမည်၊ ထိုအခါ ပရိသတ်သည် မိမိအား အကြားအမြင်များသည်ဟု ထင်မြင်၍ အထင်ကြီးကြပေလိမ့်မည်ဟု ကြံစည်၏။ ကြံစည်သည့်အတိုင်းလည်း မသင့်သောပြဿနာကို နှောင့်ယှက် မေးမြန်း၏။

ရှင်သာရိပုတ္တရာလည်း ရဟန်းအိုကို ကြည့်ပြီးလျှင် ရဟန်းအို၏ အချည်းနှီးသောအဖြစ်ကို သိရကား တစ်စုံတစ်ရာ

စကားတုံ့ပြန်ခြင်းမပြု။ နေရာမှထကာ မိမိသီတင်းသုံးရာ ပရိဝုဏ်သို့ ပြန်တော်မူလေသည်။

ထိုအခါ လူတို့သည် အမျက်ဒေါသ ထွက်ကြကုန်၏။ "ဤရဟန်းအိုသည် ငါတို့ တရားမနာရအောင် နှောင့်ယှက်ပေသည်။ သည်ရဟန်းမိုက်ကို ဖမ်းကြကုန်"ဟု ဆိုကာ လိုက်ကြ၏။

ရဟန်းအိုလည်း ထွက်ပြေး၏။ ယင်းသို့ ထွက်ပြေးစဉ် ကျောင်းပြင်ရှိ မစင်ရေပုပ်တွင်းထဲသို့ကျကာ တစ်ကိုယ်လုံး အညစ်အကြေးတို့ အလိမ်းလိမ်းကပ်၍ နေလေသည်။

ဤတွင် ပရိသတ်တို့သည် နှလုံးမသာမယာဖြစ်ကာ ဗုဒ္ဓထံချဉ်းကပ်လျက် အကြောင်းစုံကို လျှောက်ထား၏။

ဗုဒ္ဓကလည်း ထိုရဟန်းအိုသည် ယခုအခါ၌သာ မိမိဝယ် အစွမ်းမရှိဘဲ မတုပြိုင်သင့်သည်ကို တုပြိုင်မိသဖြင့် ဒုက္ခတွေ့ ရသည် မဟုတ်၊ ရှေးအခါကလည်း ထို့အတူ ဖြစ်ခဲ့ဖူးပြီဟု ဆိုကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

ရှေးသရောအခါ ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ ဟိမဝန္တာဝယ် ဂူတစ်ခု၌ နေလေသည်။ ထိုဂူအနီးဝယ် ဝက်တစ်ကောင်လည်း နေ၏။ ထိုဝက်သည် ဟိမဝန္တာဒေသရှိ အိုင်တစ်ခုဝယ် မှီတင်းနေထိုင်ကြသော ဝက်အုပ်အထဲမှ ဝက်တစ်ကောင် ဖြစ်သတည်း။

တစ်နေ့သ၌ ခြင်္သေ့သည် အစာရှာဖွေ၍ စားပြီးနောက် ရေသောက်ရန်အတွက် အိုင်သို့ဆင်း၏။ ထိုစဉ်အိုင်နံဘေး၌ ဝက်တစ်ကောင် အစာစားနေသည်ကို မြင်လေသည်။ ဤတွင် ခြင်္သေ့က ထိုဝက်ကို နောက်တစ်နေ့မှ

စားတော့မည်။ မိမိကိုမြင်လျှင် ဝက်သည် ထိုနေရာသို့ နောက်တစ်ဖန် ပြန် လာတော့မည်မဟုတ်၊ မိမိပုန်းအောင်းနေမှ ဖြစ်တော့မည်ဟုကြံစည်ကာ ပုန်းအောင်းနေလေသည်။

သို့ရာတွင် ဝက်ကမူ ခြင်္သေ့ကိုမြင်လိုက်၏။ သည်ခြင်္သေ့သည် မိမိကိုမြင်ပါလျက်ကြောက်သောကြောင့် ပုန်းအောင်းနေပါသည်ဟု မာန်မာန တက်ကာ တိုက်ခိုက်ရန် စိမ်ခေါ်လေသည်။ ထိုအခါ ခြင်္သေ့က ယခုမူ မတိုက်လိုသေး၊ ခုနစ်ရက်ကြာသောအခါတွင်မှ တိုက်မည်ဟုဆို၏။

ဝက်လည်း ခြင်္သေ့နှင့် တိုက်ရတော့မည်ဟူ၍ အဖော်ဝက်တို့အား အားရဝမ်းသာပြောပြ၏။ ဝက်က ခြင်္သေ့သည် သူ့ကို ကြောက်ရွံ့လျက် ရှိသည်။ မုချ သူသည် အနိုင်ရမည်ဟူ၍ ထင်မှတ်နေ၏။

ဤတွင် အဖော်ဝက်တို့က သင်သည် ခြင်္သေ့ကို မည်သည့်အခါတွင်မျှ တုပြိုင်၍မရနိုင်။ မိမိ၏ အသက်ဘေးမှ ချမ်းသာရာရအောင်သာ ပြုပေလော့ ဟူ၍ ဆိုကြ၏။ သို့ဆိုကာ အဖော်ဝက်တို့က ဝက်မိုက်အား သင့်ကိုယ်ကို တွေ့ရှိသမျှသော ကျင်ကြီးတို့ဖြင့် ခြောက်ရက်တိုင်တိုင် အဖန်ဖန်လိမ်းကျံ၍ တစ်ဖန် ခြောက်သွေ့အောင်ပြုလော့။ ထို့နောက် ခုနစ်ရက်မြောက်သောနေ့ တွင် ယင်းတို့ကို တစ်ဖန်စိုစွတ်အောင်ပြုလော့။ ထိုအခါ ပုပ်ဟောင်သော မစင်နံ့တို့ သင့်ကိုယ်မှ ထွက်လာလိမ့်မည်ဟူ၍ အကြံပေးကြ၏။

အဖော်များက အကြံပေးသည့်အတိုင်း ဝက်သည် ပြု၏။ ထိုအခါ ခြင်္သေ့သည် ပုပ်ဟောင်သောအနံ့ကိုရလျှင် မစင်ကို ခြေဖြင့်ပင် တို့ထိသူ မဟုတ်သဖြင့် တိုက်ခိုက်ခြင်းလည်း မပြုတော့။ ဤသို့လည်း ဆိုလေသည်။

ဟယ် – ဝက်ယုတ်မာ
သင့်မှာ ကိုယ်ရေ၊ ညစ်ပတ်ပေ၍

လေမှာလွင့်ပျံ့၊ အပုပ်နံ့ကြောင့်
ရဲဝံ့ စွန့်စား၊ ငါသည်ကားလျှင်
သင့်အားရှောင်လို၊ မတိုက်လိုပြီ
သင့်ကို အနိုင် ပေးပါ၏။

ထိုအခါ ဝက်သည် ယခင်ကထက် ပို၍ မာန်မာန တက်ကြွလာ၏။ အဖော်ဝက်တို့မှ တစ်နေ့တွင် ခြင်္သေ့သည် သူတို့ကို လာရောက်သတ်ပေလိမ့်မည် ဟူ၍တွေးတော ထိတ်လန့်ကာ ထိုနေရာကို စွန့်ခွာလျက် အရပ်တစ်ပါးသို့ ထွက်သွားကြလေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဝက်သည် ရဟန်းအိုဖြစ်သည်။ ငါဘုရားကား ခြင်္သေ့ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# မြေပိုးခြင်း

တစ်နေ့သ၌ ရဟန်းတို့သည် ဆူးပေါ်အိပ်ခြင်း၊ မီးလှုံခြင်း စသည်ဖြင့် အကျင့်များကိုကျင့်၍နေသော တိတ္ထိအချို့ကို မြင်တွေ့ကြသည်။ ထိုအခါ ရဟန်းတို့က ဗုဒ္ဓအား ထိုအကျင့်တို့သည် အနှစ်သာရရှိပါသလောဟူ၍ မေးကြ၏။

ဗုဒ္ဓက ထိုအကျင့်တို့မှာ အနှစ်သာရမရှိ၊ ထိုအကျင့်တို့ကို ဆင်ခြင် စစ်ဆေးကြည့်ပါက ယုန်ငယ်ကြားရသော ဒုဒ္ဒုဘအသံနှင့် တူပေသည်ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

တစ်ရံရောအခါ ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ အနောက်သမုဒ္ဒရာအနီးရှိ တောတစ်ခုတွင်နေလေသည်။ ထိုတောအနီး၀ယ် ဥသျှစ်ပင်နှင့် ရောထွေးပေါက်နေသော ထန်းတောသည် တည်ရှိ၏။ ယုန်ငယ်တစ်ကောင်သည်လည်း ဥသျှစ်ပင်အနီးရှိ ထန်းပင်ငယ်တစ်ခုအောက်တွင် နေလေသည်။

**စိတ်ကူးချိုချို**

တစ်နေ့သ၌ ယုန်ငယ်သည် ထန်းပင်ငယ်အောက်တွင် ဝပ်၍နေရာမှ အကယ်၍ မြေပြိုသွားသော် မိမိမည်သို့ဖြစ်မည်နည်းဟူ၍ ကြံစည်တွေးတောမိ၏။

ထိုအခိုက်တွင် ဥသျှစ်သီးမှည့်တစ်လုံးသည် ထန်းရွက်ပေါ်သို့ ကျလာသဖြင့် 'ဒုဒ် ဒုဒ်' ဟူသောအသံသည် ပေါ်ထွက်လာ၏။ ယုန်ငယ်သည် ထိုအသံကိုကြားလျှင် အမှန်ပင် မြေပြိုလေပြီဟူ၍ ထင်မှတ်ကာ နောက်သို့ လှည့်၍မကြည့်အားဘဲ တအားပြေးလေ၏။

ထိုယုန်ငယ်ပြေးသည်ကို အခြားယုန်ငယ်တစ်ကောင်က မြင်သဖြင့် အကျိုးအကြောင်း လှမ်းမေး၏။ ယုန်ငယ်က "အဆွေ မမေးပါနှင့်" ဟု ဆို၏။ ဤတွင် ဒုတိယယုန်ငယ်သည် ပထမယုန်ငယ်နှင့်အတူ ပြေးလိုက်ကာ "အဆွေ ဘာဖြစ်ပါသနည်း" ဟူ၍ ထပ်မံမေး၏။

ပထမယုန်ငယ်လည်း ရပ်တန့်လိုက်ကာ နောက်သို့ လှည့်မကြည့်ဘဲ "မြေပြိုလေပြီ" ဟုဆိုကာ ဆက်၍ ပြေးလေသည်။ ယုန်များစွာတို့လည်း သူတို့နောက်မှ လိုက်၍ပြေးကြ၏။ မကြာမီ ယုန်အသိန်းအသောင်းတို့သည် တစ်ပေါင်းတည်း ပြေးနေလေပြီ။

ယုန်တို့ပြေးသည်ကို မြင်ကြသဖြင့် သမင်၊ ဝက်၊ စိုင်၊ ကျွဲ၊ နွားနောက်၊ ကျား၊ ခြင်္သေ့၊ ဆင် စသည်တို့ကလည်း ဘာကြောင့်ပြေးသည်ကို မေးကြ၏။ ယုန်တို့က မြေပြိုသဖြင့် ပြေးရကြောင်း ပြန်ပြော၏။ ထိုအခါ ထိုတိရစ္ဆာန်များသည်လည်း အတူလိုက်၍ ပြေးကြလေသည်။

ယင်းသို့ တိရိစ္ဆာန်များ သွေးရူးသွေးတန်းဖြင့် ပြေးကြသည့် အကြောင်းရင်းကို ခြင်္သေ့မင်းကြားသိရသော် ဆင်ခြင်မိ၏။ မြေပြိုခြင်းသည် တစ်ခါတစ်ရံမျှ မဖြစ်စဖူး။ ယုန်ငယ်သည် တစ်စုံတစ်ရာသောအသံကို ကြားပြီးလျှင် အထင်လွဲမှားခြင်း ဖြစ်ရာသည်။ မိမိသည် လုံ့လမပြုခဲ့သော်

သတ္တဝါအားလုံး ပျက်စီးကြကုန်လတ္တံ့ ဟူ၍ တွေးတော၏။ သို့ဖြင့် တိရစ္ဆာန်အားလုံး၏ ရှေ့ဆုံးသို့ရောက်အောင် လျင်မြန်စွာပြေးသွား၏။ ထို့နောက် တောင်ခြေရင်းသို့ရောက်သောအခါ ရပ်လိုက်ပြီးလျှင် သုံးကြိမ် ဟောက်လိုက်လေသည်။

ခြင်္သေ့မင်းကို ကြောက်သဖြင့် ပြေးနေသော တိရစ္ဆာန်တို့သည် ရပ်တန့်လိုက်ကြသည်။ ခြင်္သေ့မင်းသည် တိရစ္ဆာန်အတွင်းသို့ဝင်ကာ ဘာကြောင့် ပြေးရသနည်းဟု မေး၏။ တိရစ္ဆာန်တို့ကလည်း မြေပြိုသဖြင့် ပြေးရသည်ဟူ၍ ဖြေကြ၏။ ဤတွင် ခြင်္သေ့မင်းက ဆင်အား မြေပြိုသည် ကို အသင်မြင်ပါသလောဟု မေး၏။ ဆင်က မိမိမမြင်ပါ၊ ကျားမြင်ပါ သည်ဟုဆို၏။ ကျားကလည်း မိမိမမြင်၊ ကြံ့မြင်သည်ဟု ဆို၏။ ကြံ့က လည်း မိမိမမြင်၊ နွားနောက်မြင်သည်ဟု ဆို၏။ သို့ဖြင့် တိရစ္ဆာန်တို့ အဆင့်ဆင့်ဆိုကြရာ နောက်ဆုံး၌ ယုန်ငယ်မြင်သည်ဟူ၍ ရှေးဦးစွာပြေး လာသော ယုန်ငယ်ကို ပြကြကုန်၏။

ခြင်္သေ့မင်းက ယုန်ငယ်အား အကယ်မြေပြိုသည်ကို သင်မြင်ပါ သလောဟု မေး၏။ ယုန်က အကယ်မြေပြိုပါသည်၊ မိမိမြင်ပါသည်ဟု ဆို၏။ ခြင်္သေ့မင်းက သို့ဖြစ်လျှင် အဘယ်အရပ်၌ မြေပြိုသည်ကို သင်မြင်ပါသနည်းဟု မေး၏။ ယုန်ငယ်က သမုဒ္ဒရာအနီး၌ မြေပြိုသည်ဟု ဆို၏။ ဤတွင် ခြင်္သေ့မင်းက ထန်းရွက်ပေါ်သို့ ဥသျှစ်သီးမှည့် ကြွေကျ သည့်မြည်သံကို ကြားသဖြင့် ယုန်ငယ်သည် မြေပြိုသည်ဟု အထိတ်တလန့် ဖြစ်ပြီး ပြေးခြင်း ဖြစ်ရာသည်ဟူ၍ ဆင်ခြင်မိ၏။

သို့ဖြင့် ခြင်္သေ့မင်းက တိရစ္ဆာန်တို့အား မိမိသည် ဤယုန်ငယ်နှင့် အတူ ထိုအရပ်သို့သွားကာ အကယ် မြေပြိုသည်၊ မပြိုသည်ကို စုံစမ်းကြည့် မည်ဟုဆို၏။ အစတွင် ယုန်ငယ်သည် ထိုနေရာသို့ပြန်သွားရန် ကြောက်ရွံ့

နေသေး၏။ သို့ရာတွင်မူ နောက်ဆုံးတွင် ခြသေ့၏ ကျောပေါ်တွင် တက်စီးလျက် လိုက်ပါသွားလေသည်။ ဥသျှစ်သီးပင်အနီးသို့ ရောက်သော အခါတွင် ယုန်ငယ်သည် မချဉ်းကပ်ဝံ့သည်နှင့် ဤသို့ဆို၏။

အကျွန့်နေရာ ထိုအရပ်မှာ
ဒုန်ဒုန်မြည်သံ ပေါ်ထွက်လာ။
ဘာသံဟူ၍ ကျွန် မသိ
ဘာကြောင့်မြည်လဲ ကျွန် မသိ။

ခြသေ့မင်းလည်း တစ်ကောင်တည်းပင် အပင်ခြေရင်း သွားကြည့်၏။ ထိုအခါ ဥသျှစ်သီးမှည့်ကို တွေ့လေသည်။ မြေပြိုသည် မဟုတ်ပါတကား။ ခြသေ့မင်းသည် ယုန်အားခေါ်ကာ အဖြစ်မှန်ကို ပြ၏။ ထို့နောက် သူတို့သည် တိရိစ္ဆာန်များထံသွားကာ အဖြစ်မှန်များကို ရှင်းလင်းပြောပြကြလေသည်။

*

ဤဇာတ်ဆုံးသောအခါ ဗုဒ္ဓက ဤသို့ မိန့်တော်မူလေသည်။

ဥသျှစ်သီးလျှင်
ပင်ပေါ်ထက်မှ၊ ကြွေကျလေပြီ
ဒုန်ဒုန်မြည်သော်၊ ယုန်သည် ကြောက်ကာ
ပြေးလေရာဝယ်
များစွာ သောင်းသောင်း၊ သားရဲပေါင်းတို့
နောက်ကြောင်းမကြည့်၊ ပြေးလိုက်ဘိ၏။

အဖြစ်မှန်ကို

ဝေဖန်ပိုင်ခြား၊ မစဉ်းစားဘဲ
သူများစကား၊ နားယောင်မှား၍
ကြောက်အားပိုရှာ၊ တုန်လှုပ်ပါသည်
ပညာပါးရှား၊ သူမိုက်များ။

သီလပညာ၊ ပြည့်စုံပါ၍
ရွံ့ရှာမကောင်းမှု၊ ဖဲရှောင်ပြုလျက်
သူ့၏စကား၊ အမှားများကို
ယောင်မှားကင်းကာ၊ မရွံ့ပါသည်
လိမ္မာတတ်သိ၊ ပညာရှိ။

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ငါသည် ခြင်္သေ့ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# အို ရွှေခြေပိုင်ရှင်

ရဟန်းမိန်းမငယ်တစ်ဦးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူခြင်းဖြစ်သည်။ ရဟန်းမိန်းမငယ်သည် လူဝတ်ကြောင်ဘဝ၌ရှိစဉ် ရတနာသုံးပါးကို ကြည်ညိုသော အမျိုးကောင်းသမီးတစ်ဦး ဖြစ်ခဲ့သည်။ သူသည် မိစ္ဆာဒိဋ္ဌိ အယူရှိသော ယောကျ်ားတစ်ဦးနှင့် လက်ထပ်ခဲ့သော်လည်း မိမိနှစ်သက်ရာ ပြုခွင့်ရခဲ့သည်။ သို့ဖြင့် တစ်နေ့တွင် သူသည် ခင်ပွန်းဖြစ်သူအား သံဃအပါးဝယ် တရားဒေသနာ ကြားနာစေခဲ့လေသည်။ ခင်ပွန်းဖြစ်သူသည်လည်း ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးသူ ဖြစ်လာခဲ့ပေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် သမင်မျိုး၌ ဖြစ်၏။ သူသည် အရွယ်ရောက်သော် အဆင်းလှ၏။ တင့်တယ်၏။ ခြေတို့သည် ကြံ့ခိုင်၍ ချိပ်ရည်ဖြင့် သွန်းလောင်းထားသည့်ပမာ ချောမောပြောင်လက်၏။ ဦးချိုတို့သည် ငွေပန်းကုံးပမာ ကွေးညွတ်၏။ မျက်လုံးတို့သည်

ပတ္တမြားလုံးနှင့်တူ၏။ ထိုသမင်သည် လှပတင့်တယ်သော မယားသမင်မနှင့်အတူ ကိုယ်၌ အပြောက်အစက်ရှိသော များစွာသော နောက်ပါသမင်များ ခြံရံလျက် ပျော်ရွှင်စွာနေထိုင်၏။

တစ်နေ့သောအခါ ကံအကြောင်းမလှသဖြင့် ရွှေသမင်၏ ခြေတစ်ဖက်သည် မုဆိုးထောင်ထားသော ကျော့ကွင်း၌ မိလေတော့သည်။ သူသည် ကျော့ကွင်းမှ လွတ်မြောက်ရန် ဆောင့်၍ ဆောင့်၍ ရုန်းကန်သည်။ သို့ရာတွင် မလွတ်သဖြင့် ထိတ်လန့်စွာ အော်လေသည်။ ရွှေသမင်၏ အော်သံကိုကြားသဖြင့် သမင်အပေါင်းသည် ထွက်ပြေးကြကုန်၏။ ရွှေသမင်၏မယား သမင်မသည်လည်း ထွက်ပြေးရာမှ သမင်များထဲတွင် ခင်ပွန်းကို ရှာဖွေကြည့်ရှုရာ မမြင်သဖြင့် ထိုနေရာသို့ပြန်လာ၏။ ထိုအခါ ကျော့ကွင်း၌ မိနေသော ရွှေသမင်ကိုမြင်သဖြင့် လွတ်မြောက်ဖို့ ကြိုးစားရုန်းကန်ရန် တောင်းပန်တိုက်တွန်း၏။

အို – ရွှေခြေပိုင်ရှင်၊ မယ့်သခင်ငဲ့
အရှင်ရုန်းလေ၊ ကြိုးပါချေလော့
သားရေကျော့ကွင်း၊ အနှောင်တွင်းမှ
လွတ်ကင်းမရှိ၊ မောင်ဖမ်းမိက
မချိသည်မယ်၊ သည်တောလယ်ဝယ်
ဘယ်မှာ ရွှင်ပျော် နိုင်မည်နည်း။

ထိုအခါ ရွှေသမင်က ပြန်၍ဆို၏။

ငါသည်ရုန်းကာ၊ ကြိုးစားပါလည်း
လွတ်ရာမရ၊ ပင်ပန်းလှ၏
လုံ့လပြုပြန်၊ ငါ ရုန်းကန်တိုင်း

ကြိုးလွန်တင်းကာ၊ နာကျင်ပါသည်
ငါ့မှာ အနေ ခက်တော့သည်။

ထိုအခါ သမင်မက ခင်ပွန်း၏အသက်ကို မိမိကယ်အံ့ဟု ဆို၏။ မကြာမီ သူတို့အနီးသို့ မုဆိုးချဉ်းကပ်လာ၏။ သမင်မသည် မုဆိုးအား ခရီးဦးကြိုပြု၏။ ထို့နောက် သမင်အပေါင်း၏ ဘုရင်ဖြစ်သော မိမိခင်ပွန်းလင်၏ ဂုဏ်ကျေးဇူးကို ဆိုကာ မုဆိုးအား တောင်းပန်ရှာလေသည်။

အို – မုဆိုးအရှင်
မြေပြင်ပေါ်ထက်၊ သစ်ရွက်ခင်းကာ
မယ့်ကိုသာလျှင်
ထက်စွာသန်လျက်၊ သင့် လက်နက်ဖြင့်
ရက်စက်လှစွာ၊ သတ်ပြီးပါမှ
သက်လျာချစ်ကြင်၊ မယ့်ချစ်လင်ကို
အသင် သတ်ဖြတ် ပါလေတော့။

သမင်မ၏စကားကိုကြားလျှင် မုဆိုးသည် များစွာအံ့ဩသဖြင့် ရွှေသမင်ကို ကျော့ကွင်းမှ လွှတ်လိုက်လေသည်။ ဤတွင် သမင်မသည် ဝမ်းမြောက်ဝမ်းသာ ဤသို့ ကျူးရင့်လေသည်။

အနှောင်မှလျှင်
ခင်ပွန်းသက်လျာ၊ လွတ်မြောက်ပါ၍
မယ့်မှာ ယနေ့၊ စိတ်ကြည်မွေ့ကာ
ချမ်းမြေ့ပျော်ရွှင်၊ ဖြစ်ရအင်သို့
အသင်မုဆိုး၊ မျိုးဆွေအကုန်

အဖုံဖုံနှင့်
ပြည့်စုံချမ်းသာ၊ နှစ်သက်စွာလျှင်
သာယာချမ်းမြေ့ ပါစေသတည်း။

ရွှေသမင်လည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် မုဆိုးအား ပတ္တမြား မျက်ရှင်တစ်လုံး ပေး၏။ ထိုပတ္တမြားမျက်ရှင်ဖြင့် အိမ်ရာတည်ထောင် ပြီးလျှင် အလှူပေးခြင်း၊ သတ္တဝါအပေါင်းအား မေတ္တာစေတနာထားခြင်း အစရှိသော ကောင်းမှုကုသိုလ်များပြုရန် တိုက်တွန်းပြောဆို၏။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် အမျိုးသမီးသည် သမင်မ၊ ဆန္နအမတ်သည် မုဆိုး၊ ငါဘုရားသည် သမင်ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်း တော်မူလေသည်။

*

# ဆတ်လိမ္မာ

တစ်နေ့သ၌ ရဟန်းတို့သည် တောင်ပေါ်မှ ကျောက် တုံးကို လိမ့်၍လည်းကောင်း၊ လေးသမားတို့ကို စေလွှတ်၍ လည်းကောင်း၊ ဆင်ကို စေလွှတ်၍လည်းကောင်း ဒေဝဒတ်က ဗုဒ္ဓမြတ်စွာဘုရားအား သတ်ရန် အမျိုးမျိုးကြံစည် ကြိုးစားခဲ့ကြောင်း အချင်းချင်း ပြောဆိုနေကြ၏။ ထိုစဉ် ရဟန်းတို့ ထံပါးသို့ ဗုဒ္ဓရောက်ရှိတော်မူလာရာ မည်သည့် အကြောင်း ပြောဆိုနေကြသနည်းဟူ၍ မေးမြန်းတော်မူ၏။ ဗုဒ္ဓသည် ရဟန်းတို့ ပြောဆိုနေသောဖြစ်ရပ်ကို ကြားသိတော် မူသောအခါ ဒေဝဒတ်သည် မိမိအား ယခု၌သာ မဟုတ်၊ ရှေးအခါကလည်း သတ်ရန်ကြံစည်ခဲ့ဖူးပြီ ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

**စိတ်ကူးချိုချို**

တစ်ရံရောအခါ ဘုရားလောင်းသည် ဆတ်မျိုး၌ဖြစ်၍ တောတစ်ခုဝယ် သစ်သီးကြီးငယ်တို့ကို ရှာဖွေစားသောက် နေထိုင်၏။

တစ်နေ့သ၌ မုဆိုးတစ်ယောက်သည် သစ်ပင်တစ်ပင်အနီးဝယ် ဆတ်ခြေရာတို့ကို တွေ့၏။ ဤတွင် ဆတ်လာ၍ သစ်သီးများကို စားသောက်ပါက ဖမ်းရန်အတွက် ထိုသစ်ပင်အပေါ် လင့်စင်ဆောက်ကာ လင့်စင်ပေါ်မှ စောင့်နေ၏။

နောက်တစ်နေ့တွင် ဆတ်သည် အခါတိုင်းကဲ့သို့ပင် သစ်သီးများစားရန် ထိုသစ်ပင်ရှိရာသို့ လာ၏။ သို့ရာတွင် တစ်ခါတစ်ရံ လူတို့သည် ဆတ်တို့ကိုသတ်ရန် ပုန်းအောင်း၍ စောင့်နေတတ်သည်ကို စဉ်းစားမိသဖြင့် သစ်ပင်ခြေရင်းသို့ ချက်ချင်းမလာသည်ကို တွေ့ရသောအခါ မအောင့်အည်းနိုင်ဖြစ်လာ၏။ သို့ဖြင့် ရှေ့သို့ ဆတ်တိုး၍လာစေရန် သစ်သီးများကို ဆွတ်ခူးကာ ဆတ်ရှေ့သို့ ပစ်ချပေး၏။ သစ်သီးတို့မည်သည် သစ်ပင်အောက်သာ တည့်မတ်စွာ ကြွေကျရိုးထုံးစံရှိသည်၊ အဝေးသို့လှမ်း၍ ကြွေကျရိုးထုံးစံမရှိ။ ထိုအဖြစ်ကို မုဆိုးမေ့လျော့နေ၍ ယင်းသို့ ပြုမူခြင်း ဖြစ်သည်။

ဆတ်သည် မိမိရှေ့သို့ ထူးခြားစွာရောက်ရှိလာသော သစ်သီးများကို မြင်သောအခါ "အို သစ်ပင်၊ သစ်ပင်တို့၏ ဓမ္မတာကို စွန့်ပေသည်တကား။ သို့အတွက် ငါသည် သင့်အနီးသို့ ချဉ်းကပ်ခြင်း မပြုသင့်ပြီ။ ယနေ့အဖို့ အခြားသစ်ပင်သို့ ငါသွား၍ အစာရှာတော့မည်" ဟုဆိုကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

ဤတွင် မုဆိုးက "သင် ယနေ့ ငါ့လက်မှ လွတ်သွားသည်။ သို့ရာတွင် အခြားနေ့တွင် သင့်ကို ငါဖမ်းပြမည်" ဟူ၍ ဟစ်အော်ကြုံးဝါးပြောဆိုလေသည်။

ထိုအခါ ဆတ်က "ငါသည် သင့်လက်မှလွတ်ခဲ့သော်လည်း သင်

မူကား အကုသိုလ်ကံမှ လွတ်မည်မဟုတ်” ဟူ၍ ပြန်လည် ပြောဆိုလိုက်လေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် မုဆိုး၊ ငါဘုရားသည် ဆတ်ဖြစ်ပေသည်ဟူ၍ မိန့်တော်မူကာ ဇာတ်ပေါင်းတော်မူလေသည်။

*

# ဆတ်၊ လိပ်နှင့် ခေါက်ရှာငှက်

တစ်နေ့သ၌ ဗုဒ္ဓသည် မိမိအား ဒေဝဒတ်ကသတ်ရန် ကြံစည်နေသည်ဟူသော သတင်းကို ကြားသိတော်မူသဖြင့် ဤဇာတ်ကို ဟောတော် မူခြင်းဖြစ်သည်။ ဗုဒ္ဓက "ရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရားကို သတ်ရန် ကြိုးစားသည် မဟုတ်၊ ရှေးအခါကလည်း ထို့အတူ ပြုဖူးပြီ" ဟု မိန့်တော်မူလေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဆတ်မျိုး၌ ဖြစ်၏။ ရေအိုင်တစ်ခုအနီးရှိ ချုံတစ်ခုဝယ် နေလေ၏။ သူနေထိုင်ရာ နေရာအနီး၌ သစ်တစ်ပင်၏ ထိပ်ဖျားတွင်လည်း ခေါက်ရှာငှက်သည် နေ၏။ ရေအိုင်ထဲ၌ကား လိပ်သည်နေ၏။ ဤတိရစ္ဆာန်သုံးကောင်သည် အဆွေခင်ပွန်းဖြစ်၍ ခိုင်မြဲသော မေတ္တာဖြင့် ချစ်ခင်စွာ ပေါင်းသင်း နေထိုင်ကြလေသည်။

တစ်နေ့သ၌ မုဆိုးတစ်ယောက်သည် ဆတ်၏ခြေရာတို့ကို တွေ့သဖြင့် ဖမ်းဆီးရန် ကျော့ကွင်းထောင်ထား၏။

**စိတ်ကူးချိုချို**

ထိုနေ့ ညချမ်းအချိန်တွင် ခါတိုင်းကဲ့သို့ပင် ဆတ်သည် ရေအိုင်သို့ ရေသောက်ဆင်း၏။ ဤတွင် သူ၏ခြေသည် ကျော့ကွင်း၌ ငြိလေတော့သည်။ သူသည် နာကျင်သဖြင့် ထိတ်လန့်စွာဖြင့် အော်၏။ ဆတ်၏ အော်သံကို ကြားသဖြင့် ခေါက်ရှာငှက်နှင့် လိပ်တို့သည် ကူညီရန် လျင်မြန်စွာ လာကြ၏။ သူတို့သည် ကျော့ကွင်း၌မိနေသော ဆတ်ကိုမြင်လျှင် မုဆိုးမရောက်လာမီ သူတို့အဆွေလွတ်မြောက်ရန် ကြံစည်ကြိုးစားကြ၏။

အဆွေ လိပ်ရေ ကြိုးပါလေ
သားရေကျော့ကွင်း ကိုက်ဖြတ်ချေ။
မုဆိုးလူပေ သင်တို့ဆီ
မရောက်လာအောင် ငါတားမည်။

သို့ဖြင့် လိပ်သည် ချွန်ထက်လှသော သွားများဖြင့် သားရေကျော့ကွင်းကို ကိုက်ဖြတ်၏။ ထိုစဉ် ခေါက်ရှာငှက်သည် မုဆိုး အိမ်ရှိရာအရပ်သို့ ပျံသန်းသွားကာ ထိုနေရာမှ စောင့်နေ၏။

မိုးသောက်ထကာလတွင် မုဆိုးသည် လှံကို ကိုင်စွဲလျက် အိမ်ရှေ့တံခါးမှထွက်လာ၏။ ထိုအခါ ခေါက်ရှာငှက်သည် မုဆိုးရှိရာသို့ ပျံသန်းကာ မုဆိုး၏မျက်နှာကို အတောင်ဖြင့် ပုတ်ခတ်၏။ မုဆိုးလည်း နိမိတ်မကောင်းပြီဟုဆိုကာ အိမ်တွင်းသို့ ပြန်ဝင်သွား၏။

ထို့နောက် မုဆိုးသည် အိမ်နောက်ဖေးတံခါးမှထွက်၏။ ထိုအခါ၌လည်း ခေါက်ရှာငှက်သည် မုဆိုး၏မျက်နှာကို ရှေးနည်းအတူ အတောင်ဖြင့်ပုတ်ခတ်ပြန်၏။ မုဆိုးသည် အိမ်တွင်းသို့ တစ်ဖန်ပြန်ဝင်၏။ နိမိတ်ဆိုးများပြေပျောက်အောင် မိုးလင်းသည်အထိ စောင့်ဦးမည်ဆိုကာ စောင့်နေ၏။

ထိုစဉ် ခေါက်ရှာငှက်သည် သူ၏ အဆွေခင်ပွန်းများထံ လျင်မြန်စွာ

ပျံသန်းသွားသည်။ လိပ်သည် သားရေကျော့ကွင်းကို ကိုက်ဖြတ်လျက်ရှိရာ ထိုအချိန်တွင် တစ်လွန်းမျှသာ ကျန်တော့သည်။ အစွမ်းကုန် ကြိုးစားကိုက်ဖြတ်ရရှာသဖြင့် သူ၏ ခံတွင်းမှ သွေးများ ယိုစီးကျနေလေသည်။

ထိုအခိုက် မုဆိုးလာနေသည်ကို သူတို့လှမ်းမြင်ကြ၏။ ခေါက်ရှာငှက်သည် သစ်ပင်ဖျားသို့ ပျံတက်ပြေး၏။ ဆတ်သည် မုဆိုးကိုမြင်လျှင် ကြောက်လန့်ရကား အစွမ်းကုန် ရုန်းကန်၏။ ဤတွင် တစ်လွန်းမျှသာ ကျန်သော ကျော့ကွင်းကြိုးသည် ပြတ်တောက်သွားလေသည်။ အနှောင်မှ လွတ်မြောက်သွားပြီဖြစ်သဖြင့် ဆတ်သည် တောတွင်းသို့ ဝင်ပြေးလေ၏။ လိပ်မူကား ပင်ပန်းနွမ်းနယ်နေသဖြင့် မပြေးနိုင်ဘဲ ရှိနေရှာလေသည်။

မုဆိုးသည် လိပ်ကိုမြင်လျှင် ကောက်ယူလိုက်၏။ ထို့နောက် လွယ်အိတ်ထဲသို့ထည့်ကာ သစ်ငုတ်တစ်ခုတွင် ချိတ်ထား၏။ ဆတ်သည် ထွက်ပြေးရာမှ ငါ၏ အဆွေလိပ်သည် အသို့နေမည်နည်းဟူ၍ စိုးရိမ်ပူပန်သဖြင့် တစ်ဖန် ပြန်လှည့်လာ၍ ကြည့်၏။ ထိုသို့ကြည့်သည်ကို မုဆိုးသည်လည်း မြင်၏။ ဤတွင် ဆတ်သည် အားနည်းဟန်ပြုကာ ကိုယ်ယောင်ပြ၍ မုဆိုးကို တောတွင်းသို့ သွေးဆောင်ခေါ်သွား၏။ ခရီးအတန်ဝေးသော် ဆတ်သည် ခြေရာဖျောက်ကာ လိပ်ရှိရာနေရာသို့ အခြားလမ်းမှ လျင်မြန်စွာပြေးလာ၏။ ထို့နောက် လွယ်အိတ်ကို ဦးချိုဖြင့် ချိတ်ယူကာ မြေသို့ချ၍ လိပ်ကို ထွက်စေ၏။ထိုအခါ ခေါက်ရှာငှက်သည် သစ်ပင်ထက်မှ ပျံဆင်းလာကာ အဆွေခင်ပွန်းသုံးဦး တွေ့ဆုံကြ၏။

ဆတ်သည် ထိုနေရာသို့တစ်ဖန် မုဆိုးပြန်လာလိမ့်မည်ကို တွေးမိသဖြင့် ခေါက်ရှာငှက်အား အခြားသစ်ပင်တစ်ပင်သို့ ပြောင်းရွှေ့နေထိုင်ရန် အကြံပေး၏။ ထို့နောက် အဆွေခင်ပွန်းသုံးဦးသည် ဘေးလွတ်ရာသို့ အသီးသီး ထွက်ခွာသွားရန် ပြောဆိုကြ၏။

သို့ဖြင့်–

လိပ်သည်အိုင်တွင်း၊ သူသက်ဆင်း၍
တောတွင်းသို့လျှင်၊ ဆတ်သည်ဝင်၍
သစ်ပင်ပေါ်ထက်၊ ခေါက်ရှာငှက်လည်း
ငှက်ငယ်ရင်သွေး၊ ဆောင်ယူပြေး၍
အဝေးဆီသို့ သွားတော့သည်။

နောက်ဆုံးတော့ မုဆိုးသည် ထိုနေရာသို့ပြန်လာ၏။ သို့ရာတွင် ဆတ်ကိုလည်းမမိ၊ လိပ်ကိုလည်းမရ၊ လွယ်အိတ်ကိုလည်း ဆုံးလေသော အဖြစ်ကို ကြုံရတော့၏။ သူသည် ဝမ်းနည်း မောပန်းလှစွာဖြင့် အိမ်သို့ ပြန်လေ၏။

အဆွေခင်ပွန်းသုံးဦးတို့မှာမူ မိမိနေထိုင်ရာ အသီးသီးတွင် ပျော်ရွှင်ချမ်းမြေ့စွာ ဆက်လက်နေထိုင်ကြလေသည်။

*

ဗုဒ္ဓက အတိတ်ကို ဆောင်ပြီးနောက် ဒေဝဒတ်သည် မုဆိုး၊ ရှင်သာရိပုတ္တရာသည် ခေါက်ရှာငှက်၊ ရှင်မောဂ္ဂလာန်သည် လိပ်၊ ငါဘုရားသည် ဆတ်ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ရောဟဏရွှေသမင်

တစ်နေ့သ၌ ရဟန်းများသည် ဗုဒ္ဓအတွက် ရှင်အာနန္ဒာ အသက်စွန့်ပုံကို ပြောဆိုနေကြ၏။ ဗုဒ္ဓသည် ရဟန်းများအား မည်သည့်အကြောင်း ပြောဆိုနေကြသည်ကို မေးမြန်းတော်မူ ရာမှ ထိုအကြောင်းကို ကြားသိတော်မူ၏။ ထိုအခါ ဗုဒ္ဓက ရှင်အာနန္ဒာသည် ယခုအကြိမ်သာလျှင် ဗုဒ္ဓအတွက် အသက်စွန့် လွှတ်ခဲ့သည် မဟုတ်၊ ရှေးအခါကလည်း စွန့်လွှတ်ခဲ့ဖူးပြီ ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူ လေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် သမင်မျိုး၌ ဖြစ်၏။ ရွှေရောင်အဆင်း ရှိ၏။ ရောဟဏ အမည်တွင်၏။ သူသည် အရွယ် ရောက်သောအခါ သမင်ရှစ်သောင်းတို့၏ ဦးစီးခေါင်းဆောင် ဖြစ်လာသည်။ သူသည် ညီဖြစ်သူ စိတ္တ၊ နှမဖြစ်သူ သုတနာတို့နှင့်အတူ မျက်မမြင် မိအို ဖအိုတို့ကို လုပ်ကျွေးပြုစု နေထိုင်လေသည်။

**စိတ်ကူးချိုချို**

ထိုအချိန်တွင် မိဖုရားတစ်ပါးသည် အိမ်မက်မြင်မက်သည်။ အိပ်မက်ထဲ၌ ရွှေသမင်တစ်ကောင်သည် ရွှေအင်းပျဉ်ပေါ်၌ ထိုင်လျက် လူအပေါင်းအား တရားဟောသည် မြင်မက်၏။ တရားမဆုံးမီ မိဖုရားသည် အိပ်ရာမှ လန့်နိုးလေ၏။ အိပ်မက်ကို အကယ်ထင်မှတ်သဖြင့် "ရွှေသမင်ကို ဖမ်းကြကုန်" ဟူ၍ ဟစ်အော်မိသည်။ အခြွေအရံတို့လည်း ရွှေသမင်အကယ်မရှိသဖြင့် ရယ်မောကြကုန်သည်။

သို့ရာတွင် မိဖုရားကား အိပ်မက်ကိုပင် စွဲလမ်းနေ၏။ ရွှေသမင်သည် တစ်နေရာရာ၌ အကယ်ရှိရမည် ဟူ၍လည်း မှတ်ယူထား၏။ ထို့ကြောင့် (ဘုရင့်အား) မုဆိုးများကို ရွှေသမင်ရှာရန် စေလွှတ်စေလေသည်။

ဤသတင်းကို ရောဟဏ သမင်အား မြင်တွေ့ဖူးသော မုဆိုး၏ သားသည် ကြားသိရ၏။ ထိုအခါ သူသည် ရောဟဏ ရွှေသမင်ရှိရာအရပ်သို့ သွားကာ ကျော့ကွင်းကို ထောင်လေသည်။

ထိုနေ့ညတွင် အခါတိုင်းကဲ့သို့ပင် ရောဟဏသည် သမင်အပေါင်းနှင့်အတူ ရေအိုင်သို့ ရေသောက်ဆင်း၏။ ထိုအခါ သူ၏ခြေသည် ကျော့ကွင်း၌ မိလေတော့သည်။ သူသည် လှုပ်ရှားမရသော်လည်း ရုတ်တရက်အော်ဟစ်ခြင်း မပြုပေ။ အကယ်၍ မိမိအော်ဟစ်ပါက သမင်အပေါင်းသည် ရေဝအောင် မသောက်ရတော့ဘဲ ကြောက်လန့်ကာ ထွက်ပြေးကြတော့မည် ဟူ၍ စိုးရိမ်သောကြောင့် ဖြစ်၏။ ထို့နောက် သမင်အပေါင်းတို့ ရေသောက်ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် ကျော့ကွင်းမှ ရုန်းထွက်၏။ သုံးကြိမ်တိုင် ရုန်းထွက်သောအခါ လွန်ကြိုးသည် အသားကိုပြတ်စေကာ အရိုးတိုင်အောင်ထိ၏။ လွတ်ကား မလွတ်။ ထိုအခါတွင်မှ သူသည် ကျော့ကွင်း၌ မိနေပြီဟူ၍ အော်ဟစ်လေသည်။ ညီတော်၊ နှမတော် အပါအဝင် သမင်အားလုံးသည်လည်း ထွက်ပြေးကြလေသည်။

ညီတော် စိတ္တသည် ခရီးအတန်ကွာ ထွက်ပြေးရာမှ သမင်အုပ်တွင် နောင်တော်ကို ရှာဖွေ၏။ မတွေ့သောအခါ ကျော့ကွင်း၌ မိနေသော သမင်သည် နောင်တော်ဖြစ်နေပြီလောဟူ၍ ပူပန်ကာ ထိုနေရာသို့ ပြန်ကြည့်၏။

ညီတော်စိတ္တ ပြန်လာသည်ကို နောင်တော် ရောဟဏ မြင်သောအခါ ထိုနေရာမှ ရှောင်ခွာရန် ဖျောင်းဖျလေသည်။ အကယ်၍ ညီတော် ရှောင်ခွာခြင်းမပြုပါက ညီတော်လည်း အဖမ်းခံရတော့မည်။ ထိုအခါ မျက်မမြင်မိအို ဖအိုတို့ကို မည်သူ လုပ်ကျွေးပြုစုမည်နည်း ဟူ၍ ပြောဆိုလေသည်။ ထိုအခါ ညီတော်စိတ္တက နောင်တော် စကားကို ငြင်းပယ်၏။ ဤသို့ဆို၏။

နောင်တော် အလှ၊ ရောဟဏ ငဲ့
သောကလွှမ်းဖုံး၊ ကျွန့်နှလုံးမှာ
ညှိုးချုံးမသာ၊ ရှိနေပါ၍
ရှောင်ခွာနောင့်အား၊ စွန့်မသွားပြီ
ကျွန့်ကား အသက် စွန့်တော့မည်။

သူတို့ညီနောင် စကားဆိုနေစဉ် နှမတော် သုတနာ ထိုနေရာသို့ ရောက်လာပြန်၏။ သုတနာသည် နောင်တော်ကို သမင်အုပ်၌ရှာဖွေရာ မတွေ့သဖြင့် ထိုနေရာသို့ ပြန်လာခြင်း ဖြစ်သည်။ ဤတွင် ရောဟဏက နှမတော်အား မိအိုဖအိုတို့ကို စောင့်ရှောက်ရန် လိုအပ်သဖြင့် ထိုနေရာမှ ထွက်ခွာသွားရန် ဖျောင်းဖျ ပြောဆိုပြန်၏။ နှမတော်လည်း နောင်တော်ကို စွန့်ခွာမသွားဘဲ ငြင်းဆိုပြန်လေသည်။

ကျော့ကွင်း၌သာ၊ မိနေရှာသော

ချစ်စွာ နောင့်အား၊ စွန့်မထားပြီ
ကျွန်ကား အသက် စွန့်တော့မည်။

ဤသို့အားဖြင့် လုံတံကိုင်စွဲလျက် ရွှေသမင်ကို သတ်ရန် ရောက်ရှိလာသော မုဆိုးသည် သမင်သုံးစီးကို မြင်တွေ့လေတော့သည်။ နှမတော်သုတနာကား မုဆိုးကိုမြင်သော် ကြောက်ရွံ့လှ၍ ထွက်ပြေးပေ သေး၏။ သို့ရာတွင် တစ်ဖန် ပြန်ရောက်လာသည်။ ထိုအကြောင်းကို ထင်ရှားပြလိုသော ဗုဒ္ဓသည် ဤသို့ ကျူးရင့်လေသည်။

သမင်မငယ်၊ ညှံ့နုနယ်၍
စိတ်ဝယ်ပူရှာ၊ ရွံ့ကြောက်လာ၍
လျင်စွာရှောင်ခွာ၊ ထွက်ပြေးပါလည်း
မကြာ အမြန်၊ နောင်တော့ထံသို့
ပြန်လာပြီးလျက်၊ မခွာရက်ဘဲ
အသက်စွန့်မည် ပြုတော့သည်။

မုဆိုးသည် သမင်သုံးစီး၏ သတ္တိကိုလည်းကောင်း၊ တစ်ဦးပေါ်တစ်ဦး ချစ်ခင်ကြင်နာမှုကို လည်းကောင်း မြင်တွေ့ရသောအခါ မသတ်ရက်နိုင်အောင် ဖြစ်လေတော့သည်။ သူသည် သားရေလွန်ကြိုးကိုဖြတ်၍ ရွှေသမင်ကို ရေစပ်၌ချကာ အနှောင်မှ ဖြေလွှတ်၏။ သွေးတို့ကို ဆေးကြော၏။ တစ်ဖန် ဝမ်းနည်းစိတ်မကောင်းစွာဖြင့် ရွှေသမင်၏ အနာကို ရေဖြင့် ဆေး၍ နူးညံ့သောခြေကို ပွတ်သပ်ပေး၏။ ထိုအခါ အနာသည် လျင်မြန်စွာ ပျောက်ကင်းကာ ပကတိအတိုင်း ပြန်ဖြစ်လေသည်။

ဤတွင် ညီတော်စိတ္တသည် မုဆိုးအား ဤသို့ပြောဆို ကျူးရင့်လေသည်။

အို–မုဆိုးဆွေမွန်
ခွန်အားကိုဆောင်၊ ငါ၏နောင်လျှင်
နှောင်ကျော့ကွင်းမှ၊ လွတ်မြောက်ရ၍
ရွှင်ပျော့်မှာ၊ ချမ်းမြေ့ပါသို့
သင့်မှာလုံးစုံ၊ မျိုးဆွေစုံနှင့်
တွေ့ဆုံပြီးကာ၊ ကြည်ရွှင်သာ၍
သာယာ ချမ်းမြေ့ ပါစေသော်။

ထိုစဉ် ရောဟဏက မုဆိုးအား အဘယ်ကြောင့် ကျော့ကွင်းထောင်၍ ဖမ်းပါသနည်း။ မုဆိုးသည် သူ၏ဆန္ဒအရ ဖမ်းပါသလော။ သို့တည်းမဟုတ် သူတစ်ပါးစေခိုင်း၍ ဖမ်းပါသလောဟူ၍ မေး၏။ မုဆိုးကလည်း ဘုရင်၏ ဆန္ဒအရလည်းကောင်း၊ မိဖုရား၏ အိမ်မက်အရလည်းကောင်း ပမ်းရကြောင်း ရှင်းလင်းပြောပြ၏။ ဤတွင် ရွှေသမင်က သူ့အား ဘုရင့်ထံ ယူဆောင်သွားရန် ပြောကြားလေသည်။ မုဆိုးက ဘုရင်သည် သင့်အား ရန်ပြုလိမ့်မည်။ ကျွန်ုပ် ယူဆောင်မသွားလိုပါဟူ၍ ပြန်ပြောလေသည်။

ထိုအခါ ရောဟဏသည် မုဆိုးအား မိမိ၏ကျောကို ပွတ်သပ်စေလေသည်။ မုဆိုးလည်း ရွှေသမင်ဆိုသည့်အတိုင်း ပြုသည်ရှိသော် ရွှေရောင်အဆင်းရှိသော လှပသော အမွေးများ လက်၌ ကပ်ပါလာသဖြင့် မည်သို့ပြုရမည်နည်းဟူ၍ မေး၏။ ရောဟဏက ယင်းတို့ကို ဘုရင်နှင့် မိဖုရားထံ ယူဆောင်သွားရန်လည်းကောင်း၊ သူ့အကြောင်းကိုပြောကာ သူ့ကိုယ်စားသမင်မွေးကိုပြလျက် ဆယ်ဂါထာဖြင့် တရားဟောရန်လည်းကောင်း ပြောကြား၏။ ထို့နောက် ဆယ်ဂါထာပါရှိသောတရားကို မုဆိုးအားသင်ပေးလေသည်။

**စိတ်ကူးချိုချို**

မုဆိုးသည် ဆယ်ဂါထာပါရှိသောတရားကို တတ်မြောက်သောအခါ မိမိနေရာအရပ်သို့ပြန်ရန် ထွက်ခွာ၏။ ရောဟဏတို့လည်း မုဆိုးနှင့်အတူ ခရီးအတန်ကြာမျှ လိုက်ပါခဲ့၏။ ထို့နောက် မုဆိုးထံမှ ဖယ်ခွာကာ မိဘနှစ်ပါးထံ ပြန်ခဲ့ကြလေသည်။

မုဆိုးသည် ရောဟဏမှာသည့်အတိုင်း ဘုရင်နှင့် မိဖုရားတို့အား အကျိုးအကြောင်း ပြန်ပြောင်းတင်လျှောက်၏။ သမင်မွေးတို့ကို ပြ၏။ ဆယ်ဂါထာဖြင့် တရားဟော၏။ ထိုအခါ ဘုရင်သည် ဆုလာဘ်များစွာ ချီးမြှင့်လေသည်။ သို့ရာတွင် မုဆိုးသည် ဆုလာဘ်တို့ကို မိမိ၏မယားအား ပေးအပ်လျက် သူမူကား ရဟန်းပြုတော့မည်ဟူ၍ ဘုရင့်ထံ ခွင့်ပန်၏။ အကြောင်းကား အောက်တွင် သူလျှောက်ခဲ့သည့်အတိုင်း သူ သတိ သံဝေဂ ရခဲ့သောကြောင့်ပင်။

ရွှေသမင်သည်
ကျွန့်ဆီ လက်တွင်း၊ သူသက်ဆင်း၍
ကျော့ကွင်း၌လျှင်၊ မိနေစဉ်ဝယ်
သမင်နှစ်စီး၊ တသီးတခြား
လွတ်မြောက်ငြားလည်း
အနားမခွာ၊ ရပ်တည်လာ၏။

ထိုခါသရော်
ကျွန်တော်မျိုးမှာ၊ ထိတ်လန့်လာပြီး
ကြက်သီးမွေးညင်း၊ တဖျင်းဖျင်းနှင့်
ကိုယ်တွင်းဆူဝေ၊ ဖုံးလွှမ်းပေ၍
ရွှေသမင်အား၊ ငါသတ်ငြားက

ငါကားတစ်လည်း၊ သေရမည်ဟု
စိတ်ရည်မှတ်ခဲ့ ပါသည်တကား။

မုဆိုးသည် ရဟန်းပြုရန် ထွက်ခွာမသွားမီ ဘုရင့်အား အဆွေခင်ပွန်းနှင့် နန်းတွင်းသူ နန်းတွင်းသားများအားလည်းကောင်း၊ ရဟန်းပုဏ္ဏားများအားလည်းကောင်း ကျေးငှက်တိရိစ္ဆာန်များအားလည်းကောင်း၊ ခရီးသွားလာရာတွင် လည်းကောင်း၊ စစ်မြေပြင်တွင်လည်းကောင်း၊ မြို့ရွာ နိဂုံးတွင်လည်းကောင်း၊ တရားနှင့်အညီ ကျင့်ကြံပြုမူရန် မေတ္တာရပ်ခံကာ ဤသို့ဆိုခဲ့လေသည်။

နိုးကြားထဘိ၊ ထိုသတိဖြင့်
မြတ်သည်လမ်းသို့ လှမ်းပါလော့။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဆန္ဒအမတ်သည် မုဆိုး၊ ရှင်သာရိပုတ္တရာသည်ဘုရင်၊ ရဟန်းမိန်းမငယ်တစ်ဦးသည် မိဖုရား၊ ဥပါလဝဏ်ထေရီသည် သုတနာ၊ ရှင်အာနန္ဒာသည် စိတ္တာ၊ သာကီဝင်မျိုးနွယ်များသည် သမင်ရှစ်သောင်း၊ ငါဘုရားကား ရွှေသမင်ဖြစ်ပေသည် ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# နိဂြောဓ ရွှေသမင်

ဤဇာတ်တော်ကို ဗုဒ္ဓသည် ရဟန်းတစ်ပါး၏မိခင်ကို အကြောင်းပြု၍ ဟောတော်မူခြင်း ဖြစ်သည်။

ရဟန်း၏ မိခင်သည် ပျိုရွယ်စဉ်အခါက သူဌေးကြီး တစ်ဦး၏ သမီးဖြစ်၏။ သူသည် ဝတ်ကြောင်ဖြင့် မမွေ့လျော်၊ ရဟန်းပြုလိုသဖြင့် အမိအဖတို့ထံ ခွင့်ပန်ရာ ခွင့်မရခဲ့။ ထိုအခါ သူအိမ်ထောင်ရက်သားကျပြီးသည့်အချိန်တွင် လင်ယောကျ်ားထံမှ အခွင့်ရတန်ကောင်း၏ ဟူ၍ တွေးတောမိလေသည်။ အချိန်တန်သော် ထိုသူဌေးသမီးသည် အိမ်ထောင်ကျကာ သီလ သမာဓိနှင့် နေထိုင်လေသည်။

တစ်နေ့သ၌ ပွဲတော်ရက် ကြုံကြိုက်လေ၍ မြို့သူမြို့သားအားလုံး ပင် အဖိုးတန် အဝတ်တန်ဆာတို့ကို ဝတ်ဆင်သွားလာကြ၏။ သူဌေးသမီးကား တစ်စုံတစ်ရာ ဖြီးလိမ်းဝတ်ဆင်ခြင်းမပြု။ သာမန် အဝတ်ဖြင့်သာ ရှိနေ၏။ လင်က အကျိုးအကြောင်း မေးမြန်းလေသည်။ သူဌေးသမီးက လည်း

"အမောင် လူတို့၏ ကိုယ်ခန္ဓာမှာ ခပ်သိမ်းသော ရောဂါတို့၏ တည်ရှိရာဖြစ်၏။ သေခြင်းလျှင် အဆုံးရှိ၏။ ဤသို့ သဘော ရှိသော ကိုယ်ကို လိမ်းကျံတန်ဆာဆင်ခြင်းဖြင့် မည်သို့အကျိုး ရှိပါမည်နည်း" ဟူ၍ ဆိုလေသည်။ လင်နှင့်မယားသည် ထို အရေးကို အတန်ကြာမျှ ဆွေးနွေးကြရာ နောက်ဆုံးတွင် လင်ဖြစ်သူသည် မိမိမယား ရဟန်းပြုလိုကြောင်း သိရှိသဘော တူလေသည်။ မယားကို ဒေဝဒတ်ကျောင်းရှိ ရဟန်း မိန်းမတို့ထံ ကိုယ်တိုင်ခေါ်ဆောင်ကာ ရဟန်းအဖြစ် ခံယူ စေလေသည်။

ထိုရဟန်းမိန်းမသည် အချိန်အတန်ကြာ ပျော်ရွှင် ချမ်းမြေ့ စွာနေရပေ၏။ သို့ရာတွင် တစ်နေ့သောအခါ သူ၌ ကိုယ်ဝန် ရှိလာကြောင်း သိရှိရလေသည်။ အဖော်ဖြစ်သော ရဟန်း မိန်းမတို့လည်း မည်သို့ ပြုရမည် မသိဖြစ်၍ ဒေဝဒတ်ထံ ပို့ဆောင် မေးလျှောက်ကြ၏။

ဒေဝဒတ်သည် သူ့ဩဝါဒခံ ရဟန်းမိန်းမတစ်ဦး ကိုယ်ဝန် ရှိခြင်း သည်မကောင်း၊ သူတို့အဖို့ ကဲ့ရဲ့စရာ ဖြစ် တော့မည်ဟူ၍ တွေးမိလေသည်။ ထိုရဟန်းမိန်းမ မည်သည့် အကြောင်းကြောင့် မည်သည့်အခါတွင် ကိုယ်ဝန်ရှိခဲ့သည်၊ ရဟန်းမပြုမီ ကိုယ်ဝန် ရှိသလော၊ ပြုပြီးမှ ရှိသလော စသည်ဖြင့် စူးစမ်း စစ်ဆေးခြင်း လည်းမပြု။ ထိုရဟန်းမိန်းမကို လူဝတ်လဲစေရန် အမိန့်ပေး လေသည်။

ရဟန်းမိန်းမက အဖော်တို့အား ဒေဝဒတ်သည် ဘုရား မဟုတ်၊ ဗုဒ္ဓဘုရားရှင်ထံ မိမိသွားပြီး လျှောက်တင် လက်ခံစေ မည်ဟူ၍ ဆိုလေသည်။

ဗုဒ္ဓအပါးသို့ ရဟန်းမိန်းမ ရောက်ခဲ့လေပြီ။ ဤတွင် ဒေဝဒတ် စွန့်ပစ်အပ်သူကို လက်ခံသယောင် တိတ္ထိတို့ မဟုတ်မဟတ် စွပ်စွဲလေတော့ မည်၊ အမှန် ကြားသိစေအံ့ဟူ၍ ဗုဒ္ဓ ကြံတော်မူ၏။ လူ ရဟန်း ပရိသတ် တို့ကိုလည်း မိမိ ထံပါးသို့ ခေါ်ယူလေ၏။

ဗုဒ္ဓသည် ရဟန်းမိန်းမ မည်သည့်အချိန်တွင် ကိုယ်ဝန် စတင်ရှိခဲ့ သည်ကို စစ်ဆေးကြည့်စေလေသည်။ ထိုအခါ ရဟန်းမပြုမီ လင်ယောကျ်ားနှင့်အတူနေစဉ်က ကိုယ်ဝန်ဖြစ် ကြောင်း တွေ့ရှိရသည်။ ရဟန်းမိန်းမမှာ သီလစင်ကြယ် သည့်အဖြစ် ထင်ရှားကာ ရဟန်းမိန်းမတို့ နေထိုင်ရာ ကျောင်း မှာပင် နေထိုင်ခွင့် ရပေ၏။

ကိုယ်ဝန်စေ့သော် ရဟန်းမိန်းမသည် သားယောကျ်ား ကလေး ဖွားမြင်၏။ တစ်နေ့သ၌ ဘုရင်သည် ထိုကျောင်းအနီးမှ ဖြတ်သန်းသွားစဉ် ကလေးငိုသံကြားရ၏။ ထိုအခါ ရဟန်း မိန်းမတို့ သီတင်းသုံးရာကျောင်းနှင့် မအပ်စပ်ဟု ဆိုကာ ကလေးကို နန်းတော်ခေါ်ဆောင်ပြီးလျှင် ကျွေးမွေးစောင့် ရှောက်ထားလေသည်။ ထိုကလေးသည်လည်း အရွယ်ရောက် သောအခါ ရဟန်းပြု၍ ထင်ရှားလှသော ရဟန်း သာဝက တစ်ပါး ဖြစ်လာလေသည်။

တစ်နေ့သ၌ ရဟန်းတို့သည် ထိုအကြောင်းကို စကား စပ်မိရင်း ထိုရဟန်းအား ကိုယ်ဝန်ဆောင်ရသည့်အမှုတွင် ဒေဝဒတ်မှာ အဖျက်အဆီး ဖြစ်ခဲ့ပုံ၊ ဗုဒ္ဓကား မေတ္တာကရုဏာ ပြည့်စုံ၍ ရဟန်းနှင့် ရဟန်း၏ မိခင်အတွက်ပါ အထောက်အပံ့

ဖြစ်ခဲ့ပုံ စသည်ဖြင့် ပြောဆိုနေကြ၏။

ထိုစဉ် ရဟန်းတို့အနီးသို့ ဗုဒ္ဓကြွချီလာရာမှ မည်သည့် အကြောင်းကို ပြောဆို ဆွေးနွေးနေကြောင်း မေးမြန်းတော်မူလေသည်။ ရဟန်းတို့က အကြောင်းခြင်းရာကို ဗုဒ္ဓအား လျှောက်ထားလေသည်။ ဤတွင်ဗုဒ္ဓက ယခုမှသာ ဤအဖြစ်မျိုး ဖြစ်ခဲ့သည်မဟုတ်၊ ယခင်ကလည်း ဖြစ်ခဲ့ဖူးပြီဟု မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

တစ်ရံရောအခါ ဗုဒ္ဓသည် ရွှေအဆင်းရှိသော သမင်မျိုး၌ဖြစ်၍ မြင်းငယ်ပမာ အတိုင်းအရှည် ရှိလေသည်။ သူ၏ ကိုယ်သည် တင့်တယ် ပြေပြစ်၏။ သူ၏ ဦးချိုတို့သည် ပွတ်တိုက်ထားသော ငွေဆိုင်ပမာ တောက်ပြောင်၏။ သူ၏မျက်လုံးတို့သည် ကျောက်မျက်ရတနာနှင့် တူ၏။ သူ၏ပါးစပ်သည် နီရဲတောက်ပ၏။ သူ၏ခွာတို့သည် မာကျော၍ ချိပ်ရည်ဖြင့် ဆိုးထားသကဲ့သို့ ရှိ၏။ သူ၏မြီးဆံသည် စာမရီ၏ မြီးဆံကဲ့သို့ ရှည်၏။ အမည်အားဖြင့် 'နိဂြောဓ' ဟူ၍ ခေါ်တွင်၏။ သူသည် သမင် ငါးရာကို အုပ်စိုးလျက် ဗာရာဏသီပြည် အနီးရှိ တောအုပ်၌ နေလေသည်။

ထိုတောအုပ်၌ အခြားသော သမင်ငါးရာလည်း နေလေ၏။ ယင်းတို့ကို ရွှေအဆင်းရှိသော 'သာခ' အမည်ရှိ သမင်သည် အုပ်စိုး၏။

ထိုသမင်တို့၏ဘဝသည် ချမ်းမြေ့ဖွယ်ဖြစ်သော်လည်း တကယ် စင်စစ်ကား မချမ်းမြေ့ရာပေ။ နေ့စဉ်နှင့်အမျှ ဘုရင်သည် သမင်လိုက် တောကစား ထွက်တတ်လေသည်။ ဘုရင်တောကစားထွက်ရာသို့ တောင်သူ လယ်သမားများ၊ ဈေးသည်များ အစရှိသော ပြည်သူတို့သည် အတူလိုက်

ပါရ၏။ သူတို့သည် လုပ်ခင်းဆောင်တာ ပျက်သဖြင့် မကျေမနပ် ရှိလာတော့သည်။

တစ်နေ့သ၌ သူတို့သည် အကြံတစ်ခု ရလေသည်။ ဘုရင့်နန်းတော် အနီးရှိ ဥယျာဉ်တော်ဝယ် ရေကန်တူး၍ အစာ မြက်တို့ပေါက်စေကာ သမင်တို့ကို သွင်းထားကြမည်။ ထိုအခါ ဘုရင်သည် ဥယျာဉ်ထဲဝယ် သမင်လိုက်နိုင်မည်ဖြစ်ရာ မိမိတို့ တောခြောက်ပေးရန် မလိုတော့ဟူ၍ စဉ်းစားကြံစည်ကြ၏။ ထိုအကြံတိုင်းပြုကာ သူတို့၏ ဆောင်ရွက်ချက်ကို ဘုရင်အား လျှောက်ထားကြလေသည်။ ဘုရင်လည်း ထိုနေ့မှစ၍ ဥယျာဉ်၌သာ နေ့စဉ် သမင်လိုက်လေသည်။

ဘုရင်စားတော်တည်ရန် တစ်နေ့လျှင် သမင်တစ်ကောင်ကို ရရန် မြားတစ်စင်းတည်းဖြင့် ပစ်၍မရ။ မြားအစင်းများစွာဖြင့် ပစ်ရ၏။ ထိုအခါ သမင်တစ်ကောင်သေပြီး၊ ကျန်သမင်များစွာတို့မှာ ဒဏ်ရာ အနာတရ ရရှိကြ၏။ ဤတွင် သမင်များစွာ ပင်ပန်းဆင်းရဲကြရသည်။ သမင်မင်း နှစ်ဦးလည်း စိတ်မချမ်းမသာ ဖြစ်ကြလေကုန်သည်။

တစ်နေ့သ၌ နိဂြောဓသမင်မင်းတွင် အကြံတစ်ခု ပေါ်လာ၏။ မိမိ၏ သမင်အုပ်ထဲမှ တစ်ရက်၊ သာခသမင်မင်း၏ သမင်အုပ်ထဲမှတစ်ရက် အားဖြင့် တစ်လှည့်စီ သမင်တစ်ကောင်စီသွား၍ နန်းတွင်းရှိ သားကောင် သတ်ရာ စဉ်းတီးတုံးပေါ်တွင် လည်စင်းပေးကာ အသတ်ခံရသော် မသင့်ပေလော၊ ကျန်သမင်တို့သည်လည်း အနာတရ ရကြမည်မဟုတ်ဟူ၍ အကြံဖြစ်ပေါ်၏။ ထိုအကြံကို သမင်တို့အား ပြောပြရာ အားလုံးသဘောတူကြ၏။ တစ်ခုဆိုစရာရှိသည်။ နိဂြောဓ သမင်မင်းနှင့် သာခ သမင်မင်း တို့မူ ယင်းသို့ အသတ်ခံရန် မသွားရပေ။ အကြောင်းမှာ သူတို့ကို ရှေး၌ဘုရင်က မြင်တွေ့နှစ်သက်၍ သတ်ဖြတ်ခြင်းမပြုရန် ဘေးမဲ့ပေးထား

သောကြောင့် ဖြစ်ပေသည်။

သမင်တို့၏အစီအစဉ်သည် ကာလအတန်ကြာ ချောချောမောမော ရှိခဲ့လေသည်။ တစ်နေ့သောအခါ ကိုယ်ဝန်ရှိနေသော သမင်မငယ်၏ အလှည့်သို့ ရောက်လာပေ၏။ ထိုသမင်မငယ်သည် မိမိ၏အရှင်ဖြစ်သော သာခသမင်မင်းထံချဉ်းကပ်၍ ယခုအလှည့်တွင် မသွားလိုပါ၊ သားဖွားပြီး၍ သားငယ်ကို လွှတ်ထားနိုင်သောအခါတွင်မှ သွားပါရစေဟူ၍ တောင်းပန်၏။ သာခသမင်မင်းက လက်မခံ။

"သင့်အလှည့်ကို သူတစ်ပါးအပေါ်သို့ မချလို၊ သင်သာသွားလော့" ဟူ၍ ဆိုကာ ငြင်းပယ်လိုက်လေသည်။

သမင်မငယ်လည်း စိတ်မကောင်းဖြစ်ကာ နိဂြောဓ သမင်မင်းထံ ချဉ်းကပ် ပန်ကြားပြန်၏။ ထိုအခါ နိဂြောဓ သမင်မင်းက "မစိုးရိမ်လင့်၊ သင့်အလှည့်တွင် အခြားသမင်တစ်ကောင်အား ကိုယ်စားလွှတ်မည်" ဟု ကြင်နာစွာ ပြောဆိုလွှတ်လိုက်လေသည်။ သမင်မငယ်လည်း ဝမ်းမြောက်ဝမ်းသာစွာ ထွက်ခွာသွားလေသည်။

ထို့နောက် နိဂြောဓသမင်မင်းသည် မိမိကိုယ်တိုင်သွား၍ စဉ်းတီတုံးပေါ် လည်စင်းပေးလေသည်။ သမင်သတ်ရန် တာဝန်ကျသူလည်း နိဂြောဓရွှေသမင်ကိုယ်တိုင် ဖြစ်နေသဖြင့် မသတ်ဝံ့။ ဘုရင့်ထံ အကြောင်းကြားရ၏။ ဘုရင်သည် ထိုနေရာသို့ လာ၍ကြည့်ကာ "သင့်အား ဘေးမဲ့ပေးထားပါလျက် အဘယ်ကြောင့် စဉ်းတီတုံးပေါ်တွင် လာ၍ လည်စင်းခံပါသနည်း" ဟူ၍ ရွှေသမင်အား ကရုဏာဖြင့် မေးလေသည်။

နိဂြောဓသမင်မင်းထံမှ သမင်မငယ်၏ဖြစ်အင်ကို ကြားရသောအခါ ဘုရင်သည် သနားစိတ်ဖြစ်ကာ သမင်မငယ်ကို ဘေးမဲ့ပေးလေသည်။ နိဂြောဓသမင်မင်းသည် အခြားသမင်များ၏ အသက်ကိုလည်း ဘေးမဲ့ပေး

ပါရန် ဘုရင်အား တောင်းပန်ပြန်၏။ ဘုရင်လည်း သဘောတူပေ၏။ နိကြောခသမင်မင်းသည် ထိုမျှဖြင့် မကျေနပ်သေး။ ဗာရာဏသီပြည်တွင်း ရှိ အခြားသော တိရစ္ဆာန်များ၊ ငှက်များ၊ ငါးလိပ်များ၏အသက်ကို မည်သို့ သဘောထားပါသနည်း။ သူတို့လည်း သေဘေးကို ကြောက်လန့်လျက် ရှိပါသည်ဟူ၍ မေးလျှောက်လေသည်။ ဘုရင်၏နှလုံးသားမှာ မေတ္တာဖြင့် ယိုဖိတ်လျက် ရှိရကား မည်သည့်အသက်ကိုမျှ မသတ်လိုတော့။ ထို့ကြောင့် သူတို့ကိုလည်း ဘေးမဲ့ပေးအပ်ပြီဟူ၍ မိန့်ဆိုလေသည်။

နိကြောခ သမင်မင်းသည် ကျေနပ် နှစ်သိမ့်စွာဖြင့် သမင်အုပ်ထံ ပြန်ကာ ငြိမ်းချမ်းစွာ နေထိုင်လေသည်။ မကြာမီ သမင်မငယ်သည် သားငယ်ကို မွေးဖွား၏။ ထိုသားငယ် ကြီးပြင်းလာသောအခါ အမိက သားငယ်အား နိကြောခ သမင်မင်း၏ အပြုအမူတို့ကို အတုယူ လိုက်နာပြုမူရန် ပြောဆိုလေသည်။

သမင်အပေါင်းသည် လွတ်ငြိမ်းချမ်းသာခွင့် ရသဖြင့် ဝမ်းသာပျော်ရွှင်လျက် ရှိကြပေ၏။ အတန်ကြာသော် သူတို့သည် ဥယျာဉ်ကိုစွန့်ခွာ၍ လယ်ပြင်မှ ကောက်ပဲသီးနှံများကို စားလာသဖြင့် လူတို့လည်း ဘုရင်ထံ လျှောက်ထား တိုင်ကြားကြသည်။ ဘုရင်ကလည်း ဘေးမဲ့ပေးပြီး ကတိကို မဖျက်ပါဟု ဆိုလေသည်။

ကံအားလျော်စွာ နိကြောခသမင်မင်းသည် ထိုအကြောင်းကို ကြားသိရပေ၏။ ထို့ကြောင့် သမင်အပေါင်းအား စည်းဝေးစေကာ လူတို့၏ ကောက်ပဲသီးနှံများကို မစားကောင်းကြောင်း ပြောဆိုဆုံးမလေသည်။ လူတို့အားလည်း မိမိတို့လယ်ယာများကို ခြံစည်းရိုးကာရံထားရန်မလို၊ သမင်မဝင်ရအောင် လယ်ပတ်လည်၌ သစ်ရွက်အမှတ်အသား ဖွဲ့ချည်ထားရန်သာ မှာကြားလေသည်။ နိကြောခ ရွှေသမင်ဆိုသည့်အတိုင်း လူတို့သည်

လိုက်နာကြပေ၏။ သမင်တို့လည်း သစ်ရွက် အမှတ်အသားက လွန်၍ မသွားကြလေကုန်။

ဤသို့ဖြင့် နိုင်ငံအဝန်းရှိ လူနှင့် တိရိစ္ဆာန်တို့သည် နှစ်ပေါင်း ကြာမြင့်စွာ ချစ်ကြည်ငြိမ်းချမ်းစွာ နေထိုင်လေသတည်း။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ရှင်အာနန္ဒာသည် ဘုရင်၊ ရဟန်းမိန်းမသည် သမင်မငယ်၊ သာဝကရဟန်းသည် သမင်မငယ်၏ သားဖြစ်သည်။ ငါဘုရားကား နိဂြောဓ သမင်ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်း တော်မူလေသည်။

*

# သမင် နှင့် ဘုရင်

တစ်ခါသော် ရဟန်းတစ်ပါးသည် လူအများရှေ့တွင် တန်ခိုးပြာဋိဟာပြသဖြင့် ဗုဒ္ဓ အပြစ်တင်တော်မူလေသည်။ တန်ခိုးပြာဋိဟာပြခြင်းသည် အချည်းအနှီး ဖြစ်ပေသည်ဟူ၍ ရဟန်းတို့အား တန်ခိုးပြာဋိဟာပြခြင်းကို တားမြစ် ပညတ်တော်မူလေသည်။

အဆိုပါ ရဟန်းပြသော တန်ခိုးပြာဋိဟာကား တိုင်အမြင့်တွင် ရာဇဂြိုဟ်သူဌေး ချိတ်ထားသောသပိတ်ကို ဈာန်တန်ခိုးဖြင့် ယူငင်ခြင်း ဖြစ်ပေသည်။ ထိုအခါ တိတ္ထိတို့က မိမိတို့လည်း တန်ခိုးပြာဋိဟာ ပြနိုင်သည်သာဖြစ်သည်။ အကယ်၍ ဗုဒ္ဓသည် တစ်ခုသော တန်ခိုးပြာဋိဟာကို ပြပါမူ မိမိတို့က နှစ်ဆတက်ကာ တန်ခိုးပြာဋိဟာပြအံ့ဟု ဆိုကြလေသည်။

ထိုအကြောင်းကို ရဟန်းတို့က ဗုဒ္ဓအား လျှောက်ထားကြ၏။ ဗုဒ္ဓကလည်း အကယ်၍ တိတ္ထိတို့သည် တန်ခိုးပြာဋိဟာပြပါက ငါဘုရားသည်လည်း တန်ခိုးပြာဋိဟာ ပြအံ့ဟု မိန့်တော်မူ၏။

**စိတ်ကူးချိုချို**

ဗုဒ္ဓ၏စကားကို ဘုရင်က ကြားနာရလေသည်။ သိကြာပုဒ်ကိုပညတ်တော်မူပြီး ဖြစ်ပါလျက် အဘယ်ကြောင့် တန်ခိုးပြာဋိဟာပြမည် ပြုပါသနည်းဟူ၍လည်း ဗုဒ္ဓအား လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက ဘုရင်အား သင်မင်ကြီး၏ ဥယျာဉ်တော်ရှိ ပန်း၊ သစ်သီးကို မဆွတ်ခူးရန် တပါးသူကိုသာ တားမြစ်လေသည်။ သင်မင်ကြီး ကိုယ်တိုင်ကိုမူ တားမြစ်ပါသလော။ ထို့အတူပင် တန်ခိုးပြာဋိဟာမပြရန် ရဟန်းတို့ကိုသာ မိမိ တားမြစ် ပညတ်ပေသည်။ မိမိကိုယ်တိုင်မူ ပညတ် သည်မရှိဟူ၍ မိန့်တော်မူ၏။ တဖန် ဝါဆိုလပြည့်နေ့တွင် တန်ခိုးပြာဋိဟာ ပြတော်မူမည်ဟူ၍လည်း မိန့်တော်မူ၏။ ထိုအကြောင်းကို သာဝတ္ထိတစ်မြို့လုံး ကြွေးကြော်စေရာ လူအပေါင်းသည် စုဝေး ရောက်ရှိလာကြသည်။

ဗုဒ္ဓသည် ဝါဆိုလပြည့်နေ့နံနက်တွင် အခါတိုင်းကဲ့သို့ပင် သပိတ်ကိုဆောင်၍ ဆွမ်းခံကြွတော်မူ၏။ မြို့တံခါးသို့ ရောက်သော် ဥယျာဉ်စောင့်နှင့် တွေ့တော်မူလေသည်။ ဥယျာဉ်စောင့်လည်း မူလက ဘုရင့်အား ဆက်သရန် ဆွတ်ခူးလာခဲ့သော အထူးကောင်းမွန်သော သရက်သီးမှည့်တစ်လုံးကို ဗုဒ္ဓအား လှူလိုက်လေသည်။

ဗုဒ္ဓသည် သရက်သီးကိုခံယူကာ ထိုအရပ်၌ ဘုဉ်းပေးတော်မူလေသည်။ ပြီးသော် သရက်စေ့ကို ရှင်အာနန္ဒာလက်မှ ဥယျာဉ်စောင့်အား ပေးစေ၍ ထိုအရပ်မှာပင် စိုက်စေ၏။ ယခုပင် တန်ခိုးပြာဋိဟာဖြစ်စေအံ့ ဟူ၍လည်း မိန့်တော်မူ၏။ ဥယျာဉ်စောင့်သည် သရက်စေ့ကိုစိုက်ပေ၏။ စိုက်၍

ပြီးလျှင်ပြီးချင်း သရက်စေ့သည်ကွဲ၍ အမြစ်တို့ ပေါက်လာ၏။ အရွက်တို့ထွက်လာ၏။ မြင့်မားသော သရက်ပင်သည်ပြည့်စုံစွာ ဖြစ်လေသည်။ ထိုခဏ၌ပင် သရက်ပင်ဝယ် အပွင့်တို့၊ အသီးတို့ ပေါ်ထွက်ခဲ့တော့၏။ ပျားပိတုန်းတို့ ဝန်းရံခဲ့တော့သည်။ လေခတ်သောအခါ သရက်သီးမှည့်တို့ ကြွေကျခဲ့တော့သည်။ ယင်းတို့ကို ရဟန်းတို့ စားသုံးကြလေသည်။

ထို့နောက် ဗုဒ္ဓသည် ယမိုက်ပြာဋိဟာကို ပြတော်မူလေသည်။ နောက်တစ်နေ့တွင် ရဟန်းတို့၏ တန်ခိုးပြာဋိဟာ ပြနိုင်မှုကိုသာ လူတို့ အထင်ကြီး၍ ရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာကြီးမားမှုကား မထင်ရှားသေးသည်ကို ဗုဒ္ဓ မြင်တော်မူ၏။ ဤတွင် ဗုဒ္ဓသည် ရဟန်းများအား ပြဿနာများကို မေးတော်မူ၏။ ထို့နောက်မှ ရှင်သာရိပုတ္တရာအား ပြဿနာ တစ်ရပ်ကို မေးတော်မူ၏။ ထိုပြဿနာကို ရှင်သာရိပုတ္တရာ တစ်ပါးတည်းသာလျှင် ဖြေနိုင်လေသည်။ ဤတွင်မှ လူတို့သည် ရှင်သာရိပုတ္တရာ၏ ပညာဂုဏ်ကို သိရှိကြလေသည်။ ထိုအကြောင်းနှင့်စပ်၍ ရဟန်းအချင်းချင်း ပြောဆို နေသည်ကို ဗုဒ္ဓကြားတော်မူသောအခါ သင်တို့အား ဇာတ်တစ်ပုဒ် ဟောမည်ဟူ၍ ဆိုတော်မူလေသည်။

*

တစ်ရံရောအခါ ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်၏။ တစ်နေ့ သ၌ ဗာရာဏသီပြည့်ရှင်ဘုရင်သည် တောကစားထွက်ရန် နောက်လိုက် ဗိုလ်ပါများကိုပါ ခေါ်ဆောင်ခဲ့ပေ၏။ ထို့နောက် မိမိတာမှ သမင်မထွက် အောင်စောင့်ရမည်။ အကယ်၍ မိမိတာမှ သမင်ထွက်သော် ရာဇဒဏ်ပေးမည်

ဟူ၍ မိန့်ဆိုမှာကြားထား၏။ နောက်လိုက်ဗိုလ်ပါတို့သည်လည်း ဘုရင်ရှိရာ အရပ် သို့ သမင်ရောက်အောင် အချင်းချင်း ညှိနှိုင်းကြံစည်ကြလေသည်။ ဤ သို့ဖြင့် သမင်တစ်ကောင်သည် ဘုရင့်တာဘက်သို့ ရှေးရှုထွက်ပြေးလာ တော့သည်။ ဘုရင်လည်း လေးတင်၍ပစ်ရာ လွဲသွား၏။ သမင်တို့မည်သည် ရံဖန်ရံခါပင် မြားရန်မှလွတ်အောင် ရှောင်တတ်ရကား၊ ထိုသမင်သည် မြားမထိအောင် မြေပေါ်၌ လူးလိမ့် ရှောင်ရှားခဲ့လေသည်။ မြေပေါ်၌ ထိုသမင်လဲသည်ကို မြင်လျှင် ဘုရင်က ငါပစ်မိပြီဟူ၍ ဟစ်ကြွေးသံလွှတ် ၏။ သို့ရာတွင် သမင်သည် ထ၍ ပြေးလေသဖြင့် နောက်လိုက်ဗိုလ်ပါတို့ သည် ပြက်ရယ်ပြုကြကုန်၏။

နောက်လိုက်ဗိုလ်ပါတို့ ပြက်ရယ်ပြုသည်ကို ဘုရင်သည် အမျက် ထွက်လေ၏။ သမင်ကိုရအောင် ဖမ်းတော့မည်ဟူ၍လည်း ဆုံးဖြတ်လေ၏။ ထို့ကြောင့် သမင်နောက်သို့ စွမ်းအားရှိသမျှ လိုက်လေသည်။ ယင်းသို့ လိုက်စဉ် သမင်နှင့်ဘုရင်သည် ထူးတွင်းကြီးတစ်ခုအနီးသို့ ရောက်လာကြ၏။ ထူးတွင်းကြီးကား ရေပြည့်နေပြီးလျှင် မြက်သစ်ရွက်တို့ဖြင့် ဖုံးအုပ်လျက် ရှိသည်။ သမင်သည် ရေနံ့ရ၍ ထူးတွင်းရှိမှန်းသိ၏။ ထို့ကြောင့် ရှောင် လိုက်ပေ၏။ မင်းကြီးမူကား ဖြောင့်ဖြောင့်သွားရာ ထူးတွင်းထဲသို့ ကျ တော့သည်။

သမင်သည် ပြေးရာမှ ခြေသံမကြားရသဖြင့် ဘုရင်နောက်က မ လိုက်တော့သည်ကို သိလိုက်၏။ ထူးတွင်းထဲသို့ ဘုရင်ကျလိမ့်မည်ဟူ၍ စဉ်းစားမိကာ နောက်သို့ပြန်လာ၏။ ထူးတွင်းဝမှ ငုံ့ကြည့်၏။ ထိုအခါ အထဲ၌ ကျနေသောဘုရင်ကို တွေ့မြင်ရလေသည်။ ဤတွင် သူက "မင်းကြီး မကြောက်လင့် အကျွန်ုပ်ကယ်မည်" ဟူ၍ဆိုကာ ကျောက်ဆောင် တစ်ခုကို အားပြုလျက် ဘုရင်ကို ဆယ်တင်လေသည်။ ထို့နောက် ဘုရင်

အား ကျောကုန်း၌တင်ကာ နောက်လိုက်ဗိုလ်ပါတို့ ရှိရာအရပ်၌ ချပေးလေသည်။ ဘုရင်နှင့် ခွဲခွာမသွားမီ ဆိုဆုံးမ၍ ငါးပါးသီလ၌ တည်စေ၏။ ဘုရင်လည်း ကျေးဇူးတင်လှသဖြင့် သမင်အား ဗာရာဏသီသို့ အတူလိုက်ပါရန် ခေါ်ဆောင်ပေ၏။ သို့ရာတွင် သမင်ကား မလိုက်ပါချေ။

နောက်တစ်နေ့ နံနက်စောစောတွင် ဘုရင်သည် အိပ်ရာမှ နိုးသောအခါ ထိုအဖြစ်အပျက်ကို အောက်မေ့ကာ ဂါထာအကျဉ်း ဖွဲ့သီကျူးရင့်လေသည်။ ထိုကျူးရင့်သံကို ဘုရင့်ပုရောဟိတ်ကြားသော် မျက်ဝါးထင်ထင် သိမြင်ရ၍ ဤသို့လျှောက်ထားလေသည်။

ယမန်နေ့က
မြတ်လှဘုရင်၊ ကျွန့်အရှင်လျှင်
သမင်ကိုသာ၊ ဖမ်းလိုပါ၍
နက်စွာကြီးမား၊ တောင်ချောက်ကြားတွင်
ကြုံးဝါးပြီးကာ၊ လိုက်လေရာဝယ်
ကြောက်ဖွယ် ထူးတွင်း၊ ကျသက်ဆင်းသော်
သေမင်းခံတွင်း၊ ထိုထူးတွင်းမှ
လွတ်ကင်းလေအောင်၊ ကျောက်ဆောင်ကိုပင်
မှီထောက် ယှဉ်၍
သမင်လိမ္မာ၊ ဣဿာဝန်တို
ဝှက်သိုမုန်းထား၊ သူဖယ်ရှား၍
ထူးခြားလှစွာ၊ မိတ်သဟာသို့
ကောင်းစွာကယ်မ၊ ချမ်းသာရဟု
မြတ်လှ အရှင် ကျူးရင့်သည်။

**စိတ်ကူးချိုချို**

ဘုရင်ကား လေးအတတ်ကို မြတ်နိုးလှ၏။ တိရိစ္ဆာန်များကို မသတ်တော့သော်လည်း မကြာခဏပင် စက်ကွင်းမှတ်တိုင်ကို မြားဖြင့် ပစ်လေ့ရှိလေ၏။ တစ်နေ့သ၌ ဘုရင်သည် ပုရောဟိတ်ကို အပါးထားလျက် မြားပစ်လေ့ကျင့်နေစဉ် စက်ကွင်းမှတ်တိုင်နှင့် သူ၏အကြားဝယ် သမင်ရုတ်တရက်ပေါ်လာသည်ကို တွေ့ရ၏။ အမှန်မှာ သိကြားမင်းသည် ဘုရင့်စိတ်ကို စမ်းလိုသဖြင့် မိမိ၏တန်ခိုးအာနုဘော်ဖြင့် သမင်ကို ဖန်ဆင်းပြသခြင်း ဖြစ်တော့သည် ထို့နောက် ပုရောဟိတ်ကို ပူးဝင်လျက် ဘုရင်အား သမင်ကိုသတ်ရန် တိုက်တွန်းလေသည်။

ဘုရင်သည် သမင်ကိုမသတ်။ တစ်ဖန် ဘုရင်သည် သူနှင့်သူ့သားမယားတို့ကို သေဘေးနှင့် ခြိမ်းခြောက်ခံရပြန်၏။ သို့ရာတွင် အသက်သတ်ရန် ငြင်းဆန်ကာ ဤသို့ ဆိုလေသည်။

ကြောက်ဖွယ် တော၌
သောကဒုက္ခ၊ ကြုံတွေ့ရစဉ်
ငါ့အား သမင်၊ သူကယ်တင်၏
သို့လျှင် ရှေးခါ၊ ပြုခဲ့ပါသည်
မြတ်စွာသမင်၊ ကျေးဇူးရှင်ကို
ငါလျှင် မည်သို့ သတ်နိုင်အံ့။

ထိုအခါ သိကြားမင်းသည် ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် ကိုယ်ထင်ပြကာ ဤသို့ကျူးရင့်လေသည်။

သစ္စာကြီးလှ၊ ဖြောင့်မှန်လှသည့်
မြတ်လှဘုရင်၊ ဆွေဘုရင်ငဲ့

သင်သည်များစွာ၊ သက်ရှည်ပါ၍
သာယာဝေစည်၊ သင့် တိုင်းပြည်ကို
တည်ကြည်သစ္စာ၊ ဖြောင့်မှန်စွာဖြင့်
ကောင်းစွာညွှန်ပြ၊ ဆို ဆုံးမလျက်
ဘေးကခစား၊ မိဖုရားများနှင့်
ထူးခြားသာယာ၊ နတ်ပြည်မှာဝယ်
ဒေဝါသနင်း၊ သိကြားမင်းသို့
မင်းပြုအုပ်ချုပ်ပါလေတော့။

အဆွေမင်းမှာ
တဏှာကင်းစင်၊ ထာဝစဉ်ပင်
ကြည်ရွှင်လန်းဆန်း၊ စိတ်ငြိမ်းချမ်း၍
စွမ်းအားခိုင်မာ၊ ပေါကြွယ်စွာဖြင့်
တောင်းလာသောသူ၊ နွမ်းပါးသူကို
ပြုစုကင်းရှင်း၊ ပေးလှူခြင်းဖြင့်
စိတ်တွင်းခိုင်ကျည်၊ ဒါနတည်တည်
နတ်ပြည်လားသည့်တိုင်အောင်တည်း

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ရှင်သာရိပုတ္တရာသည် ဗာရာဏသီဘုရင်၏ ဂါထာအကျဉ်းကို ကြားရုံမျှဖြင့် အကျယ်အားဖြင့် သိပေသော ပုရောဟိတ်ဖြစ်သည်။ ရှင်အာနန္ဒာသည် ဗာရာဏသီဘုရင်၊ ငါဘုရားကား သမင်ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# မိကျောင်းနှင့် မျောက်

ဗုဒ္ဓသည် မိမိကိုသတ်ရန် ဒေဝဒတ်က ကြိုးစားနေကြောင်း ကြားသိတော်မူ၍ ဤဇာတ်ကို ဟောတော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓက ဒေဝဒတ်သည် ငါဘုရားကိုသတ်ရန် ယခုအခါမှသာ လုံ့လပြုသည်မဟုတ်၊ ရှေးအခါကလည်း ပြုဖူးသည်ဟုမိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူ လေသည်။

*

တစ်ရံရောအခါ ဗုဒ္ဓသည် မျောက်မျိုး၌ဖြစ်၍ မြစ်ကြီးတစ်ခု၌ နေထိုင်၏။ ထိုမြစ်ကြီးအလယ်၌ ကျွန်းတစ်ခုရှိရာ ထိုကျွန်းပေါ်၌သရက်နှင့် အခြားသီးပင်များ ပေါက်လျက်ရှိလေသည်။

နေ့စဉ်ပင် မျောက်ကြီးသည် ကျွန်းသို့ အစာရှာသွား၏။ ညချမ်းအချိန်တွင်မှ မိမိနေရာအရပ်သို့ သူပြန်လာလေ့ရှိသည်။ သူသည် ကျွန်းသို့ ရောက်ရန် နှစ်ကြိမ်ခုန်ရလေသည်။ တစ်ဖက်ကမ်းမှ မြစ်နှင့် ကျွန်းကြားရှိ ကျောက်ဖျာပေါ်သို့ တစ်ကြိမ်ခုန်၍ ကျွန်းရှိ သစ်ပင်ခြေရင်းသို့ နောက်တစ်ကြိမ် ခုန်ရောက်လေသည်။

ထိုမြစ်တွင် မိကျောင်းဖိုတစ်ကောင်သည် မိကျောင်းမတစ်ကောင်

နှင့်အတူ နေထိုင်လေသည်။ သူတို့သည် မျောက်ကြီး ကူးသန်းသွားလာသည်ကို အစဉ်မြင်တွေ့ရပေ၏။ မျောက်ကြီးသည် ကိုယ်ထည် ဖွံ့ဖြိုး၍ တင့်တယ်၏။ ဤကဲ့သို့ မျောက်မျိုးကို စားရသော် ကောင်းလေစွဟူ၍ မိကျောင်းမ၌ အကြံဖြစ်ပေါ်လာ၏။ ထိုအခါ မိကျောင်းဖိုအား မျောက်ကြီးကို ကျွန်းမှအပြန် တစ်နေ့တွင် ရအောင်ဖမ်းပေးပါဟူ၍ ပူဆာပြောဆို၏။ မိချောင်းဖိုလည်း ရစိမ့်မည်ဟူ၍ အာမခံ၏။

ထိုနေ့ ညနေချမ်းမှာပင် မျောက်ကြီးသည် ကျွန်းမှပြန်ရန် ကျောက်ဖျာကို လှမ်းကြည့်၏။ ကျောက်ဖျာသည် အခါတိုင်းနှင့်မတူ။ ရေပေါ်မှ ထိုးထွက်နေသည်ကို တွေ့ရလေသည်။ တွေ့သာ တွေ့ရသည်၊ မြစ်ရေကား ကျဆင်းသွားလေသည်မဟုတ်။ သူသည် ဆင်ခြင်ကြည့်၏။ ဤတွင် ကျောက်ဖျာပေါ်မှာ မိကျောင်းတစ်ကောင် ဝပ်နေတန်ရာ၏ဟူ၍ စဉ်းစားမိလေသည်။ ထို့ကြောင့် ထိုနေရာသို့ မခုန်မီ အမှန်အတိုင်းသိအောင် စုံစမ်းအံ့ဟု ကြံစည်လေသည်။ ကျောက်ဖျာနှင့် စကားပြောနေကျဟန်ပြုကာ ကျောက်ဖျာကို သုံးကြိမ်တိုင် ခေါ်ကြည့်သည်။ စကားပြန်မရသော် "အို ကျောက်ဖျာ၊ သင် ယနေ့ အဘယ်ကြောင့် စကားပြန်မဆိုသနည်း" ဟူ၍ ဆိုလေသည်။

ထိုအခါ မိကျောင်းက ကျောက်ဖျာသည် မျောက်နှင့် စကားဆိုနေကျ ဖြစ်လိမ့်မည်။ ငါလည်း ထို့အတူပြုမှ သင့်တော်မည်ဟု စဉ်းစားကာ "အို မျောက်မင်း၊ သင် ဘာအလို ရှိသနည်း" ဟူ၍ မေးလိုက်ပေ၏။

မျောက်မင်းက "သင် မည်သူနည်း" ဟု ပြန်မေးရာ မိကျောင်းလည်း "ငါ မိကျောင်း ဖြစ်ပေသည်" ဟု ဖြေ၏။ ထို့နောက် မျောက်မင်းကိုဖမ်း၍ စားလိုသောကြောင့် ကျောက်ဖျာ၌ လာ၍ ဝပ်နေကြောင်း ထပ်မံပြောဆိုလေသည်။

မျောက်မင်းမှာ တစ်ဖက်ကမ်းသို့ပြန်ရန် အခြားလမ်းမရှိ။ မည်သို့ ပြုရမည်နည်းဟူ၍ သူစဉ်းစားရတော့၏။ အတန်ကြာသော် အကြံရလေသည်။ ရပုံကား မိမိခုန်လာသောအခါ အသင်ဖမ်းစားနိုင်အောင် ပါးစပ်ဖွင့်ထားပါဟု မိကျောင်းအား မှာကြားခြင်းပေတည်း။ မိကျောင်း လည်း အကယ်ထင်မှတ်ကာ ပါးစပ်ဟလျက် နေပေ၏။ မိကျောင်းတို့ မည်သည် ပါးစပ်ဟသောအခါ မျက်စိပိတ်နေမြဲ ဖြစ်၏။ ဤတွင် မျောက်ကြီးသည် ကျွန်းမှ ခုန်လွှားကာ မိကျောင်းထိပ်ကိုနင်း၍ တစ်ဖန် တစ်ဖက်ကမ်းသို့ ခုန်ကူးလိုက်လေသည်။ မိကျောင်းသည် အံ့ဖွယ် ကြုံတွေ့ရသဖြင့်ဤသို့ ချီးကျူးပြောဆိုလေသည်။

အို–မျောက်မင်းအရှင်
သင့်တွင်သစ္စာ၊ ဉာဏ်ပညာနှင့်
ကြီးစွာလုံ့လ၊ ဝီရိယနှင့်
ကောင်းစွာစွန့်ခြင်း၊ သက်စွန့်ခြင်းသို့
ထင်လင်းခိုင်မာ၊ ရှိနေပါသို့
ကောင်းစွာထို့တူ၊ ရှိသောသူလျှင်
ရန်သူပြေးအောင်၊ သူစွမ်းဆောင်၍
အောင်နိုင်မည်မှာ မုချတည်း။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် မိကျောင်းဖိုသည် ဒေဝဒတ်၊ မိကျောင်းမသည် ဗုဒ္ဓကို ရန်ငြိုးဖွဲ့သူများ အသုံးချခြင်းကိုခံရသော၊ လုပသော ရဟန်းမိန်းမငယ် (စိဉ္စမာဏဝိကာ) ဖြစ်၍ ငါဘုရားသည် မျောက်မင်း ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# မျောက်နှင့် ရေဘီလူး

တစ်ခါသော် ဗုဒ္ဓသည် ရဟန်းများနှင့်အတူ ဒေသစာရီ ကြွချီတော်မူစဉ် ရေကန်တစ်ခုအနီးသို့ ရောက်တော်မူ၏။ ထိုရေကန်တွင် ကျူပင်တို့ ဝန်းရံနေ၏။ ရဟန်းတို့သည် အပ်ချည်အဖြစ်သုံးရန် ကျူပင်တို့ကို ယူငင်ကြရာ ကျူပင် ကျူရိုးတို့မှာ အခြားအပင်များနှင့်မတူ။ ဖြောင့်မတ်သွယ်တန်း၍ အခေါင်းမရှိသည်ကို တွေ့ကြရ၏။ ထိုအကြောင်းကို ဗုဒ္ဓအား တင်လျှောက်ကြသော် ဗုဒ္ဓက အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

တစ်ရံရောအခါ ဘုရားလောင်းသည် မျောက်မျိုး၌ဖြစ်၏။ သူသည် မျောက်ရှစ်သောင်းကို မင်းပြုကာ တောကြီးတစ်ခုတွင် နေထိုင်လေသည်။ တောသည် ကြီးမားကျယ်ဝန်းလေ၍ မျောက်တို့သည် မရောက်ဖူးသောနေရာသို့ရောက်ကာ မစားဖူးသော အသီးတို့ကိုလည်းကောင်း၊ မသုံးဖူးသော ရေကန်များကိုလည်းကောင်း တွေ့မြင်ကြ၏။ ဤတွင် မျောက်မင်းက

မျောက်တို့အား သင်တို့သည် မစားဖူးသော သစ်သီးနှင့် မသုံးဖူးသောရေတို့ကို တွေ့ပါက ငါ့ကိုမပန်ကြားဘဲ မစားသောက်ကြနှင့်။ အချို့သစ်သီးတို့သည် အဆိပ်ရှိ၏။ အချို့ရေကန်တို့မှာ ရေစောင့်ဘီလူးများရှိ၏ ဟူ၍ မှာကြားထားပေ၏။

တစ်နေ့သ၌ ရေငတ်သော မျောက်အချို့သည် ရေကန်တစ်ခုသို့ ရောက်သော် မျောက်မင်းအား ရေသောက်ခွင့်ပြုရန် ပန်ကြား၏။

မျောက်မင်းသည် ခွင့်မပြုမီ ရေကန်နားသို့ ကိုယ်တိုင်သွား၍ စူးစမ်းကြည့်၏။ သူသည် ရေကန်သို့ သက်ခြေရာများသာ မြင်၍ တက်ခြေရာများကိုမူ မမြင်လေ။ ဤတွင် ရေကန်၌ ရေစောင့်ဘီလူးရှိရမည်။ ထိုရေသောက်ဘီလူးသည် ရေသောက်ဆင်းသူများကို မုချ ဖမ်း၍စားရမည်ဟု ဆင်ခြင်မိ၏။ သို့ဖြင့် မျောက်တို့အား ရေကန်သို့ မဆင်းဘဲနေရန် တားမြစ်ပေ၏။

ရေစောင့်ဘီလူးသည် ကန်တွင်းသို့ မျောက်တို့ ဆင်းသက်လာအောင် စောင့်လေသည်။ စောင့်၍ စိတ်မရှည်နိုင်တော့သဖြင့် ရေထဲမှ ပေါ်ထွက်လာသည်။ သူ၏ပုံသဏ္ဌာန်မှာ ကြောက်မက်ဖွယ် ကောင်းလှ၏။ သူ့တွင် ညိုမည်းသော ဝမ်းဗိုက်လည်းရှိ၏။ ဖြူရော်သော မျက်နှာလည်း ရှိ၏။ နီမြန်းသော လက်ခြေတို့လည်း ရှိ၏။

ဘီလူးက မျောက်တို့အား အဘယ်ကြောင့် ရေကန်သို့ မဆင်းဘဲ နေပါသနည်းဟူ၍ မေး၏။ ထိုအခါ မျောက်တို့က ဆင်းသူအား သင်စားသည် မဟုတ်လောဟု ပြန်မေးသည်တွင် ဘီလူးက ဆင်းသူတိုင်းကို စားသည်၊ မျောက်တို့ကိုလည်း စားမည်ဟု ပြောပြ၏။

ထိုအချိန်တွင် မျောက်မင်းသည် အကြံထုတ်လေသည်။ ရေစောင့်ဘီလူးအား သင်မစားနိုင်အောင် ငါတို့ကြံ၍ ရေသောက်အံ့ဟု ဆိုလေသည်။

ဆိုသည့်အတိုင်းပင် မျောက်မင်းသည် ရေကန်ဘေးတွင်ပေါက်နေသော ကျူရိုးတစ်ခုကို နုတ်ယူ၏။ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီဆယ်ပါးကို ဆင်ခြင်သုံးသပ်ကာ သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် ကျူရိုးကို ပါးစပ်ဖြင့် မှုတ်၏။ ထိုအခါ ကျူရိုးသည် ဖြောင့်တန်းကာ အခေါင်းချည်း ဖြစ်လာလေသည်။ ထို့နောက် သူသည် ရေကန်ကို ဝန်းရံပေါက်နေသော ကျူပင်အားလုံး အခေါင်းချည်း ဖြစ်စေသတည်းဟူ၍ ထပ်မံ သစ္စာဓိဋ္ဌာန်ပြုပြန်၏။ အားလုံးပင် အခေါင်းချည်း ဖြစ်ကုန်၏။ သူသည် မျောက်အပေါင်းအား ကျူရိုးတစ်ချောင်းစီယူလျက် ကမ်းမှနေကာ စုပ်ယူသောက်ရန် ပြောလေသည်။

မျောက်မင်းဆိုသည့်အတိုင်း မျောက်တို့ ရေသောက်ကြသဖြင့် ရေစောင့်ဘီလူးမှာ မဖမ်းနိုင်တော့ပေ။

ထိုအချိန်မှစ၍ ရေကန်၌ ဝန်းရံပေါက်သော ကျူပင်တို့သည် ဖြောင့်တန်းကာ အခေါင်းချည်း ဖြစ်လာခဲ့သည်မှာ ဘဒ္ဒကမ္ဘာတည်သရွေ့ ဖြစ်ပေသည်။ ဤသည်လျှင် အံ့ဖွယ်ကြီးလေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် ရေစောင့်ဘီလူး၊ ငါဘုရားသည် မျောက်မင်း ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# မဟာနန္ဒိယမျောက်မင်း

တစ်နေ့သ၌ ရဟန်းတို့သည် ဒေဝဒတ်၏ ရက်စက် ကြမ်းတမ်းပုံ၊ နိုင်ထက်ကလူပြုတတ်ပုံ၊ ဗုဒ္ဓအား သတ်ဖြတ်ရန် ကြံစည်ပုံတို့ကို ပြောဆိုဆွေးနွေးနေ၏။

ရဟန်းတို့အနီးသို့ ဗုဒ္ဓကြွချီလာရာမှ မည်သည်ကို ဆွေးနွေးနေ ကြောင်း မေးမြန်းတော်မူ၏။ ရဟန်းတို့ကလည်း အကျိုးအကြောင်း လျှောက်ထားကြ၏။ ထိုအခါ ဗုဒ္ဓက ဒေဝဒတ်သည် ယခုသာလျှင် ရက်စက်ကြမ်းတမ်းစွာ ပြုသည် မဟုတ်၊ ရှေးအခါကလည်း ပြုခဲ့ဖူးပြီဟု ဆိုတော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

တစ်ရံရောအခါ ဗုဒ္ဓသည် မျောက်မျိုး၌ ဖြစ်၍ မျောက်ရှစ်သောင်းကို အုပ်ချုပ်ကာ မင်းပြုနေထိုင်၏။ သူ၏အမည်မှာ မဟာနန္ဒိယ (နှစ်သက်စရာ) ဟူ၍ တွင်လေ၏။ သူသည် ဟိမဝန္တာတွင် ညီဖြစ်သူ စူဠနန္ဒိယ၊ အမိဖြစ်

သူ မျက်မမြင် မျောက်အိုမကြီးနှင့်အတူ နေထိုင်လေသည်။

မဟာနန္ဒိယသည် အမိမျက်မမြင်ကို နေရာချ၍ ထားခဲ့ကာ အစာအတွက် နေ့စဉ် တောသို့ သစ်သီးရှာ ထွက်လေ့ရှိသည်။ သစ်သီးများကိုရသောအခါ အချို့ကိုအမိစားရန် ပေးပို့စေလေသည်။ သို့ရာတွင် ပို့ဆောင်သော မျောက်တို့သည် အမိအား မပေးကုန်။ အမိသည်လည်း တစ်နေ့တခြားကြုလှီအားယုတ်ကာ သေအံ့မူးမူးအခြေသို့ ရောက်ခဲ့လေသည်။

မဟာနန္ဒိယက အမိအား သစ်သီးအစာများစွာ စားရပါလျက် အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်းဟူ၍ မေးလေသည်။ ထိုအခါ အမိထံသို့ သစ်သီးလုံးဝ ရောက်မလာသည်ကို သိရတော့သည်။

သားအဖို့ အမိကို ပြုစုစောင့်ရှောက်ရန်အမှုသည် အရေးကြီးလှပေသည်။ ထို့ကြောင့် ငါသည် မျောက်အပေါင်းကို အုပ်ချုပ်ရန် ညီတော်အားလွှဲအပ်မည်။ အမိကို အရပ်တစ်ပါးသို့ ခေါ်ဆောင် လုပ်ကျွေးတော့မည်ဟူ၍ မဟာနန္ဒိယက ဆုံးဖြတ်လိုက်လေသည်။ ထိုဆုံးဖြတ်ချက်ကို ညီတော်အားပြောပြသောအခါ ညီတော်က လက်မခံ။ သူလည်း နောင်တော်တို့နှင့်အတူ လိုက်ပါမည်ဟု ဆိုလေသည်။ ညီနောင်နှစ်ဦးသည်လည်း အမိကိုခေါ်ဆောင်ကာ အရပ်တစ်ပါးရှိ ညောင်ပင်တစ်ပင်တွင် ချမ်းမြေ့စွာ အတူသွားရောက်နေထိုင်ကြ၍ နေ့စဉ် သစ်သီးများရှာဖွေပြီး အမိကို ကျွေးမွေးပြုစုလေသည်။

ဤသို့ဖြင့် ကာလအတန်ကြာမျှ သူတို့သည် ချမ်းမြေ့စွာ နေထိုင်လာကြ၏။ တစ်နေ့တွင်မူ ပုဏ္ဏားလုလင်တစ်ယောက်သည် ထိုနေရာမှ ဖြတ်သန်းသွားစဉ် သူတို့ကို တွေ့ရှိသွားလေသည်။

ထိုပုဏ္ဏားလုလင်သည် စရိုက်ဆိုးသူ ဖြစ်လေသည်။ သို့ဖြစ်ရာ တက္ကသိုလ်ပြည်တွင် ပညာဆည်းပူးခဲ့ပါသော်လည်း မိမိတတ်သည့် အတတ်ပညာတို့ဖြင့် အသက်မမွေးနိုင်။ မုဆိုးအဖြစ် တောတိရစ္ဆာန်များကို

ဖမ်းဆီးရောင်းချ၍ မိမိနှင့် သားသမီးတို့အတွက် လုပ်ကိုင်စားသောက်ရသော အခြေအနေအထိ ရောက်ခဲ့လေသည်။

သူသည် ငယ်ရွယ်စဉ်က တက္ကသိုလ်ပြည်ရှိ ဆရာ အကျော်အမော်ထံတွင် ပညာဆည်းပူးခဲ့ပေ၏။ သို့ရာတွင် သူပညာတတ်မြောက်၍ အိမ်ပြန်မည်ပြုသောအခါ ဆရာက သင့်မှာ ရက်စက်ကြမ်းတမ်းသော သဘောရှိသည်ဟုပြောကာ ဤသဘောမျိုးရှိသူသည် လောကတွင် မပြည့်စုံတတ်၊ ပျက်စီးခြင်းလျှင် အဆုံးရှိချေသည်ဟူ၍ ထပ်မံ သတိပေးခဲ့လေသည်။

ပုဏ္ဏားလုလင်သည် တက္ကသိုလ်ပြည်မှ ခွာပြီးနောက် ဗာရာဏသီပြည်သို့သွားကာ အိမ်ထောင်ပြုလေသည်။ သို့ရာတွင် ဗာရာဏသီတွင် အသက်မွေးဝမ်းကျောင်း မပြုနိုင်။ ဗာရာဏသီမှ ထွက်၍ တောစပ်ရှိ ရွာငယ်သို့ ပြောင်းရွှေ့နေထိုင်ကာ မုဆိုးလုပ်ခဲ့ရပေသည်။

တစ်နေ့သ၌ ပုဏ္ဏားလုလင်သည် တောမှ သားကောင်မရဘဲ အိမ်ပြန်လာစဉ် ညောင်ပင်တစ်ခုကို မြင်လေသည်။ ထိုနေရာမျိုးတွင် သားကောင်ရှိနိုင်သည်ဟု သူစဉ်းစားမိကာ ညောင်ပင်ရှိရာသို့ ချဉ်းကပ်သွားလေသည်။ ထိုအခါ သူသည် မျောက်ညီနောင်၏ အမိမျက်မမြင် မျောက်အိုမကြီးကို တွေ့ရလေသည်။ မျောက်ညီနောင်မှာမူ အမိကို သစ်သီးများကျွေးပြီးနောက် သစ်ခက်ကြားတွင် နားနေသည်ဖြစ်ရာ သူတို့ကို ပုဏ္ဏားလုလင်ကမမြင်။ သူတို့ကသာ ပုဏ္ဏားလုလင်ကို မြင်နေရသည်။

ပုဏ္ဏားလုလင်သည် မျောက်အိုမကို လေးဖြင့် ပစ်မည်ပြု၏။ ထိုအခါ သစ်ခက်ကြားမှ မဟာနန္ဒိယ ထွက်လာကာ အမိသည် အိုမင်းမစွမ်းဖြစ်နေပြီ။ သူ့အသားသည် မကောင်းတော့ပါ။ အကယ်၍ သင်သည် အမိကိုချမ်းသာပေးပါက အမိကိုယ်စား ငါအသတ်ခံမည်။ ငါ့အသားကို ပင် ယူပါဟုဆို၏။ ပုဏ္ဏားလုလင်လည်း နှစ်သက်သဘောကျကာ

မဟာနန္ဒိယ ကိုပစ်ချလိုက်သည်။ တို့နောက် မျောက်အိုမကို ပစ်မည်ဟု ချိန်ပြန်သည်။ ဤတွင် သစ်ခက်ကြားမှ ညီတော်ထွက်လာကာ အမိကိုယ်စား သူ့ကိုသတ်ပါ။ အမိကို ချမ်းသာပေးပါဟု ဆိုလေသည်။ ပုဏ္ဏားလုလင်လည်း ညီတော်ကို ပစ်ချလိုက်လေ၏။ သူသည် စကားမတည်။ မျောက်အိုမကို ဆက်လက် ပစ်ချပြန်လေသည်။

ပြီးသော် ပုဏ္ဏားသည် မျောက်သုံးကောင်ကို ထမ်းပိုးဖြင့်ထမ်း၍ အိမ်သို့ ပြန်လာလေသည်။

ထိုအချိန်မှာပင် သူနေထိုင်ရာအိမ်ပေါ်သို့ မိုးကြိုးကျ၍ တစ်အိမ်လုံး မီးလောင်သွားလေသည်။ သူ၏မယားနှင့် သားငယ်နှစ်ယောက်တို့လည်း မီးထဲသို့ ပါသွားလေသည်။ အိမ်နေရာတွင် ခေါင်တိုင်တို့သာ ကျန်ရှိတော့သည်။

အိမ်အနီးသို့ရောက်သော် ပုဏ္ဏားလုလင်အား အသိတစ်ယောက်က အဖြစ်အပျက်ကို ပြောပြ၏။ ပုဏ္ဏားလုလင်လည်း ပြင်းစွာ စိုးရိမ်ခြင်းဖြစ်သဖြင့် အမဲနှင့်တကွ ထမ်းပိုးကိုပစ်ချကာ အိမ်ထဲသို့ ပြေးဝင်လေသည်။ ထိုခဏ၌ ခေါင်တိုင်တို့သည် ပြုတ်ကျ၍ သူ့ဦးခေါင်းကို ခွဲလေသည်။ မြေကြီးသည်လည်း ကွဲအက်လျက် အဝီစိ မီးလျှံများတက်ကာ သူ့ကိုမျို ယူသွားလေသည်။ မြေမျိုသောကာလတွင် ပုဏ္ဏားလုလင်သည် မိမိဆရာ၏ ဆုံးမစကားကို ကြားယောင်ကာ ဤသို့ ငိုကြွေးမြည်တမ်းလေသည်။

နောင်ခါ နောင်တ၊ ကြုံတတ်ရသည့်
ကိစ္စအမှု၊ အစုစုကို
မပြုဖို့ရာ၊ ဆရာမှာထား
ထိုစကားကို
ငါကား အမှတ် ရပါပြီ။

**စိတ်ကူးချိုချို**

အမှုတစ်ခု၊ ရှက်ဆောင်ပြုက
ထိုအမှုညီမျှ၊ ခံစားရ၏။

မျိုးစေ့မြေမှာ၊ စိုက်ပျိုးပါက
ကောင်းရာ ဆိုးရာ၊ ပေါ်ထွန်းလာလျက်
သင့်ရာသီးနှံ၊ ရဘိဟန်သို့
မွန်မြတ်ကောင်းမှု၊ ထိုသူပြုက
ကောင်းမှုအကျိုးသာ၊ သူ ရပါ၍
ယုတ်မာဆိုးမှု၊ ထိုသူပြုက
ဆိုးမှုအကျိုးသာ၊ သူ ရပါတည့်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် ပုဏ္ဏားမုဆိုး၊ ရှင်သာရိပုတ္တရာသည် တက္ကသိုလ်ပြည်မှ ဆရာ၊ ရှင်အာနန္ဒာသည် စူဠနန္ဒိယ ဖြစ်သည်။ ငါဘုရားကား မဟာနန္ဒိယ ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# မဟာကပိ

ဆွေတော်မျိုးတော်တို့အကျိုးကို ဗုဒ္ဓ ဆောင်ရွက် ကြောင်း ရဟန်းအချင်းချင်း ပြောဆိုနေကြရာမှ ဗုဒ္ဓက ဤဇာတ်ကို ဟောတော်မူခြင်းဖြစ် သည်။

ဗုဒ္ဓက ဆွေတော်မျိုးတော်တို့ အကျိုးကို ငါဘုရား ဆောင်ရွက်ခဲ့သည်မှာ ယခုတစ်ကြိမ်သာလျှင် မဟုတ် ဟူ၍ မိန့်တော်မူကာ ဤသို့ ဟောတော်မူလေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ကြီးမားသောမျောက်မျိုး ၌ ဖြစ်၏။ မျောက်ရှစ်သောင်းကို မင်းပြုလျက် ဂင်္ဂါမြစ်ကမ်းဘေးရှိ သရက်ပင်ကြီးတစ်ပင်အနီးတွင် နေလေသည်။

ထိုသရက်ပင်မှ သရက်သီးတို့ မှည့်လျှင် သစ်ပင်အောက်ရှိ မြေ ပေါ်သို့လည်း ကြွေကျ၏။ မြစ်ဘက်ထိုးထွက်နေသော အကိုင်းရှိ အသီးတို့ကို သီးပွင့်သောကာလမှစ၍ စားပစ်ရန် မျောက်တို့အား ပြောလေသည်။ မျောက်တို့လည်း မျောက်မင်းဆိုတိုင်း ပြုကြသည်။ ထိုအခါ သူတို့သည်

နှစ်ပေါင်းများစွာ ကြာအောင်ပင် ဘေးရန်မခ နေနိုင်လာခဲ့ကြသည်။

တစ်နေ့သော်ကား မျောက်တို့မမြင်ရသော ခါချဉ်ထုပ်အတွင်းမှ သရက်သီးမှည့်တစ်လုံးသည် ရေထဲကျကာ မျောပါသွားလေသည်။

ထိုသို့မျောပါပြီး ရက်အနည်းငယ်အကြာတွင် ဘုရင်သည် ဂင်္ဂါမြစ်အတွင်း၌ ရေဆင်းကစားလေသည်။ ဘုရင် ရေကစားသည်ဆိုလျှင် မြစ်အထက်အောက်၌ ကွန်ဖွဲ့ချည်ထားရမြဲ ဖြစ်သည်။ ဘုရင်ရေကစားပြီးသော် ဘုရင့်အထက်၌ ဖွဲ့ချည်ထားသော ကွန်အထဲဝယ် သရက်သီးမှည့်ငြိနေသည်ကို တံငါသည်တို့ တွေ့ကြရပေ၏။

တံငါသည်တို့သည် မည်သည့် အသီးမျိုးဖြစ်သည်ကို မသိကြ၍ ဘုရင်အား ဆက်သကုန်၏။ ဘုရင်မှာလည်း ထိုအသီးမျိုးကို မမြင်ဖူးလေ။ ထို့ကြောင့် မေးမြန်းစုံစမ်းစေ၏။ နောက်ဆုံးတွင် မုဆိုးတစ်ယောက်က ထိုအသီးမှာ သရက်သီးဖြစ်၍စားလျှင် အရသာရှိသည့်အကြောင်း လျှောက်ထားလေသည်။ ဘုရင်လည်း သရက်သီးကို ဓားဖြင့်လှီး၍ တစ်စိတ်ကို မုဆိုးအား စားစေ၏။ တစ်စိတ်ကို မိမိကိုယ်တိုင် သုံးဆောင်လေသည်။ ကျန်တစ်စိတ်ကိုကား မင်းချင်းများအား စားစေသည်။

သရက်သီးအရသာသည် အလွန်ကောင်းမွန်လှသဖြင့် ဘုရင်က နောက်ထပ်၍ သရက်သီးများရနိုင်သည့်အရပ်ကို မုဆိုးအား မေးလေသည်။ မုဆိုးက ဟိမဝန္တာရှိ ဂင်္ဂါမြစ်ဘေး၌ သရက်ပင်ပေါက်ကြောင်း လျှောက်ထားလေသည်။

ဘုရင်လည်း လှေဖောင်တို့ကို ဖွဲ့စေ၍ စစ်သည်ဗိုလ်ပါအပေါင်းခြံရံကာ သရက်ပင်သို့အရောက် ဆန်တက်လေသည်။ ဆန်တက်ရသည်မှာ မည်ရွေ့မည်မျှကြာသည်ကား မဆိုနိုင်။ နောက်ဆုံးတွင် သရက်ပင်ရှိရာ အရပ်သို့ သူတို့ရောက်ရှိကြကာ သရက်သီးများကို အားပါးတရ စားသောက်

ကြလေသည်။ ထို့နောက် မီးထွန်းညှိ၍ အစောင့် လေးဘက်လေးတန် ချထားပြီး ညအိပ်နားနေကြသည်။

ညဥ့်နက်သော် မျောက်တို့သည် သရက်ပင်ပေါ်သို့တက်၍ သရက်သီးတို့ကို စားကြလေသည်။ ဤတွင် ဘုရင်နိုးလာ၍ မျောက်တို့ကို မြင်ရလေသည်။ မြင်ရ၍ လေးသည်တော်တို့ကိုလည်း နက်ဖြန် မျောက်သားစားနိုင်အောင် လေးဖြင့် ပစ်လေဟူ၍ အမိန့်ပေးတော့၏။ သစ်ပင်ကို လူတို့ဝန်းရံထားကြောင်း မျောက်တို့ သိသောအခါ မျောက်မင်းထံ လျင်မြန်စွာ ချဉ်းကပ်ကြကုန်၏။ မျောက်မင်းကလည်း မျောက်အပေါင်း အသက်ဘေးမှ ချမ်းသာရအောင် မိမိကယ်တင်မည်ဟူ၍ ပြောဆိုလေသည်။

ထို့နောက် သူသည် လေထဲ၌ ဖြောင့်တန်းစွာတည်နေသော သစ်ကိုင်းတစ်ခုသို့ တက်လေသည်။ အဖျားသို့ရောက်သော် မြစ်ဘက်သို့ ကိုင်းနေသော အကိုင်းသို့သွားသည်။ ထိုအကိုင်းစွန်မှနေ၍ ဟိုမှာဘက် ကမ်းသို့ ခုန်လိုက်တော့၏။ ဟိုမှာဘက်ကမ်းသို့ရောက်သော် မိမိခုန်ခဲ့သည့် အကွာအဝေးကို တွက်ချက်တိုင်းဆကာ ထိုအကွာအဝေးနှင့် အတိုင်းအဆ အရှည်အရွယ်ရှိသော ကြိမ်နွယ်ကိုဖြတ်ယူသုတ်သင်၍ သစ်ပင်တစ်ပင်တွင် ချည်နှောင်၏။ ထို့နောက် ဤမျှသည် ကောင်းကင်အထက်၌ ရှိလိမ့်မည်ဟု တွက်ဆ၍ အစွန်းတစ်ဖက်ကို မိမိခါးတွင် ချည်နှောင်ပြန်၏။ ပြီးသော် သရက်ပင်ရှိရာသို့ ပြန်ခုန်လေသည်။

မျောက်မင်းသည် အမှန်းအဆ လိုသွားပေ၏။ ကြိမ်နွယ်ကိုမိမိခါး၌ ချည်နှောင်သော အတိုင်းအတာကို ထည့်၍မတွက်မိသဖြင့် အပင်၏ အကိုင်းရင်းဆီသို့ ပြန်မရောက်။အကိုင်းဖျားအထိသာ ရောက် တော့သည်။ ဤတွင်သူသည် အကိုင်းဖျားကို လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် မျောက်အပေါင်းအား မိမိကျောပေါ်နင်း၍ ကြိမ်နွယ် တန်းဖြင့် မြန်မြန်

လွတ်ရာပြေးရန် ပြောဆိုလေသည်။

မျောက်အပေါင်းလည်း တစ်ကောင်ပြီးတစ်ကောင်၊ မျောက်မင်းကို တောင်းပန်ကန်တော့ကာ ကျောပေါ်နင်းလျက် ကြိမ်နွယ်တန်းဖြင့် တစ်ဖက်ကမ်းသို့ ကူးပြေးကြလေသည်။ တစ်ကောင်သောမျောက်မူ အခြားမျောက်များနှင့်မတူ။ ဆိုးသွမ်းယုတ်မာလေသည်။ သူသည် မျောက်မင်းကို သေးပြုနိုင်တော့မည် ဟူ၍ စည်းစားမိ၏။ သူသည် မြင့်သော အကိုင်းသို့ တက်ကာ နာနေသော မျောက်မင်းကျောပေါ်သို့ တအားခုန်ချ ကျော်နင်းသွားလေသည်။ မျောက်မင်းလည်း ထိုခုန်ချသော အဟုန်ကြောင့် နှလုံးကွဲကာ ဝေဒနာကြီးစွာ ခံစားရလေသည်။

ထိုအခြင်းအရာကို ဘုရင်သည် ကြည့်ရှုနေသည်ဖြစ်ရာ မျောက်မင်း၏ အမြော်အမြင် အကြံအစည်ကို အံ့ချီးမဆုံး ဖြစ်မိပေသည်။ ဤမျှ လိမ္မာရဲရင့်သော တိရစ္ဆာန်ကို တတ်စွမ်းသမျှ စောင့်ရှောက်ရန်လည်း သန္နိဋ္ဌာန်ချမိသည်။ သူသည် နောက်ပါတို့ကိုခေါ်၍ မျောက်မင်းရှိရာအရပ်သို့ ဖောင်ဖြင့်သွားကာ မျောက်မင်းကို သစ်ကိုင်းပေါ်မှ ဖြည်းညင်းစွာ ချစေ၏။ ထို့နောက် ရေချိုး၊ ကိုယ်ကိုဆီဖြင့် ဆုပ်နယ်ကာ ဖန်ရည်စွန်းသောအဝတ်ဖြင့် လွှမ်းခြုံပေးစေ၏။ တစ်ဖန် အိပ်ရာပြင်၌ ဆီစိမ်သိုးရေခင်းကာ လဲလျောင်းစေ၏။

ဘုရင်လည်း သင့်တင့်လျောက်ပတ်သော နေရာ၌ထိုင်လျက် မျောက်မင်းအား အဘယ်ကြောင့် ဤမျှ ရဲရင့်သော အမှုကို ပြုရပါသနည်း ဟူ၍ မေးလေသည်။

အို – မျောက် မဟာ

သင့်မှာ ကိုယ်အား၊ တံတားပြုကာ

ချမ်းသာရကြောင်း၊ မျောက်အပေါင်းကို
ကောင်းစွာ ကူးစေ၊ စွန့်စားပေသည်
မျိုးဆွေ မည်သို့ တော်သနည်း။

သေအံ့မူးမူး ဖြစ်နေသော မျောက်မင်းက "မြတ်သောမင်းကြီး၊ ကျွန်ုပ်သည် မျောက်တို့၏ ချမ်းသာကိုဆောင်သော အကြီးအမှူးမင်း ဖြစ်၏။ မျောက်တို့သည် သင်မင်းကြီးတို့ကို ကြောက်ရွံ့သဖြင့် စိုးရိမ်ပူပန်ခြင်း ဖြစ်ခဲ့ရပါသည်"ဟု ဆိုကာ မိမိအသက်စွန့်၍ ကယ်တင်ရပုံကို ပြောပြလေသည်။

ကျွန် အုပ်ချုပ်ရာ၊ မျောက်များစွာတို့
ချမ်းသာစေရာ၊ ပြုဆောင်ပါ၍
နာကျင်ထန်ပြင်း၊ သေရခြင်းကို
စိုးစဉ်း အကျွန် မမှုပါ

အို–မြတ်သောဘုရင်
အသင်ကိုသာ၊ ပုံဆောင်ကာဖြင့်
သစ္စာစကား၊ ကျွန်ပြောကြားအံ့
တိုင်းကားပြည်ရွာ၊ အုပ်စိုးပါသော
ရာဇာမည်သည်၊ ကိုယ့်တိုင်းပြည်နှင့်
မြင်းသည် ခြေသည်၊ ပြည်သူ ပြည်သား
ဗိုလ်ခြေများတို့
ထူးခြားသာယာ၊ ကြည်ရွှင်သာအောင်
မှန်စွာပြုကျင့်၊ ရွက်ဆောင်သင့်၏။

**စိတ်ကူးချိုချို**

ဤသို့ဆိုပြီး မကြာမီပင် မျောက်မင်းသည် သေရှာလေ၏။ ဘုရင်သည် မျောက်မင်း၏အလောင်းကို ဘုရင်မင်းတို့အလောင်းကဲ့သို့ အလေးအမြတ်ထား၍ သင်္ဂြိုဟ်ရန် မင်းချင်းတို့အား စေခိုင်းပေ၏။ သင်္ဂြိုဟ်ပြီးသော် စေတီတည်၍ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်သည်။ ထို့နောက် မျောက်မင်း၏ ဦးခေါင်းခွံကိုယူ၍ ရွှေချကာ လှံဖျား၌ တင်ထားလျက် စေတီရှေ့တွင် ထားစေလေသည်။ လူအပေါင်းလည်း အရိုအသေ ပြုကြကုန်သည်။

ဘုရင်သည် မျောက်မင်း၏ ဦးခေါင်းကို ဗာရာဏသီပြည်သို့ ပြန်လည်ယူဆောင်ကာ ခုနစ်ရက်ပတ်လုံး ပူဇော်ပြီးလျှင် ဌာပနာပြု စေတီတည်လေသည်။

အဆုံးသတ်ဆိုရသော် ဘုရင်သည် မျောက်မင်း၏ အဆုံးအမ၌ တည်ကာ အလှူဒါနပေး၏။ ကောင်းမှုကုသိုလ်ပြု၏။ တိုင်းပြည်ကို တရားသဖြင့် မင်းပြု၏။ လွန်သောအခါ၌လည်း နတ်ပြည်သို့ လားရ လေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် မျောက်ရှစ်သောင်းသည် မျက်မှောက်ရှိ ရဟန်းများ ဖြစ်သည်။ ရှင်အာနန္ဒာသည် ဘုရင်ဖြစ်သည်။ ငါဘုရားကား မျောက်မင်းဖြစ်ပေသည် ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# သက် ၆၀ ရွယ်ဆင်

တစ်နေ့သ၌ ရဟန်းတို့သည် ဒေဝဒတ်၏ သနားညှာ တာခြင်း ကင်းမဲ့ပုံအကြောင်း ပြောဆိုနေကြသည်ကို ဗုဒ္ဓ ကြားသိတော် မူလေသည်။ ဤတွင် ဗုဒ္ဓက ဒေဝဒတ်သည် ယခုမှသာ မဟုတ်၊ ရှေးအခါကလည်း သနားညှာတာခြင်း ကင်းမဲ့ဖူးပြီဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော် မူလေသည်။

*

လွန်လေပြီးသောအခါ ဗုဒ္ဓသည် ဆင်မျိုး၌ဖြစ်၍ ဆင်ရှစ်သောင်းကို မင်းပြုကာ ဟိမဝန္တာတော၌ နေလေသည်။

ဆင်မင်း အသက် ၆၀ အရွယ်သို့ ရောက်သော နေ့တစ်နေ့တွင် နှံစုတ်မငယ်တစ်ကောင်သည် ဆင်တို့ ကျက်စားရာအရပ်ဝယ် အသိုက်ပြုကာ ဥတို့ကို ထားလေသည်။ ထိုဥတို့ရင့်သော် ငှက်ငယ်တို့ ပေါက်ဖွားလာကြ၏။ သူတို့ အမွေးအတောင် မစုံသေး၍ မပျံနိုင်သေးမီ ထိုအရပ်သို့ ဆင်အုပ် ရောက်လာပေ၏။

နှံစုတ်ငှက်မလည်း ရင်သွေးတို့ ဘေးဖြစ်မည်ကို စိုးရိမ်ထိတ်လန့်

သဖြင့် ဆင်မင်းထံ ချဉ်းကပ် ပြောဆိုလေသည်။

နှစ်ခြောက်ဆယ်တာ၊ သက်ရှည်ကြာ၍
တောမှာကျက်စား၊ ဆင်များသခင်
တောဘုရင်ကို၊ ရှယ်လျှင်သေးငယ်
ငှက်ငယ်အကျွန်၊ တောင်ပံနှစ်ဖက်
ယှက်၍ချီကာ၊ ရှိခိုးပါ၏
ချစ်စွာရင်သွေး၊ ကျွန့်ကလေးတို့
ဘေးရန်ကင်းကွာ၊ လွတ်ကင်းရာကို
ချမ်းသာပေးပါ ကျွန့်အရှင်။

ဤတွင်ဆင်မင်းက "အသင် မစိုးရိမ်နှင့်။ သင့် သားငယ်တို့ကို ငါစောင့်ရှောက်မည်" ဟူ၍ ဖြေ၏။ ဖြေသည့်အတိုင်းလည်း ငှက်ငယ်တို့အထက်၌ ရပ်လျက် ဆင်ရှစ်သောင်း ဖြတ်ကျော်သွားသည်အထိ စောင့်ရှောက်ပေးလေသည်။ ထို့နောက် ဆင်မင်းက ငှက်မအား "ငါတို့နောက်မှ ဆင်တစ်စီး လာလိမ့်မည်။ ထိုဆင်သည် ငါ့စကားကို နားထောင်မည် မဟုတ်။ ထိုဆင်ဆိုးကို သင်တောင်းပန်၍ သားငယ်တို့ အသက်ချမ်းသာရအောင် ပြုလော့" ဟူ၍ မှာကြားကာ ထွက်ခွာသွားလေသည်။

မကြာမီ ထိုနေရာသို့ ဆင်ဆိုးကြီး ရောက်လာလေသည်။ နံ့စုတ်ငှက်မကလည်း မိမိ၏ သားငယ်တို့ကို ချမ်းသာပေးပါရန် တောင်းပန်၏။ သို့ရာတွင် ဆင်ဆိုးကြီးက ဆိုလေသည်မှာ–

ဟယ်–နံ့စုတ်ငယ်
နုနယ်သေးကွေး၊ သင့်ရင်သွေးတို့

သေဘေားရောက်ရာ၊ ငါပြုပါအံ့
သင့်မှာ ဖျင်းစွ၊ အားနည်းလှ၍
ငါ့အားအသင်၊ အသို့ယှဉ်အံ့
သင်တို့ငှက်ပေါင်း၊ ထောင် အသောင်းတို့
ထောင်းထောင်းကြေစေ၊ ငါ့ဝဲခြေဖြင့်
နင်းခြေ လွယ်ကူ သတ်နိုင်၏။

ထို့နောက် ဆင်ဆိုးကြီးသည် နှံစုတ်ငှက်မ၏ သားငယ်တို့ကို ခြေဖြင့် နင်းခြေပစ်၏။ အပေါ်မှ ကျင်ငယ် စွန့်ချ၏။ ကျင်ငယ်ရေဖြင့် ငှက်သေတို့ကို မျောပါသွားစေ၏။

မိခင် နှံစုတ်ငှက်မသည် သစ်ပင်ထက်၌နားလျက် ငေးစိုက်ကြည့်နေရာမှ ဤသို့ တွေးတောမိ၏။

အင်အားကြီးမား၊ ရှိပါငြားလည်း
လွဲမှားလှစွာ၊ ပြုမူပါက
သူ့မှာယိုယွင်း၊ ပျက်စီးခြင်းကို
ချက်ချင်းခဏ၊ ကြုံတွေ့ရအံ့
ငါ့ရင်သွေးများ၊ ပျက်ကြွေလားသို့
သူ့အားသေစေ၊ ငါပြုပေအံ့။

ထို့နောက် နှံစုတ်ငှက်မသည် ဆင်ဆိုးကို တိုက်ခိုက်ရန် စီစဉ်လေသည်။ ရှေးဦးစွာ သူသည် ကျီးတစ်ကောင်၏အကျိုးကို ဆောင်ရွက်ပေးကာ မိတ်ဖွဲ့သည်။ ကျီးက သင့်အတွက် မည်သည့်အမှုကို ဆောင်ရွက်ပေးရမည်နည်းဟု မေးသည်တွင် ဆင်ဆိုး၏မျက်စိကို သင့်နှုတ်သီးဖြင့် ထိုးဖောက်ပေးပါဟု နှံစုတ်ငှက်မ ဆိုတိုင်း ပြုပေ၏။

နံ့စုတ်ငှက်မသည် ယင်မမဲရိုင်းထံသွား၍ မိတ်ဖွဲ့ပြန်၏။ ယင်မမဲရိုင်းက သင့်အတွက် မည်သို့ ဆောင်ရွက်ပေးရမည်နည်းဟု မေးသည်တွင် ဆင် ဆိုး၏ မျက်စိအနားတွင် ယင်ဥများဥပေးပါဟု နံ့စုတ်ငှက်မဆိုတိုင်းပြု ပေ၏။

နံ့စုတ်ငှက်မသည် ဖားတစ်ကောင်ကို ချဉ်းကပ်၍ ဖားအကျိုးကို ဆောင်ရွက်ပေးပြန်၏။ ဖားက မည်သို့ ပြန်လည်ရွက်ဆောင်ပေးရမည် နည်းဟု မေးသည်တွင် တောင်ခြေသို့ သွား၍ အော်ပေးပါဟု နံ့စုတ်ငှက် မက ဖြေလေသည်။

မကြာမီ ဆင်ဆိုးကြီးသည် ပြင်းစွာ ဝေဒနာခံစားရ၏။ ရေလည်း အလွန်ငတ်၏။ ထိုစဉ် ဖားအော်သံကြားရသဖြင့် ရေရှိသည် ထင်မှတ်ကာ အသံကြားရာဆီသို့ လျင်မြန်စွာ သွားလေသည်။ ဤတွင် တောင်ကမ်းပါး ပြတ်မှကျကာ သေဆုံးသွားလေသည်။

*

နံ့စုတ်ငှက်ငယ်၊ ဖားသူငယ်နှင့်
ကျီးငယ်ဘဝ၊ ယင်မမဲရိုင်း
ဝိုင်းဝန်းညီညာ၊ တိုက်ခိုက်ပါသော်
ကြီးစွာဆင်ဆိုး၊ ကိုယ်ကျိုးပျက်စီး
ချည်းနှီး သူ့မှာ၊ သေရရှာ၍
မေတ္တာမဲ့ကင်း၊ ရန်ပြုခြင်းကို
အလျှင်း ပယ်ခွာ၊ ရှောင်ကြဉ်ရာတည့်။

ဤသို့ဖြင့် ဗုဒ္ဓဆိုကာ "ရဟန်းတို့ တစ်စုံတစ်ယောက်သောသူနှင့်မျှ ခိုက်ရန် မဖြစ်ပွားသင့်။ သည် သတ္တဝါလေးကောင်တို့သည် အားနည်း

သော်လည်း တပေါင်းတည်း ညီညွတ်ကြသဖြင့် ဆင်ဆိုးကြီးကို ပျက်စီးအောင် တိုက်ခိုက်နိုင်ကြပေပြီ” ဟူ၍ ထပ်မံ မိန့်မြွက်တော်မူလေသည်။

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် ဆင်ဆိုးဖြစ်သည်၊ ငါဘုရားကား ဆင်မင်း ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ဆင်ဖြူ

တစ်နေ့သ၌ ရဟန်းများသည် ဒေဝဒတ် ကျေးဇူးမဲ့ပုံ အကြောင်း ပြောဆိုဆွေးနွေးနေကြ၏။ ထိုစဉ် ဗုဒ္ဓသည် ရဟန်းများအနီးသို့ ကြွချီလာကာ ရဟန်းတို့အား မည်သည်ကို ပြောဆိုဆွေးနွေးနေ ကြောင်း မေးမြန်းတော်မူ၏။ ရဟန်းတို့က အကျိုးအကြောင်း ပြောပြသော် ဗုဒ္ဓက "ဒေဝဒတ်သည် ယခု မှသာ ကျေးဇူးမဲ့သည် မဟုတ်၊ ရှေးအခါကလည်း ကျေးဇူးမဲ့ဖူးလေပြီ" ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟော တော်မူလေသည်။

*

လွန်လေပြီးသောအခါ ဗုဒ္ဓသည် ဆင်ဖြူမျိုး၌ဖြစ်၍ ဟိမဝန္တာအရပ် ဝယ် ဆင်ရှစ်သောင်းကို အုပ်ချုပ်လေသည်။ သူ၏ မျက်စိတို့သည် ကြည်လင်၍ စိန်ကဲ့သို့ တောက်ပ၏။ သူ၏ပါးစပ်သည် နီမြန်း၍ အနာ ကင်း၏။ သူ၏နှာမောင်းသည် နီသော ရွှေဇာပေါက်ဖြင့် တန်ဆာဆင်သော ငွေပန်းဆိုင်းနှင့် တူ၏။ သူ၏ခြေတို့သည် ချိပ်ရည်ဖြင့် ဆိုးထားသကဲ့ သို့ ဝင်းပြောင်၏။

တစ်နေ့သ၌ ဆင်မင်းသည် ဆင်အပေါင်းနှင့်နေရခြင်းကို အပြစ်မြင်

လာလေသည်။ အချို့အချို့သော ဆင်များသည် နဂိုစရိုက်ပျောက်ကာ မဟုတ်မတရား ပြုလာကြသည်တွင် သူ ဆိုဆုံးမ၏။ မရလေ။ သူသည် အဖော်အပေါင်းကိုခွာ၍ အရပ်တပါးဝယ် တစ်စီးတည်း နေထိုင်တော့သည်။

တစ်နေ့တွင် ဆင်မင်းသည် လမ်းပျောက်၍ ငိုကြွေးနေသော မုဆိုး တစ်ယောက်ကို မြင်လေသည်။ ဆင်မင်းသည် ထိုသူကို ကယ်ဆယ်ရန် ကြံစည်လေသည်။ ထိုသူလည်း ဆင်မင်းချဉ်းကပ်လာသည့်အခါ နောက်သို့ ဆုတ်၍ဆုတ်၍ ပြေးလေသည်။ ထို့ကြောင့် မိမိဘေးပြုမည် မဟုတ်ကြောင်းကို ထိုသူသိအောင် ပြသောအနေဖြင့် ဆင်မင်းသည် ရပ်၍နေလိုက်လေသည်။

ဤတွင်မှ မုဆိုးက ဆင်မင်းအား မိမိ မျက်စိလည်၍ လမ်းမှားနေကြောင်း ပြောပြ၏။ ဆင်မင်းကလည်း မုဆိုးအား မိမိကျောပေါ်တွင် တင်ဆောင်၍ လမ်းမှန်သို့ ပို့ဆောင်ပေးမည်၊ သို့ရာတွင် မည်သည့်အရပ် ဒေသတွင် မိမိကို မြင်ခဲ့သည်ကိုကား မည်သူ့ကိုမျှ ပြောမပြရန် ပြောဆို သတိပေး၏။

"အို...ယောကျ်ား ငါနေရာအရပ်ကို မည်သူ့ကိုမျှ မပြောကြားပါ နှင့်"

ဤသည်လျှင် ဆင်မင်း၏ လေးနက်သော စကားပေတည်း။

သို့ရာတွင် မုဆိုးသည် ဆင်မင်းစကားကို မနာယူ။ အပြန်ခရီးလမ်းကို အားလုံးမှတ်သား ထားခဲ့လေသည်။

တစ်နေ့တွင် ဆင်စွယ်ပွတ်သမားအချို့သည် သက်ရှိထင်ရှားရှိသော ဆင်စွယ်ကို အလိုရှိနေကြောင်း မုဆိုးသိရလေသည်။ ဤတွင် သူသည် ဆင်မင်းရှိရာအရပ်သို့ ပြန်သွားကာ အသက်မွေးဝမ်းကျောင်းပြုရန် မိမိ မစွမ်းနိုင်တော့ကြောင်း ပြောပြ၏။ ဆင်မင်း၏ ဆင်စွယ်တစ်ပိုင်းကို

ပေး ပါရန်လည်း တောင်းလေ၏။

ဆင်မင်းသည် ဆင်စွယ်တစ်ချောင်းလုံးကို ဖြတ်ယူလော့ဟု ဆိုကာ ဆင်စွယ်ကို အလွယ်တကူ ဖြတ်ယူနိုင်ရန် ဒူးထောက်ပေးလေသည်။ မုဆိုးသည် ဆင်စွယ်နှစ်ချောင်းလုံးကို ဖြတ်ယူတော့၏။ အိမ်ရောက်သော် ၎င်းတို့ကို ဆင်စွယ်ပွတ်သမားတို့အား ရောင်းချလေသည်။

မကြာမီ သူ့မှာ ဆင်စွယ်ရောင်းရသောငွေတို့ ကုန်သဖြင့် ဆင်မင်း ထံသွားကာ ဆင်စွယ်တောင်းပြန်၏။ ဆင်မင်းသည် သူ့အလို ဖြည့်လေ သည်။ မုဆိုးလည်း အိမ်ပြန် ဆင်စွယ်ရောင်း၊ ရငွေသုံးစားပစ်ပြီးသော်၊ ဆင်မင်းရှိရာသို့ သွားပြန်လေသည်။ ဤအကြိမ်၌ကား အငုတ်မျှသာ ကျန်သော ဆင်စွယ်တို့ကို တောင်း၏။

ဆင်မင်းသည် ငြင်းပယ်ခြင်း မပြု။ ဒူးထောက် ပေးလေသည်။ မုဆိုးသည် ဆင်နှာမောင်းပေါ်သို့ တက်၍ နှစ်ဖက်သော နူတ်သီးစွန်းကို ဖနောင့်ဖြင့် နင်းကာ အသားကို လှီးဖြတ်လေသည်။ ထို့နောက် အသားတွင်းရှိ အစွယ်ရင်းကို လွှဖြင့် တိုက်ဖြတ်ပြီး ယူသွားလေသည်။

ဤတွင် ထိုသူယုတ်၏ ကျေးဇူးမဲ့အစုကို မဟာပထဝီမြေကြီးသည် ဆောင်ခြင်းငှာ မတတ်နိုင်တော့။ နှစ်ဖြာကွဲ၍ သူယုတ်မာကို မျိုလေတော့၏။

ထိုအခြင်းအရာ အလုံးစုံကို ရုက္ခစိုးနတ်သည် မြင်တွေ့၍ အောက်ပါ အတိုင်း မြည်တမ်းလေသည်။

ကျေးဇူးမဲ့သူ၊ လောဘထူ၍
ရယူဖို့သာ၊ ဖန် ဖန်ရှာခဲ့
ကမ္ဘာအလုံး၊ ရယူသုံးလည်း
မဆုံးနိုင်ဘဲ၊ ရောင့်ရဲမရှိ၊ ဆိုးလှ၏။

ထိုအချိန်မှစ၍ ဆင်မင်းသည်လည်း ငြိမ်းချမ်းစွာ နေထိုင်သွားနိုင်လေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် မုဆိုးဖြစ်သည်။ ငါဘုရားကား ဆင်မင်းဖြစ်သည်။ ရှင်သာရိပုတ္တရာမှ ရက္ခစိုးဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ခွေးဝင်စား

မည်သူမဆို မိမိ၏ဆွေမျိုးသားချင်း ကောင်းကျိုးကို ဆောင်ရွက်သင့်ကြောင်း ညွှန်ပြလိုသဖြင့် ဗုဒ္ဓက ဤဇာတ်ကို ဟောတော်မူခြင်း ဖြစ်ပေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ခွေးဝင်စားမျိုး၌ ဖြစ်၏။ သူသည် ဘုရင်စံမြန်းရာ မြို့တော်၏ သုသာန်တွင် နေနေလျက် စားကြွင်းစားကျန် အညစ်အကြေးတို့ကိုသာ ရှာဖွေစားသောက် နေထိုင်ရလေသည်။ မည်သို့ပင်ဖြစ်စေ သူသည် အကျင့်သီလနှင့် ပြည့်စုံသဖြင့် မြို့တော်ရှိ ခွေးလေခွေးလွင့် ခွေးဝင်စားအားလုံး၏ အကြီးအကဲ ဖြစ်လာခဲ့ပေသည်။

တစ်နေ့သ၌ ဘုရင်သည် မြင်းဖြူများကသော ရထားကိုစီးလျက် မြို့ပြင်သို့ထွက်ကာ လည်ပတ်ပျော်မြူး၏။ တစ်နေ့လုံး လည်ပတ်ပျော်မြူး

ပြီးနောက် နေဝင်သောအခါတွင်မှ နန်းတော်သို့ ပြန်လာ၏။ မှောင်နေပြီ ဖြစ်သဖြင့် မြင်းများကိုသာ ကကြိုးများဖြုတ်၍ မြင်းဇောင်းသို့ ပို့ရသည်။ ရထားကကြိုး တန်ဆာတို့ကိုမူ မင်းရင်ပြင်၌ပင် ထားလေသည်။

ထိုညတွင် မိုးရွာသွန်းရာ ကကြိုးတန်ဆာတို့မှာ မိုးစိုလေတော့၏။ ကကြိုးတန်ဆာရှိ သားရေတို့သည်လည်း နူးညံ့ပျော့ပျောင်းကြကုန်သည်။ ထိုအခိုက် နန်းတော်၌ မွေးထားသော ခွေးတို့သည် ထိုနေရာသို့ရောက်လာ၍ ထိုသားရေတို့ကို ကိုက်ဖြတ် စားကြလေသည်။

နံနက်လင်းသောအခါ မင်းချင်းတို့သည် သားရေများ ခွေးစားခံရသည်ကို တွေ့ရလေသည်။ ဤတွင် ဘုရင်ထံ ချဉ်းကပ်ကာ ခွေးဝင်စားတို့သည် ရေပြွန်ပေါက်မှတစ်ဆင့် နန်းရင်ပြင်သို့ဝင်ကာ ရထားကကြိုးမှသားရေတို့ကို စားကြလေပြီဟူ၍ လျှောက်ထား၏။ ဘုရင်သည်လည်း မြို့တော်ရှိ ခွေးဝင်စားအားလုံးကို သတ်ရန် အမိန့်ပေးလေသည်။

ထိုသတင်းကို ခွေးဝင်စားတို့ကြားသော် လွန်စွာ ထိတ်လန့်ကြောက်ရွံ့လှသဖြင့် သုသာန်သို့ လျင်မြန်စွာ ပြေးသွားကြ၏။ သူတို့၏ အကြီးအကဲဖြစ်သူ ဘုရားလောင်းကို အကြောင်းစုံ ပြောပြ၏။

ဘုရားလောင်းကလည်း လာရောက်ပြောဆိုသော ခွေးဝင်စားတို့အား ပူပန်သောကမဖြစ်ရန် ဖျောင်းဖျ ပြောဆိုလေသည်။ ခွေးဝင်စားတို့ ဘေးမရောက်ရန် မိမိကယ်မည်ဟူ၍လည်း အားပေးစကား ပြောကြားလေသည်။ သူသည် လေးနက်စွာ ဆင်ခြင်စဉ်းစားပြီးလျှင် အကြံအစည်တစ်ခုပြု၏။ ထို့နောက် ခွေးဝင်စားတို့ကို သုသာန်၌ စောင့်ဆိုင်းစေကာ မိမိတစ်ကောင်တည်း နန်းတော်သို့ ထွက်ခွာသွားလေသည်။

သူသည် လမ်းတစ်လျှောက်လုံး "ငါ့ကို တစ်စုံတစ်ယောက်သောသူသည် ခဲတုတ် စသည်တို့ဖြင့် မပစ်ဝံ့စေသတည်း" ဟူ၍ သစ္စာအဓိဋ္ဌာန်

ပြုလျက်သွား၏။ သူ၏ သစ္စာတန်ခိုးကြောင့် မည်သူကမှ သူ့ကို ခဲ တုတ် စသည်တို့ဖြင့် မပစ်ကြ။ သူသည် ဘေးရန်ကင်းရှင်းစွာဖြင့် နန်းတော်သို့ ရောက်ရှိသွားလေသည်။

နန်းတော်သို့ရောက်သော် သူသည် နန်းတော်တံခါး အသွယ်သွယ်ကို ဖြတ်၍ ဝင်ရ၏။ နောက်ဆုံးတွင် တရားစီရင်ရာ လွှတ်တော် အဆောင်ဝသို့ ရောက်သွား၏။ ထိုအဆောင်တွင် ဘုရင်သည် ရာဇပလ္လင်ပေါ်၌ ထိုင်လျက် ပြည်သူတို့ဆန္ဒ၊ ပြည်သူတို့ တင်လွှာတို့ကို လက်ခံကြားနာလျက် ရှိသည်။ ဘုရားလောင်းလည်း လျင်မြန်စွာပင် အဆောင်ထဲသို့ပြေးဝင်ကာ ရာဇပလ္လင် အောက်တွင် နေလေသည်။

ဘုရင်သည် ဘုရားလောင်းအား မည်သည့်ဘေးဒုက္ခ ကြုံတွေ့လာ သနည်းဟု မေးပေ၏။ ဘုရားလောင်းကလည်း ခွေးဝင်စားအားလုံးကို သတ်ရန် မင်းကြီး အမိန့်ပေးသည်မှာ မှန်ပါသလောဟူ၍ မေးလျှောက်လေ သည်။ ဟုတ်မှန်ကြောင်း ဘုရင်ဖြေသည်တွင် ဘုရားလောင်းက အောက်ပါ အတိုင်း ဆိုလေသည်။

နန်းတွင်းရိပ်မှာ၊ ကြီးပြင်းပါ၍
အစာပေါများ၊ အကောင်းစားသည့်
အင်အား ကြီးမား၊ ထိုခွေးများကို
ထူးခြားခွင့်ရေး၊ ချမ်းသာပေး၍
ခွေးလေလွင့်များ၊ ကျွန်တို့အားလျှင်
သေကားသေစေ၊ စီရင်ပေရာ
စာရေမဲ့သူ၊ အားနည်းသူကို
ကလူ နှိပ်စက် မည်တော့သည်။

**စိတ်ကူးချိုချို**

ဤတွင် ဘုရင်က ခွေးဝင်စားတို့သည် ကကြိုးတန်ဆာမှ သားရေတို့ကို စားသဖြင့် သတ်ရန် အမိန့်ပေးရပေပြီဟု ဆို၏။ ဘုရားလောင်းကလည်း "ခွေးဝင်စားတို့သည် ကကြိုးတန်ဆာတို့ကို မစားပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် နန်းရင်ပြင်သို့ မလာရောက်နိုင်ကြပါ"ဟူ၍ လျှောက်ထား၏။

ထိုအခါ ဘုရင်က "ကကြိုးတန်ဆာမှ သားရေတို့ကို ခွေးဝင်စားတို့မစားလျှင် မည်သည့်ခွေးတို့ စားသနည်း" ဟု မေးပြန်ရာ ဘုရားလောင်းက "သားရေတို့ကို နန်းတော်ရှိ ခွေးတို့စားကြောင်း သက်သေပြနိုင်ပါသည်" ဟူ၍ ပြန်လျှောက်လေသည်။

ဘုရင်သည် ဖြောင့်မတ်သူဖြစ်ရကား ဘုရားလောင်းအား သက်သေပြစေ၏။ ဘုရားလောင်းသည် နန်းတော်ရှိ ခွေးအားလုံးကို လွှတ်တော်သို့ ခေါ်ဆောင်လာစေ၏။ ထို့နောက် မြေစာမြက်ကိုတောင်း၍ ယက်တက်ရည်နှင့်ရောကာ ထိုခွေးတို့အား တိုက်ရန် ပြော၏။ ဘုရင်လည်း ဘုရားလောင်း ပြောသည့်အတိုင်း ပြုစေလေသည်။

လူအများ စောင့်ကြပ်ကြည့်ရှုဆဲမှာပင် နန်းတော်ရှိ ခွေးအားလုံးသည် ပျို့ကာ အော့အန်ကြကုန်သည်။ စားထားသော သားရေစတို့သည်လည်း ဝမ်းထဲမှ ထွက်ကျလာလေသည်။

ဘုရင်သည် ဘုရားလောင်း၏ ပညာဉာဏ်စွမ်းကို နှစ်သက်သဘောကျကာ ခွေးဝင်စားတို့အား သတ်ရန်အမိန့်ကို ရုပ်သိမ်းမည်ဟု ဆိုလေသည်။ ထို့ပြင် ထိုနေ့မှအစပြု၍ ခွေးဝင်စားအားလုံးကို မိမိ စားတော်ခေါ်သော အစာအာဟာရနှင့် ထပ်တူထပ်မျှဖြစ်သော အစာတို့ကို ကျွေးမွေး လှူဒါန်းရန်လည်း အမိန့်ပေးလေသည်။

ဘုရားလောင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရာမှ ခွေးတို့ကိုသာမ

က အခြားသတ္တဝါအားလုံးကိုပါ ဘေးမဲ့ပေးပါရန် ပန်ကြားလေသည်။ သူ၏ ပန်ကြားချက်အရ ဘုရင်ကလည်း အခြားသတ္တဝါအားလုံးကိုပါ ဘေးမဲ့ပေးလျက် တရားမျှစွာ အုပ်စိုးကာ အသက်ရှည်စွာ နေထိုင်သွားလေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ရှင်အာနန္ဒာသည် ဘုရင်ဖြစ်သည်၊ ငါဘုရားကား ခွေးလေခွေးလွင့် ခွေးဝင်စား အကြီးအကဲဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ပုဏ္ဏားလုလင်

တစ်နေ့သ၌ ရဟန်းများသည် အချင်းချင်း စကား ပြောဆို ဆွေးနွေးရာမှ ဗုဒ္ဓမြတ်စွာ ဘုရားသခင်အတွက် ရှင်အာနန္ဒာ အသက်စွန့်ပုံကို ပြောဆို ဆွေးနွေးနေကြသည်။ ထိုအခါ ရှင်အာနန္ဒာသည် ရှေးရှေးဘဝများကလည်း ငါဘုရား အတွက် အသက်စွန့်ခဲ့ဖူးပေသည်ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ် ကို ဟောတော်မူလေသည်။

*

လွန်လေပြီးသောအခါ ဘုရားလောင်းသည် လယ်သမား ပုဏ္ဏား တစ်ဦး၏သားအဖြစ် မွေးဖွား၏။ သူသည် အရွယ်ရောက်သောအခါ အဖော်များနှင့်အတူ နေ့စဉ် လယ်ထဲသို့ဆင်းကာ လယ်လုပ်လေ့ရှိ၏။

တစ်ခါသော် လယ်ထွန်ချိန်ရောက်သဖြင့် သူသည် အဖော်တို့ကို ခေါ်ကာ လယ်သို့ဆင်း၍ လယ်ထွန်လေသည်။ ထို့နောက် ခြေလက်ဆေး

ကြောရန် လယ်အနီးရှိ ထုံးအိုင်သို့ ဆင်းသက်လေသည်။

ထိုထုံးအိုင်၌ ရွှေပုစွန်ငယ်တစ်ကောင်နေ၏။ ပုဏ္ဏားလုလင်သည် ရွှေပုစွန်ကိုမြင်သော် ကောက်ယူလေသည်။ ထို့နောက် သူ၏ အပေါ်ရုံပုဆိုး အတွင်း၌ထားကာ သူနှင့်အတူ တစ်နေ့လုံးနေစေ၏။ အလုပ်ပြီး၍ ညနေချိန်သို့ ရောက်သောအခါတွင်မှ ရွှေပုစွန်ကို ထုံးအိုင်သို့ ပြန်လည်ပို့လေသည်။

ဤသို့ပြုသော အလေ့အထသည် ကာလအတန်ကြာ ရှိခဲ့ပေ၏။ ပုဏ္ဏားလုလင်နှင့် ရွှေပုစွန်တို့မှာလည်း တစ်နေ့တခြား ချစ်ကျွမ်းဝင်လာကြလေသည်။

ပုဏ္ဏားလုလင် လယ်လုပ်ရာ လယ်ကွက်အစွန်းရှိ ထန်းပင်တစ်ပင်၌ ကျီးဖိုတစ်ကောင်နှင့် မယားဖြစ်သူ ကျီးမနေကြလေသည်။ ကျီးမသည် ပုဏ္ဏားလုလင် လယ်လုပ်သည်ကို မကြာခဏ မြင်တွေ့ရသည်။ ပုဏ္ဏားလုလင်၌ လှပ၍ ကြည်လင်တောက်ပသော မျက်လုံးအစုံရှိသည်ကို မြင်သောအခါ စားလိုသောချင်ခြင်း ဖြစ်လာလေသည်။ တစ်နေ့တွင် ကျီးဖိုအား ပုဏ္ဏားလုလင်၏ မျက်လုံးတို့ကိုယူပေးပါရန် ပူဆာ၏။ ထိုအခါ ကျီးဖိုက "ငါမတတ်နိုင်ပါ"ဟု ဆိုလေသည်။

ကျီးမက "သင်မတတ်နိုင်သည်ကို ကျွန်မသိပါသည်။ သို့ရာတွင် ထန်းပင်အနီးရှိ တောင်ပို့၌ မြွေဟောက်နေပါသည်။ ထိုမြွေဟောက်နှင့် မိတ်ဖွဲ့ပါ။ ပုဏ္ဏားလုလင်ကို ကိုက်စေပါ။ ပုဏ္ဏားလုလင် မြွေဆိပ်ထိ၍ မြေပေါ်သို့ လဲကျလိမ့်မည်။ သည်အခါ သင်က ပုဏ္ဏားလုလင်၏မျက်လုံးကို အလွယ်တကူ ထိုးဆိတ်ယူနိုင်ပါလိမ့်မည်"ဟု ဆိုလေသည်။

ကျီးဖိုလည်း မြွေဟောက်ထံသွား၍ အဆွေခင်ပွန်းဖွဲ့၏။ မကြာမီ သူတို့နှစ်ဦး ရင်းနှီးလာတော့သည်။ တစ်နေ့တွင် မြွေဟောက်က ကျီးအား

"သင့်အတွက် မည်သည့်အမှုကို ငါ ဆောင်ရွက်ပေးရမည်နည်း" ဟု မေး၏။ ကျီးကလည်း ပုဏ္ဏားလုလင်ကို ကိုက်သတ်ပေးပါရန် ပြောဆိုလေလေသည်။

နောက်တစ်နေ့တွင် ပုဏ္ဏားလုလင်သည် အခါတိုင်းကဲ့သို့ပင် လယ်သို့လာ၏။ ရှေးဦးစွာ သူသည် ထုံးအိုင်သို့ဆင်း၍ ခြေလက်တို့ကို ဆေးကြော၏။ ထို့နောက် ရွှေပုစွန်ကိုဆောင်ယူကာ လယ်သို့ ဆင်းလေသည်။ ထိုအခိုက် မြွေဟောက်သည် တစ်နေရာတွင် ပုန်းအောင်းနေရာမှ ပုဏ္ဏားလုလင်၏ခြေကို ရုတ်တရက် ထွက်၍ ကိုက်လေသည်။ ပုဏ္ဏားလုလင်မှာ မြေသို့ လဲကျသွားတော့၏။ ဤတွင် ကျီးဖိုသည် ပုဏ္ဏားလုလင်၏ မျက်လုံးတို့ကို ထိုးဖောက်ယူရန် ထိုနေရာသို့ ပျံသန်းလာလေသည်။ မြွေလည်း တောင်ပို့ရှိရာသို့ ထွက်ပြေးသွားလေသည်။

ကျီးသည် ပုဏ္ဏားလုလင်၏ မျက်လုံးတို့ကိုယူရန် ထိုးဆိတ်မည်ပြု၏။ ထိုစဉ် ရွှေပုစွန်သည် လုလင်၏ပုဆိုးထဲမှထွက်လာကာ ကျီး၏လည်ပင်းကို လက်မတစ်ဖက်ဖြင့် မြဲစွာ ညှပ်လေသည်။ ကျီးသည် နာကျင်လှသဖြင့် အော်ကာ မြွေကို အကူအညီတောင်းလေသည်။

မြွေလည်း ပါးပျဉ်းထောင်ကာ ရွှေပုစွန်ကို ပေါက်မည်ပြု၏။ ထိုအခါ ရွှေပုစွန်သည် ကျန်လက်မတစ်ဖက်ဖြင့် မြွေ၏လည်ကို ညှပ်ပြန်လေသည်။

မြွေက ရွှေပုစွန်အား အဘယ်ကြောင့် မိမိတို့လည်ကို လက်မဖြင့် ညှပ်ရသနည်းဟု မေး၏။ ပုစွန်ကလည်း "ဤယောကျ်ားသည် ငါ၏အဆွေတည်း။ ငါ့အား ကာကွယ်စောင့်ရှောက်၍ များစွာကျေးဇူးပြု၏။ ဤယောကျ်ားမရှိသော် လူတို့သည်လည်းကောင်း၊ ကျီးတို့သည် လည်းကောင်း ငါ့အား သတ်ဖြတ်ရာ၏။ ထို့ကြောင့် ထိုယောကျ်ား၏ အသက်ရှင်ခြင်းကို

ငါအလိုရှိ၏”ဟု ပြန်ပြောလေသည်။ ဤတွင် မြွေက သူနှင့်ကျီးတို့၏ အသက်ကို ချမ်းသာပေးမည်ဆိုပါက ပုဏ္ဏားလုလင် အသက်ရှင်ရန်အတွက် အဆိပ်တို့ကို ပြန်လည်စုပ်ယူပေးမည်ဟု ဆိုလေသည်။

ရွှေပုစွန်သည်လည်း မြွေအားတင်းကျပ်စွာ ညှပ်ထားသောလက်မကို လျှော့ပေးကာ အဆိပ်ကိုစုပ်ယူစေ၏။ ကျီး၏လည်မျိုကိုမူ တင်းကျပ်စွာ ညှပ်မြဲညှပ်ထားလေသည်။ မြွေသည် အဆိပ်ကိုပြန်၍စုပ်ရာ ပုဏ္ဏားလုလင်သည် ပကတိအတိုင်း ပြန်၍ဖြစ်လေသည်။ သို့ရာတွင် ရွှေပုစွန်သည် ကျီးနှင့် မြွေတို့ကို ချမ်းသာမပေး။ နှစ်ကောင်လုံးကို သတ်လိုက်လေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် မာရ်နတ်သည် မြွေဟောက်၊ ဒေဝဒတ်သည် ကျီးဖို၊ ရှင်အာနန္ဒာသည် ရွှေပုစွန်ဖြစ်သည်။ ငါဘုရားကား ပုဏ္ဏားလုလင်ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော်မူလေသည်။

*

# ဆဒ္ဒန်ဆင်မင်း

တစ်နေ့သ၌ အမျိုးကောင်းသမီးတစ်ဦးဖြစ်သော ရဟန်းမိန်းမ တစ်ဦးသည် ဗုဒ္ဓထံ တရားလာရောက် နာယူ လေသည်။ ယင်းကို အကြောင်းပြု၍ ဆဒ္ဒန်ဆင်မင်းဇာတ်ကို ဗုဒ္ဓက ဟောတော်မူခြင်းဖြစ်သည်။

ထိုရဟန်းမိန်းမသည် ဗုဒ္ဓကို ဖူးမြော်ကြည်ညိုရာမှ ငါသည် သံသရာ၌ကျင်လည်စဉ်၊ ထိုယောကျ်ားမြတ်၏ မယားဖြစ်ခဲ့ဖူးသလောဟူ၍ ထူးခြားသောဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကြည့်၏။ ထိုအခါ သူသည် ထိုယောကျ်ားမြတ်၏ မယားဖြစ်ခဲ့ဖူးကြောင်း သိမြင်ရ၏။ ဤတွင် သူသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရယ်မောမိလေသည်။ တစ်ဖန် မယားဖြစ်သည်ကားမှန်သည်။ မယားတို့မည်သည် အနည်းငယ်သာလျှင် ကောင်းကြသည်၊ များစွာသော မယားတို့ကား မကောင်းကြ။ မိမိသည် မယားကောင်းဖြစ်ခဲ့ပါ၏လော ဟူ၍ ဆင်ခြင်

ကြည့်ပြန်၏။ ထိုအခါ သူသည် ဘဝဟောင်း၌ရှိစဉ် ထို ယောကျ်ားမြတ်ကိုသတ်ရန် မုဆိုးကို စေလွှတ်ခဲ့ကြောင်း သိ မြင်ရ၏။ ထိုအခါ သူသည် ဝမ်းနည်းစိတ်မကောင်းဖြစ်ကာ ငိုကြွေးလေသည်။

ဗုဒ္ဓသည် ထိုရဟန်းမိန်းမ၏အဖြစ်ကို မြင်တော် မူသောအခါ ပြုံးတော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူ လေသည်။

*

တစ်ရံရောအခါ ဘုရားလောင်းသည် ဆင်ဖြူမျိုး၌ဖြစ်၍ ဆင်ရှစ် ထောင်ကို မင်းပြု၍ နေထိုင်လေသည်။ သူ၏ အစွယ်တို့သည် ထူးခြားလှပ ၍ အဆင်းအရောင် ခြောက်မျိုးနှင့် ပြည့်စုံလေသည်။ ထို့ကြောင့်လည်း 'ဆဒ္ဒန်ဆင်မင်း' ဟူ၍ သူ့မှာ အမည်တွင်၏။ သူ၏ နဖူးသည် ကျယ်ပြန့်၍ သူ၏ နှာမောင်းသည် ငွေပန်းဆိုင်းပမာ လှပတင့်တယ်လေသည်။ ထို ဆင်မင်း၌လည်း မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါဟူသော မိဖုရားနှစ်ဦးရှိ လေသည်။

ဆဒ္ဒန်ဆင်မင်းသည် ဟိမဝန္တာတောင်ရှိ ဆဒ္ဒန်ရေအိုင်အနီးတွင် နေထိုင်သည်ဖြစ်ရာ သူ့ဘဝသည် သာယာချမ်းမြေ့ပါပေ၏။ ပတ်ဝန်းကျင် ကလည်း လှပသည်။ ရေအိုင်ကလည်း လှပသည်။ ထိုရေအိုင်တွင် အရောင်မျိုးစုံရှိသော ကြာပန်းတို့သည် ဖုံးအုပ်နေ၏။ ရေအိုင်ပတ်လည်တွင် သစ်သီးပင်များ၊ လယ်ယာများ၊ ဝါးတောများသည် အဆင့်ဆင့်ဝန်းရံနေ၏။ ယင်းတို့ကို တောင်စဉ်ခုနစ်ထပ်က ဝန်းရံထားပြန်၏။

ထိုဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့်အရပ်၌ အလွန်ကြီးမားတင့် တယ်သော ပညောင်ပင်ကြီးရှိလေသည်။ ထိုအပင်သည် ဆင်အပေါင်းအား

နွေအခါတွင် အေးမြသော အရိပ်ဆာယာကို ပေးပေ၏။ ထိုဆဒ္ဒန်အိုင်ကြီး၏ အနောက်အရပ်၌ကား ရွှေဂူကြီးရှိလေသည်။ မိုးရာသီရောက်၍ မိုးရွာသွန်းသောအခါ ထိုရွှေဂူသည် ဆင်အပေါင်းအတွက် ခိုလှုံရာဖြစ်လေသည်။

ဆင်အပေါင်းသည် သစ်ပင်များအကြားတွင် မြူးထူးပျော်ပါး ကစားလိုက်ကြ၊ ရေအိုင်တွင် ရေကစားလိုက်ကြနှင့် ပျော်ရွှင်စွာ နေထိုင်ကြပေ၏။

တစ်နေ့သ၌ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ်ပွင့်လေသည်။ ဆဒ္ဒန်ဆင်မင်းသည်လည်း မိဖုရားနှစ်ဦးနှင့်အတူ အင်ကြင်းပင်များအကြားတွင် မြူးထူးပျော်ပါး ကစား၏။ ထို့နောက် အင်ကြင်းပင်တစ်ပင်ကို ဦးကင်းဖြင့် တိုက်လေသည်။

ထိုအခါ မဟာသုဘဒ္ဒါ၏ ကိုယ်ပေါ်သို့ အင်ကြင်းပွင့်များနှင့် ရွက်စိမ်းများသည် ကြွေကျလေသည်။ ဆင်မင်း၏ အခြားတစ်ဖက်၌ရှိသော စူဠသုဘဒ္ဒါ၏ကိုယ်ပေါ်သို့မူ ရွက်ရော်များနှင့် ခါချဉ်များသည် ကျဆင်းလာလေသည်။ ဤတွင် (မဟာသုဘဒ္ဒါအပေါ် ဆဒ္ဒန်ဆင်မင်း မျက်နှာလိုက်သည်) ဟူ၍ စူဠသုဘဒ္ဒါသည် မနာလိုငြူစူခြင်း ဖြစ်မိလေသည်။

တစ်နေ့တွင်လည်း ဆင်မင်းနှင့် မိဖုရားတို့သည် ရေအိုင်သို့ ရေချိုးဆင်းကြရာ သူတို့ကို အခြားဆင်များက ပွတ်တိုက်သန့်စင်ပေးကြသည်။သူတို့ ရေချိုးပြီး၍ နားနေကြစဉ် အခြားဆင်တို့သည် ရေချိုးကြသည်။ ထို့နောက် သူတို့ကို ပန်းများဆက်သကြသည်။ ဆင်တစ်ကောင်သည်လည်း ပွင့်ချပ် ခုနစ်ဆင့်ရှိသော ကြာပွင့်ကြီးကိုတွေ့သဖြင့် ဆွတ်ယူကာ ဆင်မင်းအား ဆက်သပေ၏။ ဆင်မင်းသည် ကြာပွင့်ကိုလှမ်းယူကာ ဝတ်မှုန်များကို မိမိဦးကင်းပေါ်သို့ ခါချ၏။ ထို့နောက် ဝတ်မှုန်များသည် မဟာသုဘဒ္ဒါအား ပေးလေသည်။ ထိုအခါ စူဠသုဘဒ္ဒါသည် မနာလိုငြူစူခြင်း ဖြစ်ပြန်

လေသည်။ ဤအကြိမ်တွင်ကား မနာလိုရုံမျှမက ရန်ငြိုးပင် ထားလေတော့သည်။

တစ်နေ့သ၌ ပစ္စေကဗုဒ္ဓအချို့သည် ဆင်မင်းရှိရာသို့ ကြွချီတော်မူလာ၏။ ထိုအခါ ဆင်မင်းသည် ပစ္စေကဗုဒ္ဓတို့ကို သစ်သီးနှင့် ပန်းများ ကပ်လှူလေသည်။ စူဠသုဘဒ္ဒါသည်လည်း အလားတူပင် လှူဒါန်းပူဇော်လေသည်။ ထို့နောက် သူက "အကျွန်ုပ်သည် သည်ဘဝမှ စုတေသည်ရှိသော် လူမင်းသမီးဖြစ်ရပါလို၏။ အရွယ်ရောက်သောအခါ မိဖုရားအဖြစ်သို့ ရောက်ကာ ဆဒ္ဒန်ဆင်မင်းကို သတ်ရပါလို၏" ဟူ၍ တိတ်တိတ်ဆုတောင်းလေသည်။ ထို့နောက် အစာရေစာ မစားဘဲနေသဖြင့် တဖြည်းဖြည်း ခြောက်ကပ်ပြီးလျှင် သေဆုံးလေသည်။

စူဠသုဘဒ္ဒါသည် ဆုတောင်းခဲ့သည့်အတိုင်းပင် လှပြည်ဝယ် လှပတင့်တယ်သော မင်းသမီးတစ်ပါး ဖြစ်လာ၏။ ဗာရာဏသီမင်း၏ အထူးချစ်မြတ်နိုးခြင်းခံရသော မိဖုရားဘဝသို့လည်း ရောက်လာ၏။

တစ်နေ့သ၌ သူသည် သူ၏ဆုတောင်းကို ဆင်ခြင်သတိရ၍ မကျန်းမာဟန်ဆောင်လျက် တိုက်ခန်းဆောင်တွင် အိပ်၏။ ထိုအခါ ဘုရင်က မည်သည့်ကိစ္စကြောင့် ထိုသို့ဖြစ်ရပါသနည်း ဟူ၍ မေးလေသည်။ မိဖုရားကလည်း မိမိမှာ ချင်ခြင်းဖြစ်နေပါသည်။ အကယ်၍ ထိုချင်ခြင်းကို ဖြည့်စွမ်းမပေးနိုင်ပါက မိမိသေရလိမ့်မည်ဟူ၍ လျှောက်ထားလေသည်။

ဘုရင်သည် စိုးရိမ်ပူပန်ကာ မည်မျှခက်ခဲသည့်ကိစ္စ ဖြစ်စေကာမူ မိမိဆောင်ကြဉ်းပေးမည်ဟူ၍ ကတိပေးပြောဆိုလေသည်။ အကြောင်းကို မေးမြန်းသော်ကား မိဖုရားက မဖြေ။ တိုင်းပြည်အတွင်းရှိ မုဆိုးတို့ကိုသာ သူ့ထံစေလွှတ်ရန် လျှောက်ထားလေသည်။ ထိုအခါ မုဆိုးတို့ကို ဆင့်ခေါ်ရပေ၏။

**စိတ်ကူးချိုချို**

မုဆိုးတို့ ရောက်လာကြသော် မိဖုရားက "အို မုဆိုးတို့၊ ငါသည် အစွယ်၆ အရောင်ခြောက်ပါးရှိသော၊ အလွန်တင့်တယ်လှသော ဆင်မင်းကို အိမ်မက်မြင်မက်သည်။ ထိုဆင်မင်း၏အစွယ်ကို ငါရလိုပါသည်။ မရသော် ငါသေရလတ္တံ့" ဟူ၍ ဆိုလေသည်။

တစ်ဖန် မုဆိုးတို့ထဲမှ ရုန့်ရင်းကြမ်းတမ်းဆုံး သွင်ပြင်မူရာရှိသော မုဆိုးကို ရွေးချယ်လိုက်ကာ 'ဆင်စွယ်ရအောင် အသင်ဆောင်ကြဉ်းပေးရမည်' ဟူ၍ ဆိုလေသည်။

ပထမတွင် ထိုမုဆိုးမှာ ရွံ့ထိတ်နေပေ၏။ မိဖုရားက ဆင်စွယ်ကို သူမုချရသည် ဟူ၍ အိပ်မက်မက်ကြောင်း ရှင်းလင်းပြသောအခါမှ မုဆိုးလည်း ကျေနပ်အားတက်ကာ မည်သည့်အရပ်တွင် ဆင်မင်းကို တွေ့နိုင်ပါမည်နည်း ဟူ၍ မေးမြန်းလေသည်။ ထိုအခါ မိဖုရားက ဆိုလေသည်မှာ–

ဆင်မင်းစံရာ၊ အနီးမှာဝယ်
ကြည်စွာသန့်ရှင်း၊ ရေချိုးဆင်းသည့်
အိုင်မင်းသာယာ၊ ပန်းစုံစွာနှင့်
လူးလာကျက်စား၊ ပိတုန်းပျားတို့
ထူးခြားဝေဖြာ၊ တည်ရှိပါတည့်
ဖွေရှာအသင်၊ ဆင်မင်းရှင်ကို
ထိုတွင် ထင်ရှား တွေ့နိုင်၏။

ထိုဆင်မင်းလျှင်
ရေဆင်းချိုးကာ၊ ပြီးသောခါဝယ်
ကြာပန်းဝေဆာ၊ ဆင်မြန်းကာလျှင်
ပန်းလွှာထုံကြူ၊ ဆွတ်ဆွတ်ဖြူသို့

ကိုယ်မူရွှန်းတင့်၊ မားမားမြင့်၍
တင့်တယ်လှစွာ၊ သူပြန်လာသော်
ကြင်ယာသက်ထား၊ သူ့ မိဖုရားလျှင်
နောက်ပါးကပ်၍ လိုက်တော့သည်။

မုဆိုးသည် ဆင်စွယ် အယူသွားရန် သဘောတူ၏။ မိဖုရားလည်း မုဆိုးအတွက် လမ်းခရီး၌ ယူဆောင်ရမည့် လက်နက်ရိက္ခာ အစုံအလင်ကို ရှာဖွေပြင်ဆင် စီမံလေသည်။ ထိုအတွင်း မုဆိုးကို အိမ်သို့တစ်ပတ်ခန့်နေရန် ပြန်လွှတ်လေသည်။

ခုနစ်ရက်စေ့သော် မုဆိုးသည် မိဖုရားထံ ပြန်ရောက်လာခဲ့၏။ မိဖုရားလည်း မုဆိုးအား ခရီးလမ်း၌ပြုရမည့် ကိစ္စအဝဝကို ညွှန်ကြား ပြောဆိုလေသည်။ ထို့ပြင် လိုရာစားနပ်ရိက္ခာ၊ လွှန်ကြိုး၊ သံကက္ကူဆူး၊ သံမယ်န၊ သားရေထီး၊ သားရေအိတ် စသည်တို့ကိုလည်း ပေးလေသည်။

မုဆိုးလည်း ပစ္စည်းကိရိယာအစုံကို သားရေအိတ်ကြီးတွင် ထည့်ကာ ပခုံး၌ လွယ်လေသည်။ ထို့နောက် မင်းမိဖုရားတို့ ရှေ့တော်မှောက်မှ ရထားဖြင့် ထွက်ခွာခဲ့လေရာ နောက်ပါ အခြံအရံများက လိုက်ပို့ကြရ၏။ တောစပ်ရောက်သော် သူသည် တစ်ကိုယ်တည်း ဝင်ခဲ့လေသည်။

မုဆိုးသည် ဆဒ္ဒန်ဆင်မင်းစံပျော်ရာ ညောင်ပင်ကြီးသို့ ရောက်သည် အထိ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာမျှ သွားရသည်။ ခရီးကား ခက်ခဲလေစွ။ သူသည် မိဖုရားညွှန်ပြသည့်အတိုင်း ပြု၏။ သူသည် သစ်ပင်များကို ခုတ်လှဲရ၊ လမ်းများကို ထွင်ရ၊ ညွှန်များကို ဖြတ်ကျော်ရ၊ တောင်များကို တက်ရသည် ဖြစ်၏။ ရံဖန်ရံခါလည်း တောင်များမှ ဆင်းသောအခါ သားရေထီးကို လေထီး သဖွယ်ခို၍ စီးရသည်။ သူသည်

တောင်ထိပ်ကို လွန်ကြိုးတစ်စဖြင့် ချိတ်ဆွဲလျက် ကျန်ကြိုးတစ်စတွင် သားရေအိတ်ကိုချည်လျက် သားရေ အိတ်တွင်းသို့ဝင်ကာ ထီးကို ဖွင့်ရပေ၏။ ဤတွင် သူသည် တောင်အောက်သို့ ဦးစောက်မကျဘဲ လေကို ထိန်းနိုင်ကာ ညင်သာစွာ သက်ဆင်းနိုင်လေသည်။

နောက်ဆုံး၌ သူသည် ဆဒ္ဒန်ဆင်မင်းရေချိုးရာ အိုင်အနီးရှိ ညောင်ပင်သို့ ရောက်လေသည်။ ထိုနေရာတွင် သူသည် တွင်းတူး၊ တွင်းပေါ်တွင် ပျဉ်ချပ်တို့ကိုခင်းလျက် အပေါ်တွင် မြေမှုန့်တို့ကို ကြဲဖြန့်ထား၏။ သူသည် ရသေ့ ရဟန်းအသွင် ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ရုံ၏။ ထို့နောက် သူသည် တွင်းထဲဆင်း၍ ဆိပ်လူးမြားကို တွင်း၏အဖုံးရှိ အပေါက်ငယ်၌တင်ကာ စောင့်နေလေသည်။

မကြာမီ ဆဒ္ဒန်ဆင်မင်းသည် အန္တရာယ်ကိုမသိရှာဘဲ ရေချိုးဆင်းလာ၏။ တွင်းဝသို့ ရောက်လာသောအခါ မုဆိုးသည် အသင့်ချိန်ရွယ်ထားသော ဆိပ်လူးမြားဖြင့် ပစ်လိုက်လေသည်။ မြားဒဏ်ကြောင့် ဆင်မင်းမှာ အလွန်နာကျင်သော ဆင်းရဲဝေဒနာဖြစ်ကာ အော်ဟစ် မြည်ဟည်းလေ၏။ ဆင်အပေါင်းလည်း ပဲ့တင်သံပြု၍ အရပ်ရှစ်မျက်နှာသို့ ပြေးလွှားကြကုန်၏။ ထို့နောက် ဆင်မင်းသည် မုဆိုးကို ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ သတ်မည်ပြုလေ၏။ သို့ရာတွင် မုဆိုးသင်္ကန်း ဝတ်ရုံထားသည်ကို မြင်တွေ့ရသဖြင့် တွန့်ဆုတ်လိုက်ကာ ဤသို့ ဆိုလေသည်။

ဝင်းဝါတင့်ဆန်း၊ ရွှေသင်္ကန်းကို
ဆင်မြန်းသမှု၊ ထိုသူပြုလည်း
သူ့ဝယ် ကိလေသာ၊ စွန်းပေပါ၍
ရာဂမကင်း၊ ယိုယွင်းသစ္စာ

ပယ်ခွာ ဣန္ဒြေ၊ ကင်းမဲ့လေသော်
ရွှေဝါသက်န်း၊ ဝတ်ဆင်မြန်းရန်
ဆိုးသွမ်း ထိုသူ မထိုက်တန်။

ဆိုပြီးသော် "မုဆိုး၊ သင်သည် ဘယ်အတွက် ငါ့ကို သတ်သနည်း။ သင့်ဆန္ဒအရ သတ်သလော။ သို့မဟုတ် သူတစ်ပါး စေခိုင်း၍လော" ဟူ၍ မေးမြန်းလေသည်။

မုဆိုးသည် အကြောင်းစုံကို မခြွင်းမချန် ပြောပြပေ၏။ ဆင်မင်းလည်း ဝေဒနာကို သည်းခံကာ "မုဆိုး၊ ငါ၏အစွယ်ကိုယူ၍ မိဖုရားအား ပေးလော့။ စင်စစ် မိဖုရားသည် အစွယ်ကို လို၍မဟုတ်။ ငါ့ကို တမင်သတ်လို၍ စေခိုင်းခြင်း ဖြစ်သည်" ဟူ၍ ဆိုလေသည်။

တစ်ဖန် အစွယ်ကို မုဆိုး အလွယ်တကူ ဖြတ်ယူနိုင်ရန် လည်ကို ညွတ်ကာ ဦးစောက်ဝပ်၍ ပေးလေသည်။ ထိုအခါ မုဆိုးသည် ဆင်မင်း၏ တောက်ပြောင်သော ဦးခေါင်းထက်မှတစ်ဆင့် ဦးကင်းပေါ်သို့ တက်၏။ ခံတွင်းစွန်းကို ဒူးပုဆစ်ဖြင့်ကန်ကာ အရင်းမှနေ၍ အစွယ်ကို လွှဖြင့် ဖြတ်၏။ မုဆိုးသည် ကျင်လည်စွာ မဖြတ်နိုင်သောကြောင့် ဆင်မင်းမှာ ဝေဒနာကို မခံမရပ်နိုင်လောက်အောင် ခံစားရလေသည်။ နောက်ဆုံးတွင် ဆင်မင်းသည် အင်အားကုန်ခန်းကာ မုဆိုးအား သူ၏ နှာမောင်းကို မစေ၏။ ထိုနှာမောင်းတွင်းသို့ လွှကို ထည့်စေကာ မိမိကိုယ်တိုင် အစွယ်ကို ဖြတ်ပေး၏။ ထို့နောက် ဆင်မင်းသည် "အသင်မုဆိုး၊ ဤအစွယ်တို့ကို ငါ မနှစ်လို၍ လှူသည်မဟုတ်။ လူ နတ် ဗြဟ္မာတို့၏ စည်းစိမ်ကိုလည်း ရည်၍ ပေးလှူသည်မဟုတ်။ သဗ္ဗညုတဉာဏ်ကိုလို၍ ပေးလှူခြင်း ဖြစ်၏" ဟု ဆိုကာ ပေးလေသည်။ ပြီးသော် "သင် ခုနစ်နှစ်တိုင် လာရသောခရီးကို အစွယ်၏တန်ခိုးကြောင့် ခုနစ်ရက်တည်းဖြင့် ရောက်လတ္တံ့" ဟုဆို၍

ပရိတ် အရံအတားပြုပေးကာ မုဆိုးကို လွှတ်လိုက်၏။ မကြာမီ ဆင်မင်းသည် နေရာ၌ပင် လဲကျကာ သေဆုံးသွားရှာလေသည်။

မဟာသုဘဒ္ဒါနှင့် ဆင်အပေါင်းသည် ဆင်မင်းရှိရာသို့ ပြန်ရောက်လာကြ၏။ သူတို့သည် ဆင်မင်းသေလွန်သည်ကို တွေ့ရသော် ကြီးစွာသော မီးပုံကြီးကို ပြုကြလေသည်။ ထို့နောက် ဆင်ပျိုနှစ်စီးသည် ဆင်မင်း၏အလောင်းကို အစွယ်ဖြင့် မချီကာ မီးပုံပေါ်သို့တင်ပေး၍ မီးသင်္ဂြိုဟ်ကြလေသည်။ ပြီးသော် မဟာသုဘဒ္ဒါကို အမှူးပြုစေကာ ဆင်အပေါင်းသည် ဝမ်းနည်း ကြေကွဲစွာဖြင့် မိမိတို့ နေရာအရပ်သို့ ပြန်သွားကြလေသည်။

မုဆိုးသည် အပြန်ခရီး၌ ဆင်စွယ်များ၏ တန်ခိုးကြောင့် ခုနစ်ရက်မြောက်သောနေ့တွင် မိဖုရားထံ ပြန်ရောက်လာ၍ ဆင်မင်း၏အစွယ်တို့ကို ဆက်သ၏။ “အရှင်မိဖုရား၊ အကျွန်ုပ်သည် မိဖုရား၏ဆန္ဒကို ဖြည့်ခဲ့ပါပြီ။ ဆင်မင်းကို သတ်ခဲ့ပါပြီ” ဟူ၍လည်း လျှောက်ထားလေသည်။

မိဖုရားလည်း ကြီးမားလှသော ဆင်စွယ်တို့ကို ပေါင်ပေါ်တွင်တင်လျက် တစိမ့်စိမ့်ကြည့်လေသည်။ ထိုအခါ ကိုယ်ဟန်တင့်တယ်သော၊ ကရုဏာတရားရှိသော ခင်ပွန်းဟောင်း ဆင်မင်းကို တရေးရေး သတိရလာ၏။ မိမိ သတ်ရက်လေသည်ဟူ၍ တနုံ့နုံ့နောင်တရလာ၏။ သူသည် တသသ ပူဆွေးကာ နှလုံးကွဲ၍ သေပွဲဝင်လေ၏။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် အောက်ပါအတိုင်း ဇာတ်ပေါင်းတော်မူလေသည်။

သည်မြေပြင်ဝယ်
တုယှဉ်မရ၊ တင့်တယ်လှသည့်

ဝင်းပဖြူဖြူ၊ ဆင်စွယ်ဖြူကို
ဖြတ်ယူပြီးကာ၊ ပြည်ဗာရာသို့
ပြန်လာသုတ်သုတ်၊ ဇာတိယုတ်သည့်
မုဆိုးလူတော၊ လူညစ်ပေကား
ဒေဝဒတ်ပင် ဖြစ်တော့သည်။

သင်တို့နေ့စဉ်၊ တွေ့မြင်နေကျ
ရဟန်းမကား၊ ရှေးကမိုက်မှား
မိဖုရားတည့်
ငါကား တစ်မူ၊ ဆင်ဖြူဆဒ္ဒန်
ဆိပ်မြား ဒဏ်ခ၊ သေလွန်ရသည့်
ဘဝပျက်ခဲ့ သူပင်တည်း။

*

# မင်္ဂလာဆင်ဖြူတော်

တစ်နေ့သ၌ ရဟန်းများသည် ဗုဒ္ဓ၏ အတုမရှိ ဂုဏ်ကျေးဇူးတော်ကို ဒေဝဒတ် ငြူစူဝန်တိုပုံနှင့် ပတ်သက်၍ ပြောဆိုနေကြသည်။ ရဟန်းတို့အနီးသို့ ဗုဒ္ဓကြွချီတော်မူလာရာမှ ထိုအကြောင်းကို ကြားသိတော်မူလေသည်။ ဤတွင် ဗုဒ္ဓက "ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာ ငါ၏ အတုမရှိ ဂုဏ်ကျေးဇူးကို ငြူစူဝန်တိုခဲ့သည်မဟုတ်၊ ရှေးအခါကလည်း ပြုခဲ့ဖူးပြီ" ဟူ၍ မိန့်တော်မူကာ အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

*

တစ်ခါသော် ဗုဒ္ဓသည် ဆင်မျိုး၌ဖြစ်၏။ သူသည် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ၍ အဆင်းအင်္ဂါနှင့် အထူးပြည့်စုံ၏။ ထို့ကြောင့် မဂဓတိုင်းရာဇဂြိုဟ်ပြည်ရှိ မဂဓမင်း၏ မင်္ဂလာဆင်တော်အဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။

**စိတ်ကူးချိုချို**

တစ်ခုသော ပွဲတော်နေ့တွင် ဘုရင်သည် တင့်တယ်စွာဆင်ယင်အပ်သော မင်္ဂလာဆင်တော်ကို စီးနင်းကာ မြို့တော်ကို လှည့်လည်လေသည်။ လူအပေါင်းလည်း လမ်းပေါ်သို့ထွက်ကာ ကြည့်ရှုကြပေ၏။ ယခင်က ဤအခါမျိုးတွင် လူအပေါင်းသည် ဘုရင်ကိုသာ ချီးကျူးလေ့ရှိကြသည်။ ယနေ့မူကား သူတို့သည် မင်္ဂလာဆင်တော်ကိုသာ ချီးကျူးမဆုံး ရှိကြသည်။ “မင်္ဂလာဆင်ဖြူတော်သည် လှပတင့်တယ်ပါပေ၏။ အချိုးအစားကျပါပေ၏။ ကိုယ်ဟန်နေထား အံ့ဖွယ်ရာရှိပါပေ၏” စသည်ဖြင့် ပြောဆိုချီးကျူးကြသည်။ ဤသည်ကို ဘုရင်ကြားသော် မင်္ဂလာဆင်ဖြူတော်အပေါ် ငြူစူဝန်တိုခြင်း ဖြစ်လေသည်။ သို့ဖြင့် သူသည် ဆင်ဖြူတော်သေစေရန် ကြံစည်စီမံလေသည်။

ဘုရင်သည် ဆင်ဆရာကို ရှေ့တော်မှောက်သို့ ခေါ်ကာ “သင်၏ ဆင်ဖြူတော်ကို ကောင်းစွာလေ့ကျင့် သင်ကြားပြီးပြီလော” ဟူ၍ မေး၏။ ဆင်ဆရာကလည်း “အရှင်မင်းကြီး ကောင်းစွာလေ့ကျင့် သင်ကြားပြီးပါပြီ” ဟူ၍ ဆိုလေသည်။

ဤတွင် ဘုရင်သည် ဆင်ဖြူတော်ပေါ်မှ သက်ဆင်းကာ ဆင်ဆရာကို စီးစေ၍ မြင့်လှစွာသော တောင်ထိပ်သို့ အတက်ခိုင်းလေသည်။ ဆင်ဆရာကလည်း ဘုရင့်အမိန့်အတိုင်း ပြု၏။ ဘုရင်သည် စစ်သည်ဗိုလ်ပါတို့နှင့်အတူ နောက်က လိုက်လေသည်။

တောင်ထိပ်သို့ မင်္ဂလာဆင်တော် ရောက်သော် ဘုရင်က ဆင်ဆရာအား “သင်၏ ဆင်ဖြူတော်ကို ကမ်းပါးပြတ်၌ ရပ်စေလော့” ဟု ဆိုလေသည်။ ဆင်ဆရာကလည်း ဆင်ဖြူတော်အား ကမ်းပါးပြတ်၌ ရပ်စေ၏။ ထိုအခါ ဘုရင်က ဆင်ဖြူတော်အား ခြေသုံးချောင်းဖြင့်သာ ရပ်စေလော့ဟု ဆိုလေသည်။ ဆင်ဖြူတော်လည်း ခြေသုံးချောင်းဖြင့်ပင် ရပ်၏။ ဘုရင်က

တစ်ဖန် ရှေ့ခြေနှစ်ချောင်းဖြင့်သာ ရပ်စေလော့၊ နောက်ခြေနှစ်ချောင်းဖြင့်သာ ရပ်စေလော့ဟု အစဉ်အတိုင်း ဆိုလေသည်။ ဆင်ဖြူတော်သည် ဘုရင်ဆိုတိုင်း ပြု၏။

နောက်ဆုံး၌ ဘုရင်က ဆင်ဆရာအား "သင်၏ဆင်ဖြူတော်ကို ကောင်းစွာလေ့ကျင့်ပြီးဖြစ်မူ လေထဲတွင် ရပ်စေလော့" ဟူ၍ ဆိုလေသည်။

ဤအခါ၌ကား ဆင်ဆရာသည် "ဤမင်းကား မင်္ဂလာဆင်ဖြူတော်ကို တောင်ကမ်းပါး၌ကျ၍ သေစေလိုသည် ဖြစ်ရာ၏" ဟူ၍ ဆင်ခြင်မိလေသည်။ သူသည် ဆင်ဖြူတော်၏ နားရင်း၌ကပ်လျက် "အမောင် ဤမင်းသည် အမောင့်ကို သေစေလို၏။ အကယ်၍ အမောင်သည် ကောင်းကင်ဖြင့် သွားနိုင်အံ့၊ ငါ့ကိုယူ၍ ဗာရာဏသီပြည်သို့ သွားလေလော့" ဟူ၍ ဆိုလေသည်။

ထိုခဏ၌ပင် မင်္ဂလာဆင်တော်သည် ကောင်းကင်၌ တည်လေသည်။ ဆင်ဆရာသည် ဗာရာဏသီပြည်သို့ ထွက်ခွာခါနီးတွင် ဘုရင့်အား ဆင်ဖြူတော်နှင့် မထိုက်တန်၊ ဆင်ဖြူတော်သည် အခြားဘုန်းပညာနှင့် ပြည့်စုံသော မင်းနှင့်သာ ထိုက်တန်ပါသည်ဟု ပြောပြခဲ့လေသည်။

မကြာမီ ဆင်ဆရာနှင့် ဆင်ဖြူတော်သည် ဗာရာဏသီပြည်သို့ ရောက်ကြ၏။ သူတို့သည် မြေသို့ချက်ချင်း မသက်ဆင်းသေးဘဲ မင်းရင်ပြင်အထက်ရှိ ကောင်းကင်ပြင်၌ ရပ်တန့်နေလေ၏။ ထိုအခြင်းအရာကို လူအပေါင်းတို့မြင်သော် အုတ်အုတ်ကျက်ကျက် ဖြစ်လေသည်။ ဗာရာဏသီမင်းထံ လျင်မြန်စွာ သွားရောက် လျှောက်ထားလေသည်။

ဘုရင်ကလည်း ဆင်ဆရာနှင့် ဆင်ဖြူတော်အား သူ့ထံတွင်နေရန် ပြောကြားလေသည်။ ထို့နောက် မြို့တော်အလုံးကို တန်ဆာဆင်စေကာ ဆင်ဖြူတော်ကို လှည့်လည်ပြီး မင်္ဂလာဆင်တင်းကုပ်၌ ထားလေသည်။

ထိုမှုမကာ မြို့ကို သုံးစုခွဲ၍ တစ်စုကို မင်္ဂလာဆင်ဖြူတော်အား ပေး၏။ တစ်စုကို ဆင်ဆရာအားပေး၏။ ကျန်တစ်စုကိုသာ မိမိယူလေသည်။

မင်္ဂလာဆင်ဖြူတော်ရောက်လာဖြင့် ဗာရာဏသီမင်းမှာ ဘုန်းတန်ခိုးသြဇာ ပိုမို ကြီးမားလာကာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ ကေရာဇ် အဖြစ်သို့ ရောက်ရှိလေသည်။

*

ဗုဒ္ဓက အတိတ်ကိုဆောင်ပြီးနောက် ဒေဝဒတ်သည် မဂဓမင်း၊ ရှင်အာနန္ဒာသည် ဆင်ဆရာ၊ ရှင်သာရိပုတ္တရာသည် ဗာရာဏသီမင်း ဖြစ်သည်။ ငါဘုရားကား မင်္ဂလာဆင်ဖြူတော် ဖြစ်ပေသည်ဟူ၍ ဇာတ်ပေါင်းတော် မူလေသည်။

*

# တိုက်စိုး (၁၉၂၀-၂၀၀၃)

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက် (တနင်္လာနေ့)တွင် ဖျာပုံမြို့နယ်၊ သမိန်ထောရွာ၌ မြေပိုင်ရှင် အဖ ဦးဖိုး၀၊ အမိ ဒေါ်ငွေနုတို့ကမွေးဖွားခဲ့၊ အမည်ရင်း ဦးသန်းထွတ်။

၁၉၆၂-၃၆၊ သမိန်ထောရွာ မြန်မာအလယ်တန်းကျောင်း၊ ဖျာပုံအထက တို့တွင် (၉)တန်းအထိ။

၁၉၃၇-၃၈၊ အထက်တန်းကျောင်းသားဘ၀တွင် ရန်ကုန်မြို့မကျောင်းမှ ထုတ်ဝေသော သံသယုဝမဂ္ဂဇင်းတွင် စာစတင်ရေးခဲ့၊ ပထမဆုံးဖော်ပြခြင်းခံရသော စာမူမှာ **"ချစ်ဆွေများသို့"** စာမူဖြစ်ပြီး ကလောင်အမည်မှာ သန်းထွတ် (၁၁ ဆင့်/ဃ) ဖြင့် ရေးသား။

၁၉၃၈၊ ရန်ကုန်မြို့မ အမျိုးသားကျောင်းမှ (၁၀)တန်း အောင်မြင်သည်။ ၁၉၄၆၊ ရန်ကုန်တက္ကသိုလ်မှ **B.A.**(ဝိဇ္ဇာဘွဲ့) ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ နည်းပြဆရာအဖြစ် တာဝန်ထမ်း။

၁၉၄၇၊ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလန်နိုင်ငံ လဗ္ဗရာစက်မှု ကောလိပ် **(Lough-brough Cololege)** သို့ ပညာတော်သင်အဖြစ် အရွေးချယ်ခံရ။

၁၉၄၉၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနဆိုင်ရာ စာကြည့်တိုက်မှူး၊ ၁၉၅၀၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်လက်ထောက်၊ ၁၉၅၁၊ အင်္ဂလန်နိုင်ငံစာကြည့်တိုက်အသင်းမှ **A.L.A** ဘွဲ့ရသည်။ ရန်ကုန်တက္ကသိုလ်လက်ထောက် စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူ။

၁၉၅၂၊ ရာမခရစ်ရှနာမစ်ရှင်အဖွဲ့ စာကြည့်တိုက်ကော်မတီဝင်အဖြစ် တာဝန်ယူ၊ ၁၉၅၃ မြန်မာနိုင်ငံ သုတေသနအသင်း အမှုဆောင်အဖြစ်တာဝန်ယူ၊ ၁၉၅၅၊ အမျိုးသား စာကြည့်တိုက် အထူးအရာရှိအဖြစ် တာဝန်ယူ။

၁၉၅၆၊ ဝိဇ္ဇာဘွဲ့ (ဥပဒေ)ရသည်။ ဥရောပ၌ စာကြည့်တိုက်ပညာဆက်လက်လေ့လာ။

၁၉၆၀၊ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူ။ ငွေတာရီအမှတ် (၁) (ဇူလိုင် ၁၉၆၀) မှစ၍ **"တိုက်စိုး"** အမည်ဖြင့် ဝေဖန်ရေးဆောင်းပါးများ စတင်ရေးသား။

၁၉၆၄၊ အနုပညာစာပေဆိုင်ရာ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်။

၁၉၆၅၊ ရန်ကုန်စက်မှုလက်မှုကျောင်း အထွေထွေဌာနမှ ဆရာမ ဒေါ်မြင့်မြင့်သန်း (စာရေးဆရာမ တက္ကသိုလ်မြစိမ်း) နှင့် လက်ထပ်၊ မင်းယုဝေနှင့် တွဲဖက်၍ **မြန်မာစာမိတ်ဖွဲ့** (ပ-တွဲ) ပထမဦးဆုံးလုံးချင်းစာအုပ်ကို ရေးသား ထုတ်ဝေ။ ၁၉၆၆ **မြန်မာစာမိတ်ဖွဲ့** (ဒု-တွဲ)

၁၉၆၇ **စာဆိုနှင့်သုတေသီ** (မင်းယုဝေနှင့် တွဲဖက်ရေး) ထုတ်ဝေ။

၁၉၇၀၊ **မင်းနှင့်စာဆို** ကို ထုတ်ဝေ။

၁၉၇၁၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာန (ယခုစာကြည့်တိုက်နှင့် သုတေသနပညာဌာန) စတင်ဖွင့်လှစ်သောအခါ ရည်ညွှန်းဘာသာရပ်ကို အချိန်ပိုင်း

ကထိကအဖြစ် ၁၉၈၈ ခုနှစ်အထိ ပို့ချ။

၁၉၇၂၊ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက် **မင်းတုန်းမင်း** ကိုထုတ်ဝေ။

၁၉၇၄၊ **မှော်ဘီဆရာသိန်း၊ စာကိုး စကားကိုး၊ ဦးဖိုးကျားနှင့် ပီမိုးနင်း။** ၁၉၇၅ **တိုက်စိုးစာ တိုနုံ့နုံ့ကို** ထုတ်ဝေ။

၁၉၇၆ **ဗုဒ္ဓဘာသာ အနုပညာနိဒါန်း** ထုတ်ဝေ။

၁၉၇၇ မြန်မာနိုင်ငံ သုတေသနအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်။

၁၉၇၈၊ **ဂျူဗလီဟောမြင်ကွင်းကို** ထုတ်ဝေ၊ ၁၉၈၁ **ရောဝတီ** ကိုထုတ်ဝေ။

၁၉၈၂၊ ယဉ်ကျေးမှုဗျမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်မှ အငြိမ်းစား ယူသည်။ အငြိမ်းစားမယူမီအထိ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ နော်ဝေ၊ ဒိန်းမတ်၊ အိန္ဒိယ၊ တရုတ်စသည့်နိုင်ငံများသို့ လေ့လာရေးသွားရောက်ခဲ့။ **စန္ဒကိန္နရီနှင့် အခြားဇာတ်ဝတ္ထုများ** ကို မင်းယုဝေနှင့်တွဲဖက်ထုတ်ဝေ။

၁၉၈၃၊ အငြိမ်းစားယူပြီးနောက်ပိုင်း ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာ ဌာန အချိန်ပိုင်းကထိက၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်နှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန ပြင်ပစာစစ်၊ မြန်မာ့သမိုင်းအဖွဲ့ဝင် (၁၉၈၅ မှ ယနေ့အထိ) တာဝန်များကို ဆက်လက်ထမ်း ဆောင်၊ **မြန်မာစာပေစာစုစာရင်း** ကို ဦးသော်ကောင်း၊ ဒေါ်စမ်းစမ်းမေတို့နှင့် တွဲဖက်ထုတ်ဝေ။

၁၉၈၆ **ယဉ်ကျေးမှုအထိမ်းအမှတ်များ** ထုတ်ဝေ။

၁၉၉၃၊ ပခုက္ကူဦးအုံးဖေစာပေဆုအဖွဲ့ဝင်ဖြစ်။

၁၉၆၆၊ **မင်္ဂလာပါဆရာမ** အမျိုးသားစာပေ (ဘာသာပြန်ရသ) ဆုရ။

၁၉၈၈၊ ထိုင်းနိုင်ငံ၊ ချူဆာလောင်ကောင်တက္ကသိုလ်၌ မြန်မာယုံကြည်မှုနှင့် အထိမ်းအမှတ်များစာတမ်း **(Beliefs and Symbols ion Myanmar Society)** ဖတ်၊ ၁၉၉၉၊ ပခုက္ကူဦးအုံးဖေ၏ "တစ်သက်တာစာပေဆု" ကို ရရှိခဲ့၊

၂၀၀၀၊ **ဇေယျ** အမျိုးသားစာပေ (စာပဒေသာ) ဆုရ။

၂၀၀၁ **မင်္ဂလာနှင့် အခြားအစမ်းစာများ၊ လိပ်ပြာနှင့် အစမ်းစာများ။**

၂၀၀၃၊ **ဂန္ထဝင်စာဆိုပညာရှင်လေးဦး၊** စာအုပ်များထုတ်ဝေ။

အမှတ် (၂၇)၊ ရွှေခင်းသာလမ်း၊ ၃ (ခ) ရပ်ကွက်၊ တောင်ဥက္ကလာပတွင် ဇနီးဖြစ်သူ စာရေးဆရာမ တက္ကသိုလ်မြစိမ်းနှင့် နေထိုင်ရင်း နောက်ဆုံးအချိန်ထိ သမိုင်းဆိုင်ရာ၊ အနုပညာ၊ ဗုဒ္ဓဘာသာနှင့် အတ္ထုပ္ပတ္တိဆိုင်ရာစာပေများကိုရေးသားခဲ့ စာပေဆိုင်ရာ သုတေသန လုပ်ငန်းများကိုလည်း ဝေဒနာကိုအန်တုရင်း အပတ်တကုတ် ဆောင်ရွက်ခဲ့။ ၂၀၀၃ ခုနှစ် မေလ ၄ ရက် ညနေ ၅ နာရီအချိန်တွင် ကွယ်လွန်သည်။

ကွယ်လွန်ပြီးသည့်နောက် **ဝသုန္ဒရီ** စာအုပ် ထွက်ရှိခဲ့သည်။

*



တိုက်စိုး

မင်းယုဝေ

မြန်ဆိုသည့်

# စန္ဒကိန္နရီ

နှင့် ဗုဒ္ဓဝင်ဇာတ်တော်များ ၂၅ ပုဒ်

